


www.burmeseclassic.com

www.burmeseclassic.com

ဒါဆိုက . ဆရာကြီးတင်မိုးပါ
အပေါ့မှ ....
ဦးဆရာကြီး လိုတော့
မတိုး: ကိုသင်ကြောတယ်

www.burmeseclassic.com



# ဇာတ်ကောင်-၁

| | |
|---|---|
| အမည်ရင်း | - တုတ်ကြီး (ခ) အောင်မြင့် |
| အနုပညာအမည် | - ညချမ်း |
| အမည်ပြောင် | - အပုပ်ချိန် |
| အသက် | - (၂၁) နှစ် |
| အလုပ်ကိုင် | - မော်ဒယ်နှင့်သရုပ်ဆောင် |
| ဝါသနာ | - အနုပညာအလုပ်များအကုန် |
| အကျင့်စရိုက် | - ဘဝင်မြင့်တတ်ခြင်း |
| ဝမ်းအသာဆုံးနေ့ | - ရုပ်ရှင်ကားတစ်ခုတွင် ဖြတ်လျှောက်အဖြစ် ပါဝင်ခွင့်ရသောနေ့ |
| ဝမ်းအနည်းဆုံးနေ့ | - ဟယ်ရီပေါ်တာဇာတ်သိမ်းပိုင်းကြည့်နေစဉ် မီးပျက်သွားသောနေ့ |
| အနာဂတ်ရည်မှန်းချက် | - ဟောလီဝုဒ်တွင် အင်ဂျလီနာဂျိုလီနှင့် တွဲဖက်၍ မြန်မာ့ရုပ်ရှင်လောကတွင် အောင်မြင်ကျော်ကြားခဲ့သော "မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်" ဇာတ်ကားအား ပြန်လည်ရိုက်ကူးရန်။ |

www.burmeseclassic.com



# ဇာတ်ကောင်-၂

အမည်ရင်း - ဖိုးလမင်း
အမည်ပြောင် - လငပုပ်(ခ)အလောင်းစည်သူ
အသက် - (၂၇)နှစ်
အလုပ်အကိုင် - ဆရာဝန်
ဝါသနာ - ဆေးကုခြင်း
အကျင့်စရိုက် - ဒေါသအလွန်ကြီးသည်
ဝမ်းအသာဆုံးနေ့ - ဆေးခန်း၌ လူစည်သောနေ့
ဝမ်းအနည်းဆုံးနေ့ - ဆေးရုံ၌ လူစည်သောနေ့
အနာဂတ်ရည်မှန်းချက် - မိန်းမများအစား ယောကျ်ားများ က ကလေးမွေးပေးနိုင်သော ကုထုံး သစ်ကို ဖော်ထုတ်ရန်။

www.burmeseclassic.com



# ဇာတ်ကောင်-၃

အမည်ရင်း - ဝင့်ကြွား
အမည်ပြောင် - ကော်တရာကပ်စေး
အသက် - ၃၂ နှစ်
အလုပ်အကိုင် - ကုမ္ပဏီပိုင်ရှင်
ဝါသနာ - ပိုက်ဆံရေရခြင်း
အကျင့်စရိုက် - အလွန်ကပ်စေးနည်းသည်
ဝမ်းအသာဆုံးနေ့ - ပိုက်ဆံ (၅၀) ကောက်ရခဲ့သောနေ့
ဝမ်းအနည်းဆုံးနေ့ - ဘတ်(စ်)ကားတိုးစီးစဉ် ကားစပယ်ယာမှ အကြွေတစ်ရာ ပြန်မအမ်းဘဲ မေ့ချင်ယောင်ဆောင်သွားသောနေ့
အနာဂတ်ရည်မှန်းချက် - ကမ္ဘာ့အချမ်းသာဆုံးသူဌေးများစာရင်းတွင် one to ten ဝင်ရန်

www.burmeseclassic.com



# ဇာတ်ကောင်-၄

အမည်ရင်း - ခွေးဖြူမ (ခ) မြင့်မြင့်အေး
အနုပညာအမည် - သံစဉ်လှလှ
အမည်ပြောင် - ဖြူဖြူမေခလာကော်သျှီ
အသက် - (၂၁)နှစ်
အလုပ်အကိုင် - အဆိုတော်
ဝါသနာ - သီချင်းဆိုခြင်း
အကျင့်စရိုက် - အကြွားသန်ခြင်း
ဝမ်းအသာဆုံးနေ့ - စလင်းဒီယွန် ကလေးအမွှာပူးမွေးသောနေ့
ဝမ်းအနည်းဆုံးနေ့ - Pop ဘုရင် မိုက်ကယ်ဂျက်ဆင်သေသောနေ့
အနာဂတ်ရည်မှန်းချက် - Grammy ဆုပေးပွဲစင်မြင့်ပေါ်တွင် အဆိုတော် လေဒီဂါဂါနှင့် တွဲဖက်၍ "အသီးတစ်ရာ အညှာတစ်ခု" သီချင်းအား ဖျော်ဖြေခွင့်ရရန်။

www.burmeseclassic.com



# ဇာတ်ကောင်-၅

အမည်ရင်း - ကြက်သွေးညို
ကလောင်အမည် - လွန်းပုညလမင်း
အသက် - ၂၅ နှစ်
အလုပ်အကိုင် - စာရေးဆရာမ
ဝါသနာ - စာရေးခြင်း
အကျင့်စရိုက် - စိတ်ကူးအလွန်ယဉ်ခြင်း
ဝမ်းအသာဆုံးနေ့ - ဂျာနယ်တစ်စောင်တွင် သူမ၏ ကလောင်အမည် စတင်ဖော်ပြခံရစဉ်။
မှတ်ချက် ။ ။ သူငယ်ချင်းတစ်ယောက်အတွက် မွေးနေ့ဆုတောင်းလွှာ ထည့်ပေးခြင်းဖြစ်သည်။
ဝမ်းအနည်းဆုံးနေ့ - သူမ မှီငြမ်းဝတ္ထုရေးသားမည့် ကုလားကားတစ်ကားအား နိုင်ငံကျော်မြန်မာဒါရိုက်တာတစ်ဦးက သူမအရင် လက်ဦးမှုရယူကာ ရုပ်ရှင်ဇာတ်ကားရိုက်ပစ်လိုက်ခြင်း ကို သိခဲ့ရသောနေ့။

 တွံ့ခွန်တိုင်းစာပေ

အနာဂတ်ရည်မှန်းချက် - တိုင်တန်းနစ်နှင့် Avata ဇာတ်ကားတို့ကို ဖန်တီးခဲ့သော ကမ္ဘာကျော်ဒါရိုက်တာ ဂျိမ်းကင်မရွန်းအတွက် သိပ္ပံလောကနောက်ခံအချစ် ဖန်စီ ရိုမန့်(စ်) ဒရာမာအက်ရှင် ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတစ်ခုရေးပေးခွင့်ရရန်။
ထိုဇာတ်လမ်းတွင် သွေးစုပ်ဖုတ်ကောင်နှင့် တစ္ဆေ၊ သရဲများလည်း ပါရမည်။



www.burmeseclassic.com



# ဇာတ်ကောင်-၆

အမည်ရင်း - ခင်ခင်လှအောင်
အမည်ပြောင် - သာ့လိကာမ
အသက် - ၃၂-နှစ်
အလုပ်အကိုင် - ပွဲစား
ဝါသနာ - အတင်းတုပ်ခြင်းနှင့် ဘောလုံးပွဲကြည့်ခြင်း
အကျင့်စရိုက် - အလွန်စကားများသည်
ဝမ်းအသာဆုံးနေ့ - ကမ္ဘာကျော်ဘောလုံးသမား စီရော်နယ်ဒို ရွှေဘောလုံးဆုရသောနေ့
ဝမ်းအနည်းဆုံးနေ့ - ဘောလုံးပွဲများတွင် စီရော်နယ်ဒို ဂိုးမသွင်းနိုင်သောနေ့
အနာဂတ်ရည်မှန်းချက် - ဥရောပ ဘောလုံးလောကတွင် ဘောလုံးသမား အရောင်းအဝယ်ကိစ္စများ၌ နာမည်ရပွဲစားတစ်ယောက် ဖြစ်လာရန်။

www.burmeseclassic.com







# အတွဲ (၁)

## ညချမ်းနှင့် ဘဲဥလှလှ

□□□

ကားဘောနပ်ပေါ်မှာထိုင်ရင်း ညချမ်းတစ်ယောက် နောက်ရိုက်မယ့် ဇာတ်ကားအတွက် အတွေးနယ်ချဲ့နေမိတယ်။ နောက်ရိုက်မယ့်ဇာတ်ကားက ကုလားကားတစ်ကားကို ပြန်ရိုက်မှာဆိုတော့ အဲဒီဇာတ်ကားထဲမှာပါတဲ့ ကုလားမင်းသားရဲ့ ဒိုက်တင်ဝ်တွေနဲ့ မတူအောင် လုပ်ပြနိုင်ဖို့က သူ့အတွက် အရေးကြီးဆုံးပဲ။ မှီငြမ်းမယ့် ကုလားကားကိုလည်း ဆယ်ခေါက်ထက်မနည်း ကြည့်ထားပြီးသားဆိုတော့ ဇာတ်လမ်းဇာတ်ကွက်တွေက ခေါင်းထဲမှာ အလွတ်ရနေပြီ။

www.burmeseclassic.com



ဘယ်ဇာတ်ကွက်မှာတော့ ဘယ်လိုလုပ်လိုက် မယ်၊ ဘယ်နေရာမှာတော့ ဘယ်လိုကြည့်လိုက်မယ်၊ ပြီးတော့ မူရင်းကုလားမင်းသားဝတ်ထားတဲ့ အဝတ်အစားတွေထက်သာအောင် ဘယ်လို Brand တွေကို ဝတ်လိုက်မယ် . . . စသည်ဖြင့် တွေးနေတုန်းမှာပဲ သူ့ကားနားကို ကားတစ်စီး ထိုးဆိုက်လာတယ်။ ကားထဲက ဆင်းလာသူက သူ့ချစ်သူ သံစဉ်လှလှလေ။

"နောက်ကျလိုက်တာကွာ၊ ချိန်းထားတာက လေးနာရီ၊ အခု ငါးနာရီတောင်ထိုးပြီးနေပြီ"

"သံစဉ်လည်း စောစောထွက်လာမလို့ပဲ ကိုရဲ၊ ဒါပေ မယ့်လာကာနီးမှာ "ဖွလိုက်မယ်ဂျာနယ်"က အင်တာဗျူးလာလုပ်နေလို့ ကြာသွားတာ"

"ဘာတွေ မေးသေးလဲ"

"ဩော် . . . ထုံးစံအတိုင်းပေါ့၊ ချစ်သူရှိပြီလား၊ ဘာလားပေါ့ ကိုရဲ"

"သံစဉ်က ဘယ်လိုဖြေခဲ့လဲ"

"ကိုကလည်း၊ သိရဲ့သားနဲ့၊ ထုံးစံအတိုင်း မရှိသေးပါဘူး၊ အနုပညာအလုပ်တွေကို ဦးစားပေးနေရလို့ အချစ်အကြောင်း မစဉ်းစားအားသေးဘူးလို့ပဲ ဖြေခဲ့တာပေါ့"

"ကောင်းတယ် . . . ကောင်းတယ်၊ ကိုယ့်ကိုလည်း







မနေ့က မဂ္ဂဇင်းတစ်ခုက အင်တာလာဗျူးတော့ သံစဉ်လို့ပဲဖြေလိုက်တယ်"

နှစ်ယောက်သား ရယ်လိုက်ကြတယ်။ နောက်တော့ သူတို့နှစ်ယောက် စကားတွေအကြာကြီး ပြောကြတယ်။ သူတို့နှစ်ယောက် ချိန်းတွေ့နေတဲ့ နေရာကတော့ မြို့ပြင်က လူပြတ်တဲ့နေရာမှာလေ။

□□□

www.burmeseclassic.com



နောက်တစ်ပတ်ခန့်အကြာမှာတော့ သူတို့နှစ်ယောက် မြို့ပြင်မှာပဲ ထပ်ဆုံဖြစ်ကြတယ်။ ဒီတစ်ခါ ဆုံတွေ့ခြင်းကတော့ အပြုံးတွေနဲ့ မဟုတ်ဘူး။ တစ်ယောက်ကိုတစ်ယောက် ရန်လိုမုန်းတီးတဲ့အကြည့်တွေနဲ့ မာန်ဖီလျက်။

ညချမ်းက ဂျာနယ်တစ်စောင်နဲ့ သံစဉ်လှလှရဲ့ ရင်ဘတ်ကို ပစ်ပေါက်လိုက်ရင်း . . .

"ဒီဂျာနယ်ထဲမှာ မင်းဖြေထားတာ ကောင်းသလား . . ဟမ်၊ ဘာတဲ့ . . . ကျွန်မနဲ့ တန်တဲ့ယောကျ်ား ဒီကမ္ဘာမှာ မမွေးသေးပါဘူးတဲ့၊ ဟုတ်လား . . . ဒါဆို ငါက ဘာဖြစ်သွားမလဲ၊ ပြောစမ်းပါဦး"

ညချမ်းက ဒီလိုပြောတော့ သံစဉ်လှလှကလည်း မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်ရင်း . . .

"ရှင်ကရော . . . ရှင်ကရော ဘာထူးလို့လဲ၊ ဒီမဂ္ဂဇင်းထဲမှာ ရှင် ဘယ်လိုဖြေထားသလဲ၊ ပြန်ဖတ်ကြည့်ဦး . . . ရော့"







ဆိုပြီး လက်ထဲက မဂ္ဂဇင်းစာအုပ်ကြီးနဲ့ ညချမ်းရဲ့ ရင်ဘတ်ကို ပစ်ပေါက်ထည့်လိုက်တယ်။ ညချမ်းတုန်းက သံစဉ်လှလှကို ဂျာနယ်လေးနဲ့ ပစ်ပေါက်တာဆိုတော့ သံစဉ်လှလှ ဘယ်လိုမှမနေဘူး။ သံစဉ်လှလှကကျတော့ ညချမ်းကို quality မဂ္ဂဇင်းအထူကြီးနဲ့ ပစ်ပေါက်လိုက်တာဆိုတော့ ညချမ်းခမျာ "အွတ်"ခနဲမြည်ပြီး ပက်လက်ကို လန်သွား တယ်။ ဒီတော့ သံစဉ်လှလှက လက်ဝှေ့ကြိုးဝိုင်းထဲမှာ ပြိုင်ဘက်ကို အလဲထိုးလိုက်နိုင်တဲ့ လက်ဝှေ့သမားတစ်ယောက်ရဲ့ အကြည့်မျိုးနဲ့ ညချမ်းကို ခါးထောက်ငုံ့မိုးကြည့်လိုက်ရင်း . . .

"အဲဒီမဂ္ဂဇင်းထဲမှာ ရှင်ဖြေထားတာကိုရော မေ့နေပြီလား၊ ဘာတဲ့ . . . ကျွန်တော် ဒီအသက်အရွယ်ရောက်တဲ့အထိ စွဲမက်စရာကောင်းတဲ့ မိန်းကလေးမျိုးကို မတွေ့ခဲ့ဖူးသေးပါဘူးတဲ့လေ၊ ပြီးတော့ ကျွန်တော်က တော်လေးဝဝင် မိန်းမမျိုးကိုမှ လက်ထပ်မှာတဲ့၊ ရှင်က ဘာကြီးမို့လို့လဲ၊ ရှင့်ကိုယ်ရှင် ဘုရားအလောင်း များ မှတ်နေလား . . . ဟွန်း . . . ဒါရိုက်တာတွေ၊ ပရိုဂျူဆာတွေကို လာဘ်ထိုးပြီး မင်းသားဖြစ်လာတဲ့ သူကများ"

ဒီလိုပြောတော့ ညချမ်းကလည်း လဲကျနေရာကနေ ငေါက်ခနဲ ပြန်ထရပ်လိုက်ပြီး . . .

www.burmeseclassic.com



“မင်းကရော . . . မင်းကရော ဘာထူးလို့လဲ၊ လင်းတလည်ပင်းကို ဂဏန်းညှပ်လို့ အော်လိုက်တဲ့ အသံမျိုးနဲ့ ပိုက်ဆံရှိလို့ အဆိုတော်ဖြစ်လာတာ မဟုတ်ဘူးလား”

“ရှင် ဘာစကားပြောတာလဲ”

“ကြားတဲ့အတိုင်းပဲ . . .”

စကားနိုင်လုရင်းကနေ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းတိုးကပ်သွားတဲ့အထိ အကြည့်ချင်း ပြိုင်ကြတယ်။ အကြည့်တွေက နဂါးမျက်စောင်းလို မီးဟုန်းဟုန်းတောက်လို့။

“မင်းနဲ့ငါ ပြတ်ပြီ”

“ရှင့်ကိုလည်း ကျွန်မ ဖြတ်လိုက်ပြီ”

နောက်တော့ နှစ်ယောက်သား ကျောခိုင်းလိုက်ကြတယ်။ ရုပ်ရှင်မင်းသားနဲ့ အဆိုတော်မလေးတို့ရဲ့ အချစ်ဇာတ်လမ်းက လူမသိသူမသိ စ,ခဲ့ပြီး လူမသိသူမသိဘဲ ပြီးသွားခဲ့ပြီ။

□□□







အတွဲ (၁) လမ်းခွဲပြီးနောက် အကြွင်းအကျန်များ

ချစ်သက်တမ်း - (၆)လ၊ (၁၅)ရက်နှင့် (၁၄)နာရီ (၅၂)မိနစ်
အနမ်းပေါင်း - (၈၈) ချက်

□□□

www.burmeseclassic.com







# အတွဲ (၂)

## ဖိုးလမင်းနှင့် လွန်းပုညလမင်း

□□□

လူငယ်စာရေးဆရာမလေး လွန်းပုညလမင်းက ပတ်ဝန်းကျင်ကို မေ့တဲ့အထိ စာဖတ်ခြင်းမှာ စိတ်ဝင်စားနေခဲ့တယ်။ ဘယ်လောက်တောင် စိတ်ဝင်စားနေသလဲဆို သူမ ရှေ့ကခုံမှာ သူမချစ်သူရောက်နေခဲ့တာကိုတောင် သတိမထားမိလိုက်တဲ့ အထိပင်။ ဖိုးလမင်းကလည်း အသံမပေးဘဲ ထိုင်နေရင်း သူမ ဘယ်လောက်ကြာမှ သူ့ကို သတိထားမိမလဲဆိုတာကို စောင့်ကြည့်နေခဲ့တယ်။

www.burmeseclassic.com







ဆယ့်ငါးမိနစ်လောက်ကြာသွားတော့မှ သူ့မအကြည့်က သူ့ဆီ ရောက်သွားတယ်။ ဒီတော့မှ သူမက တဖွဲ့တသြနဲ့ ပါဝါမျက်မှန်လေးကို ပင့်တင်လိုက်ကာ . . .

"ဟယ် . . . ဖိုးလ၊ ဘယ်တုန်းက ရောက်နေတာလဲ"

"တော်တော်ကြာပြီ၊ ဘာစာအုပ်မို့လို့ ကိုယ့်ချစ်သူတစ်ယောက်လုံးရောက်နေတာကိုတောင် မသိရတာလဲ လမင်းရယ်"

လွန်းပုညလမင်းက သဘောတကျပြုံးလိုက်ကာ လက်ထဲက စာအုပ်ကို ဖိုးလမင်းဘက်သို့ ထောင်ပြလိုက်ပြီး . . .

"ဒီမှာလေ၊ သန်းမြင့်အောင်ရဲ့ လက်ရွေးစင်ဝတ္ထုတိုများ စာအုပ်၊ အရေးအသားတွေက အရမ်းကောင်းတော့ မျောသွားတာ ဖိုးလရဲ့"

"သန်းမြင့်အောင်!"

"အင်း . . ."

"အဲဒီစာရေးဆရာ မကြားဖူးပါဘူး"

"ဟာ . . . ဘာတွေလျှောက်ပြောနေတာလဲ ဖိုးလရဲ့ သန်းမြင့်အောင်ဆိုတာ ယောကျ်ားမဟုတ်ဘူး၊ မိန်းမပါ"

"ဟင် . . . ဟုတ်လား၊ ကိုယ်က ယောကျ်ားမှတ်လို့"

"ကြည့်ပါလား၊ ဖိုးလ စာဖတ်တယ် . . . မဖတ်ဘူးဆိုတာ အရမ်းသိသာတာပဲ"

"ဪ . . . လမင်းကလည်း၊ ကိုယ်က ဆရာဝန်ဆိုတော့ ဆေးပညာရပ်နဲ့ ပတ်သက်တာတွေပဲ ဖတ်ဖြစ်တာလေ၊ တစ်ခါတလေတော့ အပြင်စာတွေဖတ်ဖြစ်ပါတယ်၊ ကိုယ် အရမ်းကြိုက်တဲ့ စာရေးဆရာမတစ်ယောက်တောင် ရှိသေးတယ်"

"ဟုတ်လား . . . ဘယ်သူလဲ"

"လွန်းပုညလမင်းလေ"

"ဟာကွာ . . . ဒီက အကောင်းပြောတယ်မှတ်လို့"

"အကောင်းပြောတာပဲလေ၊ ကြိုက်လွန်းလို့ ချစ်သူတောင် တော်ထားတာ ကြည့်ပါလား၊ ဟား . . . ဟား . . ."

နှစ်ယောက်စလုံးရဲ့ ရယ်သံက ကော်ဖီဆိုင်လေးထဲမှာ ပျံ့လွင့်သွားတယ်။ ချစ်သူဘဝဆိုတာက ချစ်နေကြတုန်းတော့ အခုလို ပျားရည်မြစ်ကလေးပေါ့။

□□□

www.burmeseclassic.com



ဒီနေ့ ဆေးရုံမှာ သူ့မိတ်ဆွေတစ်ယောက် ဆုံးသွားတယ်။ Heart attack ဖြစ်ပြီး ဆုံးသွားတာ။ ဖြစ်တာက အပြင်မှာဖြစ်လာတာဖြစ်ပြီး ဆေးရုံကို သူ့ဂျူတီချိန်မှာ ရောက်လာခဲ့ပေမယ့် နောက်ကျနေပြီ။ ဆေးရုံကိုရောက်လာတော့ အသက် မပါတော့ဘူး။ မနေ့ကတောင် သူနဲ့ ဖုန်းထဲမှာ စကားတွေ အကြာကြီး ပြောခဲ့ကြသေးတာပါ။ ဒီနေ့ကျတော့ သူ မရှိတော့ဘူး။ ဘယ်လောက်တုန်လှုပ်ဖို့ကောင်းတဲ့ ကံကြမ္မာလဲ။

အဲဒီစိတ်နဲ့ တစ်နေ့လုံး နေလို့ထိုင်လို့မရ။ အဲဒါကြောင့် သူက စိတ်ပြေလက်ပျောက်ဖြစ်အောင်ဆိုပြီး သူ့ချစ် သူ လွန်းပုညလမင်းကို တွေ့ဖို့ ချိန်းလိုက်တာ။ ဒါကို လွန်းပုညလမင်းက မသိဘူး။ သူမချစ်သူ မျက်နှာမသာမယာဖြစ်နေတာကို အကဲမခတ်တတ်တော့ အရင်နေ့တွေကလို သူမရဲ့







စာတွေကဗျာတွေ အကြောင်းကိုပဲ ပြောနေခဲ့တယ်။

"ဖိုးလ . . . မနေ့ညက လမင်း ကဗျာတစ်ပုဒ်စပ်ထားတယ် သိလား၊ ကဗျာနာမည်က (စိတ်တွေများတဲ့ရာသီ) တဲ့၊ လမင်း ရွတ်ပြမယ်၊ နားထောင်နော်"

ဆိုပြီး လွန်းပုညလမင်းက "အဟမ်း . . . အဟမ်း" လို့ လည်ချောင်းအရင်ရှင်းတယ်။ နောက်မှ ကဗျာ ကို စ,ရွတ်တယ်။

"တိမ်တွေကို လက်နဲ့ဖယ်ကြည့်တော့ . . .
အထဲမှာ အလွမ်းတွေ သတိလစ်နေတယ် . . .
သစ်ရွက်တွေ မေ့မျောနေလိုက်ပုံများ
ကိုယ်တောင် အသက်ရှူမဝဘူး . . .
ခုတင်တစ်လုံးပေါ်မှာ ပိတ်ဖြူနဲ့အုပ်ထားတာ . . .
နှလုံးသားတစ်ခုလား . . ."

လွန်းပုညလမင်းက သူမစပ်ထားတဲ့ကဗျာကို သံနေသံထား၊ လက်ဟန်ခြေဟန်တွေနဲ့ ရွတ်ပြနေတာ။ ဒါကို မျက်မှောင်ကြီးတွန့်ပြီး ကြည့်နေတာက ဖိုးလမင်း။ ဒါပေမယ့် ဒီအထိတော့ ဘာမှ ပြဿနာမရှိသေးဘူး။ ပြဿနာက ကဗျာ နောက်တစ်ပိုဒ်မှစ,တာ။

"ဒါမှမဟုတ် . . .
မေတ္တာတွေက ရေခဲတိုက်ထဲမှာလား . . .

www.burmeseclassic.com



ငါဟာ ခပ်ညံ့ညံ့ဆရာဝန်တစ်ယောက်ဖြစ်လေတော့
အချစ်ကို အသက်ဆက်ပေးဖို့
မဖြစ်နိုင်ပါလားကွယ် . . .
ဒါမှမဟုတ် . . .
အကြင်နာတွေကို မြေမြှုပ်လိုက်ရပြီလား
ငါဟာ ခပ်ညံ့ညံ့ဆရာဝန်တစ်ယောက်ဖြစ်လေတော့
အချစ်ကို အသက်ရှူအောင် မစွမ်းဆောင်နိုင်ပါလား
ကွယ်
ဒါမှမဟုတ် . . .
မီးသဂြိုဟ်စက်ထဲမှာ ပြာကျသွားတာ မေတ္တာတွေလား
ငါဟာ ခပ်ညံ့ညံ့ဆရာဝန်တစ်ယောက်ဖြစ်လေတော့"

"လွန်း . . . ပုည . . . လမင်း!"

ဖိုးလမင်းဆီက သူမနာမည်ကို တစ်လုံးချင်း အော်လိုက်တဲ့ အသံအကျယ်ကြီးကြောင့် ကဗျာရွတ်တာက တို့လို့တန်းလန်းနဲ့ ရပ်သွားတယ်။ သူမက သူ့ရှေ့မှာ ဟိုဘက်လျှောက်လိုက်၊ ဒီဘက်လျှောက်လိုက်နဲ့ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လက်ဟန်ခြေဟန်တွေနဲ့ ကဗျာရွတ်နေတာဆိုတော့ ကဗျာလည်းရပ်ရော လက်နှစ်ဖက်ကလည်း လေထဲမှာ ဆန့်ဆန့်ကြီးရပ်နေပြီး အောက်ကို ပြန်ကျမလာဘူး။

"မင်း . . . ငါ့ကို ရွဲ့နေတာလား၊ ဟမ်?"







"လမင်းက ဘာရွဲ့နေလို့လဲ"

"ဘာဖြစ်လို့ ဒီခပ်ညံ့ညံ့ဆရာဝန်တစ်ယောက်ဆိုတာက မင်းကဗျာထဲမှာ ခဏခဏ ပါနေရတာလဲ၊ ဒါ ငါ့ကို ရွဲ့နေတာပဲပေါ့"

ဆေးရုံမှာ ပြဿနာအခံရှိလာတာနဲ့ ကဗျာစာသားနဲ့က ကွက်တိ လာကျနေတော့ နဂိုက မီးစလောက်ရှိတဲ့ စိတ်က မီးထတောက်တော့တာပဲ။

"ဒါ ရွဲ့တာမှ မဟုတ်တာ၊ ကျွန်မရင်ဘတ်နဲ့ ရင်းထားရတဲ့ ကဗျာလေ၊ ရှင် မခံစားတတ်ဘူးလား"

"အေး . . . မခံစားတတ်ဘူး၊ ကဗျာတင်မကဘူး . . . မင်းကိုပါ မခံစားချင်တော့ဘူး . . . သိလား"

"ရှင် ဘာစကားပြောတာလဲ၊ ဘာလဲ . . . ရှင်က ကျွန်မနဲ့ လမ်းခွဲမယ်လို့ ပြောတာလား"

ဒီလိုမေးတော့ ဖိုးလမင်းက လွန်းပုညလမင်းကို အော်ပေးရပ်လိုက်ရင်း . . .

"မင်း ထင်ချင်သလို ထင်ကွာ"

"အိုး . . . ဟိုး ဟိုး . . . ရတယ်လေ၊ သိပ်ကြိုက်တာပေါ့၊ ဆရာမသန်းမြင့်အောင်ကို ယောကျ်ားကြီးလို့ထင်ပြီး ဆရာသင်းရီကိုကျတော့ မိန်းမကြီးလို့ပြောတဲ့ စာပေအကြောင်း၊ အနုပညာအကြောင်း ဘာမှမသိတဲ့ ရှင့်လို

www.burmeseclassic.com





လူမသိသူမသိ ဆရာဝန်ပေါက်စလေးကို ဟောဒီက နိုင်ငံကျော်တိုင်းသိပြည်သိ (ဒီနေရာမှာ သူမအသံက တော်တော်ကျယ်ပါတယ်) ကလေးလေးကနေ ဘိုးဘွား ရိပ်သာရောက်နေတဲ့ အဘိုးအဘွားတွေမပါမကျန် သိကြတဲ့ စာရေးဆရာမကြီးကလည်း စိတ်ကုန်နေတာကြာပါပြီ၊ စကားတစ်ခွန်းတောင် ရှိသေးတယ်၊ နွားကို ပလာတာကျွေးလည်း အလကားပဲတဲ့"

"မင်း ငါ့ကို နွားလို့မပြောနဲ့"

"ပြောတယ် . . . ပြောတော့ ဘာဖြစ်လဲ"

"မင်းနော် . . . ငါ ဒေါသထွက်လာရင် လက်ပါမိမယ်"

"အောင်မလေး . . . လုပ်လိုက်စမ်းပါ၊ ဒီကလည်း ရှင်ဆေးတက္ကသိုလ်ကို အမှတ်ကွက်တိနဲ့ ဟိုးအောက် ဆုံးမျဉ်းကို ယီးလေးခိုပြီး ပါခဲ့တာတွေ၊ နှစ်တိုင်း (ဆပ်ပလီ) နဲ့ အောင်ခဲ့တာတွေ၊ လူနာတွေအပေါ် စေတနာမထားဘဲ ရှင့်ဆေးခန်းမှာ လူနာစည်တဲ့နေ့ဆို ပျော်တတ်တာတွေကို တစ်တိုင်းပြည်လုံးသိအောင် ဝတ္ထုထဲ ထည့်ရေးပစ်လိုက်မယ်၊ ဘာထင်နေလဲ"

လွန်းပုညလမင်း စကားအဆုံး ဖိုးလမင်းရဲ့ မျက်နှာကြီးက ဒေါသကြောင့် နီရဲတွတ်လာပြီး လွန်းပုညလမင်း မျက်နှာကို လက်ညှိုးကြီးနဲ့ထိုးကာ "မင်းကွာ . . . မင်း . . . မင်း" ဆိုပြီး ရှေ့တိုးလာတယ်။ လွန်းပုညလမင်းကလည်း မဖြုံဘူး။ မျက်နှာကို မော့ချီပြီး ပြန်ကြည့်ပေးထားလိုက်တယ်။

"မင်းကို ငါ မုန်းသွားပြီ"

ဖိုးလမင်းက ဒီစကားကို သွားကြားထဲက ထွက်တဲ့ လေသံမျိုးနဲ့ ပြောတယ်။ ဒီတော့ လွန်းပုညလမင်းကလည်း ခေသူမှ မဟုတ်တာ။ စာရေးဆရာမပီပီ တစ်ဖက်ကိုလှည့် မျက်နှာကို ရွဲ့၊ ခါးတစ်ဖက်ကို ဟန်ပါပါထောက်ကာ ကဗျာဆန်ဆန်ပြန်ပြောလိုက်တယ်။

"ရှင့်ကိုလည်း ကျွန်မက ရာဇဝင်ထဲမှာ ချန်ထားခဲ့လိုက်ပြီ"

□□□

အတွဲ (၂) လမ်းခွဲပြီးနောက် အကြွင်းအကျန်များ

ချစ်သက်တမ်း = (၈)လ၊ (၁၇)ရက်နဲ့ (၉)နာရီ (၆)မိနစ်

အနမ်းပေါင်း = (၁၄) ချက်

□□□

www.burmeseclassic.com









# အတွဲ (၃)

## ဝင့်ကြွားနှင့် ခင်ခင်လှဆောင်

□□□

ဝင့်ကြွား တော်တော် ဒေါသထွက်နေပြီ။ ရှေ့မှတ်တိုင်ဆို သူ ဆင်းရတော့မှာ။ ဘတ်စ်ကားစပယ်ယာက အကြွေတစ်ရာပြန်မအမ်းသေးဘူး။ ဒီလိုဖြစ်မှာစိုးလို့ ကားပေါ်တက်ကတည်းက ကားခကို ကျသလောက်ပေးပြီး ပိုတဲ့ ပြန်အမ်းငွေတစ်ရာကို တောင်းလာတာ။ ဒါပေမယ့် မှတ်တိုင်တစ်ခုပြီးတစ်ခုသာလွန်လာတယ်။ စပယ်ယာက "ဟုတ်ကဲ့ ပေးမယ် အစ်ကို ခဏလေး"၊ "ခဏလေးနော်အစ်ကို . . . အကြွေ မရသေးလို့"၊ "ပေးမယ် . . . ပေးမယ် အစ်ကို" စသဖြင့် တစ်မျိုးပြီးတစ်မျိုး မရိုးအောင်ပြောလာတာ။ အခုတော့

www.burmeseclassic.com







အတိတ်မေ့သလိုလို ရှေ့ပျောက်သလိုလိုလုပ်ပြီး အနားကို တောင် မလာတော့ဘူး။ ဝင့်ကြွားကို ဒီလိုလုပ်လို့ ဘယ်ရမလဲ။

သူက အတွေးနဲ့အတူ ကားစပယ်ယာရပ်နေတဲ့ ကားရှေ့ပိုင်းနားကို တိုးသွားလိုက်တယ်။ သူက ကားစပယ်ယာ ရဲ့ ခါးကို နောက်ကနေ တို့ကာတို့ကာဖြင့် . . .

"ဒီမှာ ဒီမှာ . . . ပိုက်ဆံတစ်ရာ မအမ်းရသေးဘူး"

ဆိုတော့ ကားစပယ်ယာက နဝေတိမ်တောင်ဟန် ဖြင့် "ဗျာ . . ." လို့ဆိုပြီး ကြောင်ကြည့်နေတယ်။

"ပိုက်ဆံတစ်ရာ ပြန်အမ်းဖို့ ပြောနေတာ"

ဒီတော့မှ မှတ်မိသွားဟန်ဖြင့် . . .

"ဩော် . . . ဟုတ်သားပဲ၊ တစ်ရာအမ်းရဦးမှာ၊ ခဏ လေးနော် အစ်ကို၊ အကြွေတစ်ရာ မရှိသေးလို့၊ ဟိုနောက် နားက ဦးလေးကြီးဆီမှာ အကြွေတွေ အများကြီးပါတာ တွေ့လိုက်တယ်၊ ကျွန်တော် အကြွေသွားလဲလိုက်ဦးမယ် နော်"

ဆိုပြီး ကားနောက်ပိုင်းထဲ တိုးဝင်သွားပြန်တယ် ဒါကို ဝင့်ကြွားကလည်း စိတ်ရှည်ရှည်နဲ့ စောင့်တယ်။ ဒါပေမယ့် စပယ်ယာက သူ့နားကို ပြန်မလာတော့ဘူး။ မှတ်တိုင်ကိုရောက် တဲ့ အခါမှာတော့ အောင့်သက်သက်နဲ့ ဆင်းလိုက်ရတယ်။

ပိုက်ဆံတစ်ရာကို နှမြောတဲ့စိတ်က သူ့ကို ကာတ

ကယင်ဖြစ်စေတယ်။ ကားပေါ်ကဆင်းပြီးတဲ့တစ်လျှောက်လုံး ကားစပယ်ယာကို မေတ္တာပို့လာခဲ့တာ သူ့ချစ်သူ ခင်ခင်လှအောင် ဆီ ရောက်တဲ့အထိ။

"ကိုကြွား . . . ဘာဖြစ်လာတာလဲ၊ မျက်နှာကြီးကလည်း ပုပ်သိုးနေတာပဲ"

"ဘာဖြစ်ရမှာလဲ . . . ဘာဖြစ်ရမလဲ၊ ဟိုအကောင် . . . ဟိုအကောင်၊ ကားပေါ်က စပယ်ယာကောင်၊ ငါ့ကို အကြွေတစ်ရာ ပြန်မအမ်းလိုက်ဘူးလေ၊ သူများတကာ ချွေးနဲ့သွေးနဲ့ရင်းပြီး ရှာထားရတဲ့ ပိုက်ဆံကို အချောင် လိုချင်တဲ့အကောင်၊ ကားပေါ်မှာ ခါးပိုက်နှိုက်နဲ့တွေ့မပါ စေဗျာ၊ လမ်းသွားရင်း ချေးပုံကြီးကြီး တက်နင်းမိပါစေ ဗျာ . . ."

ဝင့်ကြွားကိုကြည့်ရင်း ခင်ခင်လှအောင်ရယ်တယ်။ ဝင့်ကြွားပုံကိုလည်းကြည့်စမ်းပါဦး။ ကုမ္ပဏီပိုင်ရှင်သူဌေးတစ် ယောက်တဲ့။ ဘုရားစူး . . . မိုးကြိုးပစ် ကျိန်ပြလို့တောင် ယုံ နိုင်စရာမရှိ။ ဘေးခွဲဆံပင်ကို အုန်းဆီလိမ်းပြီး ပိပြားနေအောင် ဖြီးထားတဲ့အပြင် ပါဝါမျက်မှန်အထူကြီးကလည်း တပ်ထားသေး တယ်။ ဝတ်ထားတာက တိုက်ပုံအကျီ မီးခိုးရောင်ခပ်နွမ်းနွမ်း ဖြစ်ပြီး စီးထားတာက ကတ္တီပါဖိနပ်။ ကတ္တီပါဖိနပ်တောင်မှ ဘောက်တောက်ပြောင်ပြောင်မဟုတ်။ ဖိနပ်ကို အုပ်ထားတဲ့

www.burmeseclassic.com



ကတ္တီပါသားဟာ အမွေးတွေ ဖွာထွက်ပြီး ဟိုးနားကပေါက်၊ ဒီနားကပေါက်နဲ့ စုတ်ပြတ်နေပြီ။ ပြီးတော့ လွယ်အိတ်တစ်လုံးကိုလည်း ကိုင်းတိုတိုဖြစ်အောင် ဘုထုံးထုံးပြီး စလွယ်သိုင်းလွယ်ထားသေးတယ်။ အဲဒါတွေထဲမှာမှ အဆိုးဆုံးက သူ့ချိုင်းကြားမှာ အမြဲတမ်းညှပ်ထားတတ်တဲ့ ထီးကောက်ကြီးပါပဲ။ ထီးကောက်ကြီးကလည်း ဘယ်နှခုနှစ်ကထုတ်ထားတဲ့ ထီးကြီးမှန်းကို မသိ။ အရောင်ကလည်း အရင်တုန်းကတော့ အနီရဲရဲဖြစ်ခဲ့လိမ့်မယ် ထင်ပေမယ့် အခုတော့ အရောင်ပြယ်ပြီး ပန်းရောင်ဖျော့ဖျော့ဖြစ်နေပြီ။ သူပြောတာ ကြားဖူးတာကတော့ သူ့အဘိုးကိုင်ခဲ့တဲ့ ထီးဆိုလားပဲ။

ခင်ခင်လှအောင်က ဝင့်ကြွားအတွက် အအေးတစ်ခွက် မှာပေးလိုက်ပြီးမှ . . .

"အဲဒါကြောင့် ကိုကြွားကို ပြောတာပေါ့၊ ကိုယ်ပိုင်ကားတစ်စီးလောက် ဝယ်စီးပါလို့"

"တော် . . . တော်စမ်းပါကွာ၊ ပိုက်ဆံကုန်မယ့်အကြောင်းတွေကြားရင် ကိုယ် ခေါင်းကိုက်လွန်းလို့ပါ"

"မဟုတ်ဘူး ကိုကြွားရဲ့၊ အခု ခင်ခင် ကားတစ်စီးတွေ့ထားတယ်၊ ကားက ဗင်ကားလေးပါပဲ၊ ဒါပေမယ့် ဈေးက တော်တော်တန်တယ်၊ ကားပိုင်ရှင်က ပိုက်နာနေ့ တာ ကိုကြွားရဲ့၊ ငွေလိုလို့ အရေးပေါ် ပြန်ရောင်းမှာ၊ အခု







ကာလပေါက်ဈေးထက် သုံးပုံနှစ်ပုံလောက်နဲ့ ရမှာ"

ဒီလိုဆိုတော့ ဝင့်ကြွားမျက်လုံးတွေက အရောင်တွေ လက်လာတယ်။

"တ . . . တကယ်ပြောတာလား"

"တကယ်ပေါ့၊ ခင်ခင်က ကိုယ့်ချစ်သူကိုယ် လိမ်ပါ့မလား၊ ကိုကြွား ဒီကားကို ဝယ်စီးပြီးလို့ နောင်တစ်ချိန် ပြန်ရောင်းမယ်ဆိုရင်လည်း ဝယ်ရင်းဈေးထက်ပိုရအောင် ခင်ခင် ရောင်းပေးနိုင်တယ်"

ဝင့်ကြွားစိတ်ထဲ မရိုးမရွဖြစ်လာတယ်။ ကားတစ်စီးကို အခြိုအချောင်ဈေးနဲ့ ရမယ့်အပြင် အဝစီးပြီးလို့ ပြန်ရောင်းမယ်ဆိုရင်လည်း အမြတ်ရဦးမှာဆိုတော့ မက်လောက်စရာပင်။ ဒါပေမယ့် ကားဖိုးငွေက မနည်းမနော။

"ကိုယ် . . . ကိုယ်စဉ်းစားဦးမယ်"

□□□

www.burmeseclassic.com



ကားဖိုးပိုက်ဆံကို နှမြောပေမယ့်လို့ "အမြတ်ရ အောင် ပြန်ရောင်းပေးမယ်ဆိုတဲ့" ခင်ခင်လှအောင်ရဲ့စကား ကြောင့် ဝင့်ကြွားက စိတ်ငြိမ်ဆေးတွေ အများကြီးသောက်ပြီး ဗင်ကား အဖြူလေးတစ်စီး ဝယ်ဖြစ်ခဲ့တယ်။ ဝယ်ပြီးတစ်ရက် နှစ်ရက်ကြာတဲ့အထိတော့ ဟုတ်နေတာပါပဲ။ ဒါပေမယ့် သုံး ရက်မြောက်နေ့မှာတော့ ကားက မနိုးတော့ဘူး။ ဒါနဲ့ စက် ဆရာခေါ်ပြီး ပြရတယ်။ စက်ပြင်ဆရာက သူ့ကားကိုမြင်တော့ မျက်လုံးပြူးသွားရင်း . . .

"ဟာ . . . ဒီကား . . . ဒီကားပဲအစ်ကို၊ သေချာတယ် ဒီကားပဲ"

လို့ ဆိုကာ ကားကို ပတ်ချာလှည့်ကြည့်နေတော့ ဝင့်ကြွားက ဇဝေဇဝါဟန်နဲ့ . . .







"ဘာ . . . ဘာလဲဆရာ၊ ဘာလဲ"

လို့ မေးတယ်။ ဒါပေမယ့် စက်ပြင်ဆရာက ဝင့်ကြွားရဲ့အမေးကို မဖြေသေးဘူး။ ကားကို ရှေ့ကနေပတ် ကြည့်လိုက်၊ နောက်ကနေ ပတ်ကြည့်လိုက်နဲ့ . . .

"ဒီကားပဲ . . . ဒီကားပဲ . . ."

ဆိုတဲ့စကားကို ပါးစပ်က မချတမ်း ရေရွတ်နေ တော့တယ်။ ကြာတော့ ဝင့်ကြွားလည်း မျက်ကလူးဆန်ပြာ ဖြစ်လာတယ်။ ရင်တွေ တအားခုန်ပြီး သွေးတွေလည်း နား ထင်ကို ဆောင့်ဆောင့်တိုးလာတယ်။

"ဒီကား . . . ဒီကားပဲ အစ်ကို၊ သေချာတယ် . . ."

"ဘာ . . . ဘာလဲဟင်"

"ဒီကားပဲ . . . ဒီကားမှ ဒီကားအစစ်"

"အင်းလေ . . . ဒီကားက ဘာဖြစ်လို့လဲလို့"

"ဒီကား . . . ဒီကားပဲ . . ."

"အင်းပါ . . . ဒီကားက ဘာဖြစ်လို့လဲဆို"

"ဟို . . . ဟိုတလောက ကားမှောက်တာလေ . . ."

"ဗျာ . . . !"

"ကားပေါ်မှာပါလာတဲ့ လူသုံးယောက်လေ . . ."

"ဟုတ် . . . ဟုတ်ကဲ့"

"သုံးယောက်စလုံး ပွဲချင်းပြီးပဲ"

www.burmeseclassic.com



"ဗုဒ္ဓေါ . . . !"
"ပြီးတော့ ကျန်သေးတယ်"
"ဘာ . . . ဘာကျန်သေးတာလဲ ဆရာ"
"ဒီကားလေ . . . ရစရာမရှိအောင် စုတ်ပြတ်သတ်သွားတာ"
"ဘုရား . . . ဘုရား . . ."
"ဒါတင်မကသေးဘူး . . . ရှိသေးတယ် . . ."
"ဗျာ . . . ရှိ . . . ရှိသေးတယ် . . ."

"ဟုတ်တယ် . . . ဒီကားကို ကျွန်တော့်ဝပ်ရှော့မှာ လာပြီး လက်ပူတိုက်သွားတာလေ . . ."
"တကယ် !"
"အင်း . . . ပြီးတော့ ကျန်သေးတယ် . . ."
"ဗျာ ! မ . . . မကုန်နိုင်သေးဘူးလား"
"ဟုတ်တယ် . . . မကုန်သေးဘူး၊ စိတ်ဝင်စားစရာ အပိုင်းက အခုမှ ရောက်တာ၊ ဒီကားကို အလကား လောက်နီးနီးဈေးနဲ့ ဝယ်လာတာက မိန်းမတစ်ယောက်ဗျ၊ ပွဲစားမတစ်ယောက်ပေါ့"
"ဗျာ ! ပွဲစားမ ဟုတ်လား၊ နာ . . . နာမည်က ဘယ်သူတဲ့လဲဟင်"







"နာမည်က တစ်မျိုးပဲဗျ . . .၊ ခင်ခင်လှအောင် ဆိုလားပဲ . . ."
"ဗျာ ! "

□□□

www.burmeseclassic.com



“မင်း တော်တော် အကြံပက်စက်တဲ့မိန်းမပဲ”

ဝင့်ကြွားအသံက အကျယ်ကြီး ဆောင့်ထွက်လာတယ်။ ဒါကို ခင်ခင်လှအောင်က ဘာမှ နားမလည်သလို မျက်နှာပေးလေးနဲ့ . . .

“ခင်ခင် . . . ဘာလုပ်လို့လဲ ကိုကြွားရဲ့”

“ငါ့ကိုလာပြီး ပွဲစားအိုက်တင်တွေ လုပ်မပြမနေနဲ့ ဒေါ်ခင်ခင်လှအောင်၊ ဒီကားရဲ့ ရာဇဝင်ကို ငါ အကုန်သိပြီးပြီ . . .”

“ဘာ . . . ဘာကို သိတာလဲ”

“ဘာကိုသိရမှာလဲ၊ ဒီကားက ကားမှောက်ထားတာ၊ ကားပေါ်မှာ ပါတဲ့လူသုံးယောက်စလုံး ပွဲချင်းပြီးဆုံးသွားတာ၊ တစ်စစီ စုတ်ပြတ်သတ်သွားတဲ့ ဒီကားကို အလကားလောက်နီးနီးဈေးနဲ့ မင်းက ရအောင်ဝယ် ပြီး ဝပ်ရှော့တစ်ခုမှာ လက်ပူတိုက်ပြီး ပြန်ပြင်ခဲ့တာ၊ ပြီးတော့ အမြတ်တွေ အများကြီးတင်ပြီး ငါ့ကို ပြန် ရောင်းခဲ့တာ၊ ဒါတွေ အကုန်လုံး ငါသိပြီးပြီ . . .”







ဝင့်ကြွားစကားဆုံးတော့ ခင်ခင်လှအောင် မျက်လုံးပြူးသွားတယ်။ သူမ လုပ်ထားတာတွေ အကုန်ပေါ်သွားတာကို။ ဒီတော့ သူမက ရယ်ကျဲကျဲမှုံ့စံလေးနဲ့ . . .

“ဒါ . . . ဒါကတော့ ဈေးကွက်စီးပွားရေးအရ”

“ဘာဈေးကွက်စီးပွားရေးလဲ . . .”

သူမစကားတောင် မဆုံးသေးဘူး ဝင့်ကြွားက ဖြတ်အော်လိုက်တော့ ခင်ခင်လှအောင် ရုတ်တရက်လန့်ပြီး တုန်သွားတယ်။ ဝင့်ကြွားက ဒေါသကြီးလာရင် ဖြစ်တတ်တဲ့ ထုံးစံအတိုင်း နှာခေါင်းကြီးက နီရဲပြီး ပွစိပွစိဖြစ်လာရင်း . . .

“ပွဲစားမ့ပီသလိုက်တာများ ဟိုဘက်တောင် လွန်နေသေးတယ်၊ ငါ့ကိုများ ပုံပြင်တွေ ပြောသွားလိုက်တာ အပီအပြင်ပဲ၊ ဘာတဲ့ . . . ကားပိုင်ရှင်က ဗိုက်နာနေလို့ ပြန်ရောင်းတာ . . . ဟုတ်လား”

“ဟုတ် . . . ဟုတ်တယ်လေ၊ အဲဒီနေ့က ခင်ခင် သဘော်သီးတွေစားပြီး ဗိုက်နာနေတာ၊ အဲဒါကြောင့်”

“တိတ် ! မင်းအသံကို မကြားချင်ဘူး၊ ပိုက်ဆံရဖို့ဆို ရင် ကိုယ့်ချစ်သူကိုတောင် အလွတ်မပေးတဲ့ မင်းလို ပွဲစားမကို ငါကြောက်သွားပြီ၊ ဒီတော့ မင်းနဲ့ငါ . . . ဒီနေရာမှာတင် လမ်းဆုံးပြီ၊ ပြတ်ပြီ . . .”

“ရှင် . . . ရှင်တကယ်ပြောနေတာလား”

www.burmeseclassic.com



"တကယ်မဟုတ်ဘူး၊ ဆယ်ကယ် . . . ဆယ်ကယ် . ."

ပြောပြီး ဝင့်ကြွားက သူမရှေ့က လှည့်ထွက်လာခဲ့တယ်။ ဒါပေမယ့် ခြေလှမ်းသုံးလေးလှမ်းလောက် လှမ်းအပြီးမှာ ရပ်သွားကာ နောက်ကို လှည့်မကြည့်ဘဲ . . .

"ငါ့ကို မတားနဲ့နော်၊ ဆွဲထားဖို့လည်း မစဉ်းစားနဲ့၊ ဝင့်ကြွားဆိုတဲ့ကောင်က ပြတ်ပြီဆို တီခနဲ၊ မုန်းပြီဆိုလည်း လှည့်ကိုမကြည့်ဘူး"

လို့ ဆိုပြီး နောက်ဘက် သူမဆီက ဘာသံကြားမလဲလို့ အသာ နားစွင့်ကြည့်လိုက်တယ်။ ဒါပေမယ့် ဘာသံမှ မကြားရဘူး။ ဒါနဲ့ သူက တစ်ခုခုကို အတွေးပေါက်သွားရင်း, . .

"ဘာလဲ . . . ဝမ်းနည်းလွန်းလို့ အသံတောင် မထွက်နိုင်တော့ဘူးလား၊ ငိုတော့ မငိုနဲ့နော်၊ ငိုလည်း ငါက မသနားဘူး၊ ဒါပဲ . . ."

ဒီလိုပြောပြီး နောက်ဘက်ကို အသာနားစွင့်မိပြန်တယ်။ ဒါပေမယ့် ဘာသံမှ မကြားရပြန်ဘူး။ အလွန်ကို ပဲတိတ်ဆိတ်နေတယ်။ ဒီတော့ သူ့စိတ်ထဲ ဇဝေဇဝါဖြစ်လာ တယ်။ တစ်ခုခုတော့ မှားနေပြီ။ ဒါနဲ့ သူ နောက်ဘက်ကို အသာငဲ့ကြည့်လိုက်စဉ်မှာတော့ . . .။

သူမက ပြေးထွက်သွားတာ အတော်ဝေးဝေးကို







တောင် ရောက်နေပြီ။ ပြေးတာတောင် ရိုးရိုးပြေးတာမဟုတ်ဘူးနော်။ ကတ္တရာလမ်းပေါ်မှာ ဖုန်တထောင်းထောင်း ထ,တဲ့အထိ ဝမ်းသာအားရပုံနှင့် ကွေးကောက်နေအောင် က,ရင်းပြေးသွားတာ။ ပါးစပ်ကလည်း "လွတ်ပြီ၊ ကျွတ်ပြီ"လို့ အော်သွားတာကို ခပ်သဲ့သဲ့ ကြားလိုက်ရတယ် . . .။

□□□

အတွဲ (၃) လမ်းခွဲပြီးနောက် အကြွင်းအကျန်များ

ချစ်သက်တမ်း ။ (၉)လ၊ (၂)ရက်နဲ့ (၄)နာရီ (၅၉)မိနစ်
အနမ်းပေါင်း ။ (၄၂) ချက်

□□□

www.burmeseclassic.com



## တစ်နှစ်ခန့်ကြာသွားပြီးနောက်

□□□

အချစ်က သစ်ပင်နှင့် တူတယ် . . .
တချို့အချစ်တွေက . . .
သစ်ကြီးပင်တွေလို
တစ်နေရာတည်းမှာပဲ . . .
တစ်သက်လုံး အမြစ်တွယ်ရှင်သန်တတ်ကြပေမယ့်
တချို့အချစ်တွေကကျတော့ . . .
ပေဒါပင်တွေလို . . .
ခဏခဏ နေရာပြောင်းတတ်ကြတယ် . . .

□□□







# ဇာတ်ကွက် (၁)

အဆိုတော်သံစဉ်လှလှ ယောကျ်ားနောက်လိုက်ပြေးလို့ဆိုတဲ့ သတင်းတစ်ခုက အင်တာနက်ပေါ်မှာ ပျံ့နှံ့သွားတယ်။ နောက်တော့ အနုပညာလောက၊ အနုပညာလောကအနေမှ ပရိသတ်ထုဆီကိုပါ ဟိုးလေးတကျော် ပျံ့နှံ့သွားတယ်။ ဒီသတင်းကို ဘယ်သူစာင်လိုက်သလဲဆိုတာကိုတော့ ဘယ်သူမှမသိကြဘူး။ လာသမျှဖုန်းတွေကို မဟုတ်ကြောင်း ရှင်းပြရတာလည်း သံစဉ်လှလှတို့တစ်အိမ်လုံး ဖတ်ဖတ်ကို မောနေကြပြီ။ မဟုတ်ဘူးဆိုတာကို ယုံတဲ့သူရှိသလို၊ မယုံတဲ့လူတွေကလည်း မယုံကြဘူး။

အဲဒီလို မယုံတဲ့သူတွေရဲ့ကြားမှာ နောက်ထပ်သတင်းတစ်ခုက ထပ်ပေါ်လာတယ်။ အဲဒါက ဘာလဲဆိုတော့ သံစဉ်လှလှက မြန်မာနိုင်ငံရဲ့ အချမ်းသာဆုံး Top ten စာရင်းဝင် သူဌေးကြီးတစ်ယောက်ရဲ့သားနဲ့ ကြိုက်ခဲ့ကြတာတဲ့။ နောက်တော့ နှစ်ယောက်သား ခိုးရာလိုက်ပြေး၊ ဒါကို သူဌေးကြီးရဲ့မိန်းမက သဘောမတူလို့ သံစဉ်လှလှကို လျော်ကြေးပေးပြီး ဖြတ်လိုက်တာဆိုပဲ။

www.burmeseclassic.com



အဲဒီကောလဟာလကလည်း တော်တော်လေး ဂယက်ရိုက်သွားတယ်။ သံစဉ်လှလှခများ သူမဘာသာ အလွမ်းသီချင်းလေးတစ်ပုဒ်ဆိုမိတာတောင် မပေါင်းလိုက်ရတဲ့ ချစ်သူကို တိုင်တည်နေသလိုလို အပြောခံလာရတယ်။

ဒီမှာတင်ပဲ သူ့မမိဘတွေက သမီးဖြစ်သူရဲ့ ဂုဏ်သိက္ခာကို အဖတ်ဆယ်ဖို့အတွက် နည်းလမ်းရှာရတော့တယ်။ အဲဒါကတော့ သူမကို ယောကျ်ားပေးစားဖို့ ဆုံးဖြတ်လိုက်ကြတာပါပဲ။

□□□







သူမရှေ့က စားပွဲပေါ်ကို ပစ်ချလာတဲ့ စာအိတ်တစ်ခုကိုကြည့်ရင်း သူမက . . .

"ဒါက ဘာလဲ မေမေ . . ."

"အဲဒါ သမီးယူရမယ့် ယောကျ်ားရဲ့ဓာတ်ပုံပဲ"

"ရှင် ! သမီးက ဘာလို့ ယောကျ်ားယူရမှာလဲ"

"ယူရမယ်၊ ယူကိုယူရမယ်၊ နင့်သတင်းတွေ အပြင်မှာ ဟိုးလေးတကျော်ဖြစ်နေတာ နင်သိသားပဲ၊ အဲဒီကိစ္စနဲ့ မျက်နှာပူလွန်းလို့ ငါ့မှာ အပြင်တောင် မထွက်ရဲဘူး"

"မေမေကလည်း ကောလဟာလဆိုတာက ကြာရင်ပြီးသွားမှာပဲဟာကို . . ."

"အေး . . . အခုပြီးရင်လည်း နောက်တစ်ခါ ထွက်လာဦးမှာပဲ၊ အဲဒီတော့ အခုကတည်းက လုပ်သင့်တာလုပ်ထားရမယ်၊ ပြီးတော့ အခုစီစဉ်တဲ့မင်္ဂလာကိစ္စက အခုမှ ဖြုန်းစားဒိုင်းစားကြီး စီစဉ်လိုက်တာလည်း မဟုတ်ဘူး၊ အရင်ကတည်းက လူကြီးချင်း စကားပြောထားပြီးသားကိစ္စ၊ အချိန်မတန်သေးလို့ သမီးကို မပြောခဲ့သေးတာပဲ

www.burmeseclassic.com



ရှိတယ်၊ အခုတော့ သမီးလည်း အရွယ်ရောက်ပြီ၊ အို . . . တော်ပြီ တော်ပြီ . . . ရှည်ရှည်ဝေးဝေးတွေ ပြောမနေချင်တော့ဘူး၊ အဲဒီဓာတ်ပုံကို ကြည့်ထား . . . ဒါပဲ"

ပြောပြီး သူမအမေက ထ,ထွက်သွားတော့ သံစဉ်လှလှတစ်ယောက် ရှုံ့မဲ့ရင်းကျန်ခဲ့တယ်။ နောက်တော့ မှ ခုံပေါ်က ဓာတ်ပုံထည့်ထားတဲ့စာအိတ်ကို သတိရသွားပြီး ကောက်ယူလိုက်တယ်။ အစတော့ စာအိတ်လေးကို ဟိုဒီလှည့် ပတ်ကြည့်နေသေးတယ်။ ပြီးမှ စာအိတ်လေးကို ဖြည်းဖြည်း ချင်းဖွင့်ပြီး အထဲကဓာတ်ပုံလေးကို သာသာလေး ဆွဲထုတ် လိုက်တယ်ဆိုရင်ပဲ . . .

"အား !"

သံစဉ်လှလှရဲ့ အလန့်တကြားအော်လိုက်သံက ဧည့်ခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။

ဟုတ်ကဲ့ . . . အထဲကထွက်လာတာက ဂျပန် နပန်းသမားကြီး တစ်ယောက်ရဲ့ပုံပါ။

□□□







ဝင့်ကြွားက ထီးကောက်ကြီးကို မြေမှာထောက် ထားရင်းမှ ဆိုင်နာမည်ကို ဖတ်ကြည့်လိုက်တယ်။ ပြီးတော့ မမြင်ရမှန်းသိပေမယ့်လို့ ဆိုင်ပေါက်ကနေတဆင့် ဆိုင်ထဲကို လှမ်းငေ့ကြည့်လိုက်ကာ ဒီဆိုင်မှာစားရင် ကုန်ကျမယ့်ပိုက်ဆံ တွေအတွက် ရင်ထဲမှာမောလာတယ်။ အမေကတော့ ပြော လိုက်သား။ သံစဉ်လှလှနဲ့တွေ့ရင် စားသမျှသောက်သမျှ ကျ သင့်ငွေတွေကို သားပဲရှင်းခဲ့ပါတဲ့။ ဒါပေမယ့် သူကတော့ မရှင်းချင်ဘူး။ ပိုက်ဆံရှာရတာ လွယ်တာမှတ်လို့။

ဒီတော့ သူအကြံထုတ်တယ်။ ပိုက်ဆံအတွက်ဆို ဉာဏ်ပြေးလွန်းတဲ့ သူ့ဦးနှောက်က ကြာကြာမစဉ်းစားလိုက်ရ ပါဘူး။ ခဏအတွင်းမှာ အကြံရသွားပြီး စလွယ်သိုင်းလွယ် ထားတဲ့ လွယ်အိတ်ထဲက ပိုက်ဆံအိတ် အပြားလေးကိုထုတ်ပြီး အဲဒီထဲက ပိုက်ဆံတွေကို နှစ်ရာတန်တစ်ရွက်သာချန်ထားပြီး ကျန်တာအကုန်ထုတ်ယူလိုက်တယ်။ ပြီးတော့ အဲဒီ ပိုက်ဆံ တွေကို ပုဆိုးခါးပုံစထဲမှာ ထည့်ထားလိုက်တယ်။

www.burmeseclassic.com







အားလုံး စိတ်ချရပြီဆိုမှ သူ့ခြေလှမ်းတွေကို ဆိုင်ထဲဦးတည်လိုက်တယ်။ သံစဉ်လှလှက တိုင်းသိပြည်သိ အဆိုတော်ဆိုတော့ သူ့ကို သီးသန့်ခန်းထဲကပဲ စောင့်နေတယ်။

အခန်းတံခါးကိုဖွင့်ပြီး အထဲဝင်လိုက်တယ်ဆိုရင်ပဲ ကြိုတင်က ရောက်နှင့်နေတဲ့ သံစဉ်လှလှအကြည့်တွေက သူ့ဆီ ဒိုင်းခနဲ။ သူတောင် နဲနဲ တွန့်သွားရတယ်။

"ကိုယ် . . . ဝင့်ကြွားပါ"

ဆိုတော့ သူမက ဇဝေဇဝါဟန်နဲ့ . . .

"ရှင် . . . အလှူ့ကအပြန် လှည့်ဝင်လာတာလား"

"ဟာ . . . မဟုတ်ပါဘူး၊ ဒီကိုပဲလာတာပါ"

"ဒါဆို . . . ဒီ . . . ဒီပုံက"

သူမက ထိုစကားကို သူ့ဆီလက်ညှိုးထိုးကာ ထိုလက်ညှိုးကိုပဲ သူ့ခေါင်းမှ ခြေဖျားအထိ စုန်ချည်ဆန်ချည် လှုပ်ရှားပြရင်းဆိုလာတော့ သူကလည်း သူ့ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ပြလိုက်ရင်း . . .

"ဒါ . . . ကိုယ့်စတိုင်(လ်)လေ"

သူ့စကားအဆုံး သူမဖြစ်ပျက်သွားပုံက ကမ္ဘာ့အထူးဆန်းဆုံး လူသားတစ်ယောက်ကို တွေ့လိုက်ရသလို တအံ့တဩ။ ပြီးမှ . . .



"ထိုင် . . . ထိုင်လေ"

တဲ့။

ဒီတော့မှ သူလည်းထိုင်ရမှာကို သတိရသွားပြီး ဝင်ထိုင်လိုက်တယ်။ ဒီတော့မှ သံစဉ်လှလှကို ဝင့်ကြွားက သေသေချာချာ အကဲခတ်တော့တယ်။ TV ထဲမှာတော့ ခဏခဏ မြင်ဖူးပေမယ့် အပြင်မှာတွေ့တာတော့ ဒါ ပထမဆုံးပဲ။ TV ထဲမှာထက် အပြင်မှာပိုချောတယ်၊ ပိုနုတယ်လို့ သူ့စိတ်ထဲမှာ မှတ်ချက်ပြုလိုက်မိပြီးစဉ်မှာပဲ . . .

"ဟင်းပွဲတွေတော့ ကျွန်မ ကြိုမှာထားပြီးပြီ၊ ရှင်စားချင်တာရှိရင် မှာလိုက်လေ"

"ရတယ် . . . ကိုယ်က အစားမရွေးဘူး"

"ဒါဆိုလည်း ပြီးရော"

ဆိုကာ waiter လေးကို သူမက အချက်ပြလိုက်တယ်။ waiter လေး ထမင်းပွဲတွေ လာချပေးနေတုန်းမှာ သူမကလည်း ဝင့်ကြွားကို အကဲခတ်ပြန်တယ်။ ဘယ်နေရာကြည့်ကြည့် သဘောကျစရာတစ်ကွက်မှမရှိသော ဒီဇိုင်းကြီးဆိုတော့ သူမက နှာခေါင်းရှုံ့လိုက်ရင်း စိတ်ထဲကနေလည်း . . .

"သေချင်တာပါပဲ၊ ခန္ဓာကိုယ်အနံ့ မှန်ဘီလူးနဲ့ရှာရင်တောင် ရင်ခုန်စရာ တစ်နေရာမှ မရှိတဲ့လူကြီး။ ဒီလူကြီးကို မေမေတို့ ရှေးဟောင်းပစ္စည်းပြတိုက်ထဲကများ

www.burmeseclassic.com



ဆွဲထုတ်လာကြတာလား မသိဘူး . . .”

လို့ တွေးမိတယ်။ ဒါပေမယ့် အပြင်မှာတော့ စားရင်းသော်ကရင်း လိုက်လိုက်လျောလျော ဘာမှမဖြစ်သလို ဆက်ဆံကာ . . .

“ဒါနဲ့ ရှင်က ဘာဖြစ်လို့ စာအိတ်ထဲမှာ ရှင့်ဓာတ်ပုံကို ထည့်မပေးဘဲ နပန်းသမားပုံကြီး ထည့်ပေးလိုက်ရတာလဲ”

“ဟိုဟာ . . . ပုံချင်းမှားသွားတာ”

“ဪ . . . ဪ . . . ဒီအဆင်နဲ့ ဒီအဆင်က မှားလောက်စရာကိုး”

“ဟုတ်တယ်၊ ကိုယ်က နပန်းသမား အရမ်းဖြစ်ချင်တာ”

“အဆန်းပါလား၊ ဘာဖြစ်လို့လဲ”

“သူတို့က နပန်းလေးတစ်ခါလောက် လုံးပြရုံနဲ့ ပိုက်ဆံတွေ အများကြီးရတာလေ၊ ကိုယ်လည်း အဲဒီလို အရမ်းဖြစ်ချင်တာ၊ ဒါပေမယ့် အမေက ကိုယ့်ကိုမွေးကာနီး ဗေလုဝကားတွေအကြည့်များသွားတော့ ကိုယ့်ခန္ဓာကိုယ်က နပန်းသမားလောက် မထွားတော့ဘူး”

သူ့စကားအဆုံး သူမက ခွက်ထိုးခွက်လန်ရယ်တယ်။ နောက်တော့ နှစ်ယောက်သား စကားတပြောပြောနဲ့ ထမင်းစားလို့ပြီးသွားတယ်။ သူမက ပိုက်ဆံရှင်းမယ်လုပ်







တော့ . . .

“နေ . . . နေ . . . ကိုယ်ရှင်းပါ့မယ်”

ဝင့်ကြွားက အဲဒီလိုပြောပြီး သူ့ရဲ့ပိုက်ဆံအိတ်လေးကို ဟန်ပါပါ ဆွဲထုတ်လိုက်တယ်။ ဒါပေမယ့် ပိုက်ဆံတွေကို သူက ကြိုတင်နှုတ်ထားပြီးသားဆိုတော့ . . .

“ဟာ . . . သွားပြီကွာ၊ ကိုယ် . . . ပိုက်ဆံအိတ်လွဲယူလာမိပြီ”

လုံးဝ အကယ်ဒမီရှော့ပဲ။

“ရတယ် . . . ရတယ် . . . ကျွန်မပဲ ရှင်းလိုက်ပါ့မယ်”

သူမစကားအဆုံး သူ့လက်တွေက ပုဆိုးခါးပုံစဆီ မသိမသာရောက်သွားတယ်။ တော်ပါသေးရဲ့ . . . ကြိုတင်ပြင်ဆင်ထားမိခဲ့လို့။

□□□

www.burmeseclassic.com





# ဇာတ်ကွက် (၂)

"အဆိုတော်သံစဉ်လှလှ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း" ဆိုတဲ့ သတင်းကိုဖတ်ပြီး ညချမ်း စိတ်ထဲမှာ မခံချိမခံသာဖြစ်သွားရတယ်။ သူနဲ့ လမ်းခွဲပြီးတာ ဘာကြာသေးလို့လဲ။ အခု စေ့စပ်ပြီဆိုတော့ မမြန်လွန်းဘူးလား။ ဘယ်အချိန်ကတည်းက ကြိုတင်ကြံစည်ထားတာလဲ မသိ။

ပြီးတော့ သူ့ကို ပိုပြီး ခံပြင်းစေတာက သူမကနံပါတ်တစ်ခုကို ကောက်ချိတ်ထားလိုက်ချိန်မှာ သူ့မှာကျတော့ ညည်းစားလှုက်မဲ့။ ဒါက ဖြစ်သင့်လို့လား။ လုံးဝ မဖြစ်သင့်တဲ့ကိစ္စ။ သံစဉ်လှလှလို ငှက်ဆိုးထိုးသံနဲ့ အဆိုတော်ပေါက်စတစ်ယောက်က သူ့လို ပရိသတ်တွေရဲ့အသည်းကျော် နာမည်ကြီး ရုပ်ရှင်မင်းသားကိုကျော်ပြီး အရင်စွံသွားတာမျိုး လုံးဝ အဖြစ်ခံနိုင်။ ဒီတော့ သူလည်း ရည်းစားတစ်ယောက် အမြန်ရှိမှ ဖြစ်တော့မယ်လို့ တွေးလိုက်တယ်။

www.burmeseclassic.com







ဒါပေမယ့် ခက်တာက သူ့ရင်ကို လှုပ်ခတ်နိုင်တဲ့ ကောင်မလေးမျိုးက အခုထိမတွေ့သေး။ ရည်းစားရ ပြီးရော ဆိုပြီး တွေ့ရာမိန်းကလေးတစ်ယောက်ကိုလည်း ကောက်မတွဲချင်။

ဒီလိုမျိုးအတွေးတွေနဲ့ လုံးလည်ချာလည်လိုက်နေတုန်းမှာပဲ သူ့ရဲ့ အထွေထွေမန်နေဂျာလေး လင်းကို ရောက်လာတယ်။

"အစ်ကို . . . သွားရအောင်၊ ပွဲချိန်နီးနေပြီ"

ဒီတော့မှ သူက လက်ကနာရီကို တစ်ချက်ကြည့်လိုက်ပြီး . . .

"ဪ . . . အေး၊ သွားတာပေါ့"

ဆိုပြီး ထိုင်ရာက ထဖြစ်တယ်။ ဒီနေ့ သူ့ရဲ့ ဇာတ်ကားတစ်ကား ကန်တော့ပွဲပေးပွဲရှိတယ်လေ။ စာရေးဆရာမ လွန်းပုညလမင်းရဲ့ "အချစ်ကြမ်းကြမ်း၊ အနမ်းကြမ်းကြမ်း အလွမ်းခန်းတွေ မပါစေရ . . ." ဆိုတဲ့ ဝတ္ထုကို ပြန်ရိုက်မှာ၊ ဒါရိုက်တာက ဦးမီးတောင် (အသည်းတွင်းဖြစ်)။ မင်းသမီးကတော့ အသစ်ကလေးပါ။ နာမည်ကတော့ ခပ်ဆန်းဆန်း ရယ်၊ "အငုံ" တဲ့။ ပွဲလုပ်မှာက ကုန်သည်ကြီးများဟိုတယ်မှာ။

ပွဲကျင်းပရာ ခန်းမထဲကို သူရောက်သွားတော့ လူတွေတော်တော် စုံနေပြီ။ စာနယ်ဇင်းသမားတွေရော၊ ဇာတ်



ပို့ဇာတ်ရုံအချို့ရော၊ ဒါရိုက်တာရော၊ ထုတ်လုပ်သူရော၊ အားလုံးရောက်နေကြပြီ။

သူ့ကို ဒါရိုက်တာနဲ့ မင်းသမီးရှိတဲ့ ဝိုင်းမှာနေရာပေးတယ်။ စာနယ်ဇင်းသမားတွေက ကွက်ကြည့်ကွက်ကြည့်။

"နောက်ကျလှချည်လား မင်းသားရဲ့"

ဒါရိုက်တာ ဦးမီးတောင် (အသည်းတွင်းဖြစ်)ရဲ့ စကားကို သူက အားနာသလို တစ်ချက်ပြုံးလိုက်ရင်း . . .

"ဆောရီး ဆရာရယ်၊ လာကာနီးမှ ထုတ်လုပ်သူတစ်ယောက် ရောက်လာပြီး ကားကြီးတစ်ကားရိုက်ဖို့ လာကမ်းလှမ်းနေလို့"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ပြောထည့်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် လူရှိန်တာပေါ့။

သူထင်ထားတဲ့အတိုင်းပါပဲ။ မင်းသမီးအသစ်ကလေး အငုံက သူ့ကို အားကျသောမျက်လုံးတွေနဲ့ ကြည့်လာကာ . . .

"ဒါဆို အစ်ကိုညချမ်းက ရုပ်ရှင်ကားကြီး ရိုက်ဦးမှာပေါ့နော်၊ အငုံ အားကျလိုက်တာ"

"အားမကျပါနဲ့ကွာ၊ အစ်ကို လက်မခံလိုက်ရပါဘူး၊ သူတို့က ဒီနှစ်ထဲရိုက်ချင်တာ၊ အစ်ကိုက နောက်နှစ်ကုန်အထိ ရိုက်ရက်တွေပြည့်နေပြီ၊ အဲဒီတော့ ငြင်းခဲ့လိုက်

www.burmeseclassic.com



တယ်"

"ဟယ် . . . နှမျောစရာကြီး"

သူက အငှ့်ကို မလွမ်းလောက်ပါဘူးဆိုတဲ့ အထာမျိုးနဲ့ ခပ်ပါးပါးလေး ပြုံးပြလိုက်တယ်။ ဒီလိုအိုက်တင်မျိုးကို သူ့ရှေ့က သမ္မာရင့်ဝါရင့် မင်းသားကြီးတွေ လုပ်သွားတာကို သူ တွေ့ဖူးပြီးသား။ ဒီလိုအကွက်ရွှေ့ခြင်းမျိုးက ရုပ်ရှင်မင်းသားတွေအချင်းချင်း အသာလက်တို့ပြီး လက်ဆင့်ကမ်းလာခဲ့တဲ့ ပညာရပ်လေ။

နောက်တော့ သူ့အကြည့်က ဘေးနားက အမျိုးသမီးဆီကို ရောက်သွားတယ်။

"ဒါ စာရေးဆရာမ လွန်းပုညလမင်းလေ မင်းသား"

ဒါရိုက်တာက မိတ်ဆက်ပေးတော့မှ စာရေးဆရာမမှန်း သိသွားတယ်။ လွန်းပုညလမင်းဆိုတာကို သူက ကြားသာကြားဖူးတာ။ အပြင်မှာ တစ်ခါမှ မဆုံဖူး၊ မမြင်ဖူးခဲ့။ အခုဟာက ပထမဆုံးအကြိမ် မြင်ဖူးခြင်းပင်။ သူက လွန်းပုညလမင်း ကို အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက် ဖြစ်လိမ့်မယ် လို့ ထင်ထားတာ။ အခုတော့ ငယ်ငယ်ချောချောလေးပဲ။ ပါးပါးမျက်မှန်ခပ်ပါးပါးလေးနဲ့ မင်းသမီးလုပ်စားရင်တောင် ရတဲ့ ရုပ်ရည်မျိုးပင်။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ"







ဆိုပြီး သူက လက်တစ်ဖက်ကမ်းပေးလိုက်တော့ သူမကလည်း ပြန်လည်ဆုပ်ကိုင်လာကာ . . .

"ဟုတ်ကဲ့ . . . ကျွန်မကတော့ မင်းသားကို ရင်းနှီးနေပြီးသားပါ"

အသံလေးက တစ်မျိုးပင်။ သူ့ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်လေးဖြစ်သွားရတယ်။ ပြီးတော့ လက်ချင်း အထိတွေ့မှာ လက်တွေကတဆင့် သူ့ခန္ဓာကိုယ်အတွင်းပိုင်းဆီသို့ ဓာတ်တစ်မျိုး စီးဝင်သွားသလိုပင်။

အဲဒီဓာတ်တစ်မျိုးဟာ ဘာလဲဆိုတာကို အတိအကျကြီး မဟုတ်တောင် ခပ်ရေးရေးတော့ သူ သဘောပေါက်လိုက်ပါတယ်။

□□□

www.burmeseclassic.com





# ရာတ်ကွက် (၃)

ခင်ခင်လှအောင်တစ်ယောက် ခြေလှမ်းတွေ အရမ်းကိုသွက်ပြီး စိတ်ထဲမှာ တက်ကြွပျော်ရွှင်နေရတယ်။ ဒီနေ့ အားတစ်စီးအရောင်းအဝယ်ဖြစ်လိုက်တာ သူမအတွက် ကိုးပုံးတောင် ရလိုက်တာလေ။ ဒီလိုမျိုး ပွဲမဖြစ်တာ တစ်လ ကျော်သွားပြီ။ ဒီနေ့တော့ တွတ်ပီကံကောင်းတဲ့နေ့ပဲလို့ တွေး ရင်း ပိုက်ဆံအိတ်လေးကို ရင်မှာပိုက်ကာ လျှောက်လာရင်း တစ်နေရာအရောက် . . .

"မပေါင်းဘူး . . . ရှင်နဲ့ လုံးဝ မပေါင်းနိုင်တော့ဘူး"

ဆိုတဲ့ စူးစူးဝါးဝါးအော်လိုက်တဲ့ အသံတစ်ခုကို ကြားလိုက်ရတယ်။ သူမခြေလှမ်းတွေက တုံ့ခနဲ။ အသံလာ ရာဆီ ကြည့်လိုက်တော့ . . .

"ရှင့်ကို ကျွန်မစိတ်ကုန်နေတာ ကြာပြီ၊ ကြိတ်မှိတ်ပြီး သည်းခံနေခဲ့တာ၊ အခုတော့ လုံးဝကို သည်းမခံနိုင် တော့ဘူး၊ ရှင့်ကို ကွာမယ်၊ ကွာမယ် . . ."

www.burmeseclassic.com



လင်မယားနှစ်ယောက် ရန်ဖြစ်နေကြတာ။ မိန်းမလုပ်သူက ယောကျ်ားဖြစ်သူကို လက်မောင်းကနေ ကိုင်ဆောင့်တွန်းထုတ်လိုက်၊ လက်သီးဆုပ်တွေနဲ့ တဘုန်းဘုန်းထုရိုက်လိုက်နဲ့ ပါးစပ်ကလည်း ခုနစ်အိမ်ကြားရှစ်အိမ်ကြား အော်ဟစ်နေတယ်။ ယောကျ်ားဖြစ်သူကတော့ လေသံအေးအေးလေးနဲ့ ဖျောင်းဖျချော့မော့နေရှာတယ်။

"ငါ တောင်းပန်ပါတယ် မိန်းမရယ်၊ နောက် မဖြစ်စေရပါဘူး၊ တကယ်ပါကွာ၊ ကတိပေးပါတယ်၊ ငါ နောက်ကို ထပ်မလုပ်တော့ပါဘူး"

"ထပ်မလုပ်တော့ပါဘူး၊ ဟုတ်လား . . . ဟင်၊ ရှင် ဒါမျိုးပြောနေတာ ဘယ်နှစ်ခါရှိပြီလဲ၊ ဘယ်နှစ်ခါရှိပြီလဲ သေနာခေါင်ကြီးရဲ့၊ ညနေစောင်းတာနဲ့ ရှိုးထုတ်ပြီး ဘီယာဆိုင်ကိုပြေးတယ်၊ ရှင့်ဟာမတွေကို ပန်းကုံးတွေ တစ်ကုံးပြီးတစ်ကုံး စွပ်တယ်၊ ဒါတွေကို ကျွန်မ မသိ ချင်ယောင်ဆောင်နေခဲ့တာ ပြဿနာမတက်ချင်လို့ နေ့ ကြောက်လို့ အ,လို့တော့ မထင်နဲ့၊ အခုတော့ မင်္ဂလာဦးလက်စွပ်ကိုတောင် ဘယ်ကောင်မကို ချွတ် ပေးခဲ့မှန်းမသိဘူး၊ ဒီလောက်ဖြစ်နေတဲ့ရှင့်ကို ကျွန်မ ဘယ်လိုသဘောထားပြီး ပေါင်းရမှာလဲ မသာကြီးရဲ့ မပေါင်းဘူး၊ ရှင့်ကိုကွာမယ် . . . ကွာမယ် . . ."





"စကားကို တိုးတိုးပြောစမ်းပါကွာ၊ ပတ်ဝန်းကျင်က ကြားမှာ မရှက်ဘူးလား"

"ဘာလို့ရှက်ရမှာလဲ၊ ကျွန်မက ဘာလို့ရှက်ရမှာလဲ၊ ကြားအောင်လို့ကို တမင်အော်ပြောနေတာ၊ ဒါမှ ပတ်ဝန်းကျင်က ရှင့်အကြောင်းတွေကို သိမှာလေ လူယုတ်မာကြီးရဲ့"

"မင်းကို တော်တော့လို့ ပြောနေတယ်နော်"

"မတော်နိုင်ဘူး၊ မတော်နိုင်ဘူး၊ ရှင်နဲ့ကျွန်မ ဒီနေ့ အပြတ်ပဲ၊ ရှင့်ကို ကွာမယ် . . ."

"အေး . . . ကွာကွာ ကွာ"

"ကွာမယ်"

"ကွာ"

အခြေအနေက တဖြည်းဖြည်း ပိုပြီးတင်းမာလာတယ်။ ယောကျ်ားဖြစ်သူကလည်း အစကတော့ လေသံအေးအေးနဲ့ ဖျောင်းဖျနေပေမယ့် နောက်တော့ သူလည်း စိတ်တိုလာပြီး "ကွာမယ်" ဖြစ်လာတယ်။ ဒါကို သတိလက်လွတ်ရပ်ကြည့်နေမိတာက ခင်ခင်လှအောင်။ ဒါမျိုးဆိုရင် သူက ပြဿနာပါတယ်လေ။

"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ငါကတော့ အိမ်ပေါ် က ဆင်းမပေးနိုင်ဘူး၊ ကွာဖို့ပြတ်ဖို့ကို မင်းကစ,ပြော

www.burmeseclassic.com







တာဆိုတော့ မင်းပဲဆင်း"

"အောင်မလေး . . . ရမလား၊ ဒီအိမ်၊ ဒီခြံ၊ ဒီကားတွေက ရှင့်ပိုက်ဆံတစ်ခုတည်းနဲ့ ဝယ်ထားတာမှ မဟုတ် တာ၊ ကျွန်မမိဘတွေဆီက အမွေရခဲ့တဲ့ လက်ဝတ်လက်စားတွေကို ရောင်းလို့ရခဲ့တဲ့ ပိုက်ဆံတွေလည်း ပါတယ်လေ၊ အဲဒီတော့ ရှင်ပဲဆင်း၊၊ ရှင်က အိမ်ထောင်ရေးဖောက်ပြန်တဲ့သူ . . ."

"ဒါကတော့ လုံးဝပဲနော်၊ ဆင်းချင်းဆင်းရင် ဒီအိမ်မှာ မနေနိုင်တဲ့သူပဲ ဆင်း"

"ဒါဆိုရင်တော့ ဒီအိမ်ကိုရောင်းပြီး ခွဲယူဖို့ပဲရှိတာပဲ"

အဲဒီစကားဟာ ခပ်လှမ်းလှမ်းမှာရပ်နေတဲ့ ခင်ခင်လှအောင်ကို ပုတ်နှိုးလိုက်သလို ဖြစ်သွားစေတယ်။ ခင်ခင်လှအောင်က ရန်ဖြစ်နေတဲ့ လင်မယားဆီကို အူလျားဖားလျားပြေးသွားလိုက်ရင်း . . .

ညီမ' . . . ညီမတို့ အိမ်ရောင်းမလို့လား . . . ဟုတ်လား"

လို့ မေးလိုက်ကာ ခြံထဲကိုတစ်ချက်လှမ်းဝေ့ကြည့်လိုက်ပြီး . . .

"ဒီအိမ်နဲ့ဒီခြံဆိုရင် ကာလပေါက်ဈေး (၄၂၀၀)လောက်ရှိတယ် ညီမရဲ့၊ အစ်မကိုသာ အပ်လိုက်၊ (၄၅၀၀

လောက်ရအောင် အစ်မရောင်းပေးမယ်"

ခင်ခင်လှအောင်ရဲ့ စကားသံက အားကြိုးမာန်တက်။ ဒါပေမယ့် လင်မယားနှစ်ယောက်စလုံးက သူမကို အရေးမစိုက်အားဘူး။ သူတို့ရန်ပွဲကိုပဲ ဆက်ပြီး မဲနေကြတယ်။

"ဒါဆို . . . အခုစီးနေတဲ့ကားကရော"

"ဒီကားလည်း ရောင်းမယ်၊ ဘာသံယောဇဉ်မှ တွယ်မနေဘူး"

မိန်းမဖြစ်သူရဲ့ စကားအဆုံး ခင်ခင်လှအောင် က ဝမ်းသာအားရ တစ်ချက်ခုန်လိုက်ရင်း . . .

"ဟယ် . . . ကားလည်းရောင်းမယ် !၊ ကားက ဘယ်မှာလဲဟင်၊ ခြံထဲမှာလား၊ ဘာအမျိုးအစားလဲ၊ မာစီဒီးလား၊ လင်ခရူဆာလား၊ ဗင်(န်)ကားလေးပဲလား၊ အစ်မကိုသာအပ်လိုက်၊ အမြင့်ဆုံးဈေးနဲ့ တစ်ပတ်အတွင်း ထွက်သွားစေရမယ်"

လင်မယားနှစ်ယောက်စလုံးက ခင်ခင်လှအောင်ကို တစ်ချက်ကြည့်လာတယ်။ ဒါပေမယ့် ဘာမှတော့ မပြောသေးဘဲ သူတို့ပြဿနာဆီ ပြန်ရောက်သွားပြန်တယ်။

"ဒါဆို မင်းဝတ်ထားတာတွေအပါအဝင် ကျန်သေးတဲ့ လက်ဝတ်လက်စားတွေကရော"

"ရောင်းမယ်ရှင်၊ ရောင်းမယ်၊ အကုန်ရောင်းမယ်"

www.burmeseclassic.com



စကားအဆုံး ခင်ခင်လှအောင်က တစ်ချက်ခုန်လိုက်ပြန်ရင်း . . .

"ဟယ် . . . လက်ဝတ်လက်စားတွေပါရောင်းမှာလား ဘာ . . . ဘာတွေလဲဟင်၊ စိန်ထည်တွေလား၊ ဒါမှမဟုတ် ရွှေတွေချည်းပဲလား၊ အစ်မကိုသာ အပ်လိုက်၊ ဒီအချိန်က ရွှေဈေးတက်နေတဲ့အချိန်ဆိုတော့ ရွှေရောင်းဖို့ အချိန်ကောင်းပဲ၊ ပေါက်ဈေးအတိုင်း တင်းပြည့်ကျပ်ပြည့်ရအောင် အစ်မရောင်းပေးမယ်၊ စိတ်ချ"

လင်မယားနှစ်ယောက်က ခင်ခင်လှအောင်ကို ခပ်ငွေငွေကြည့်လာပြန်တယ်။ ဒါပေမယ့် ဒီတစ်ခါလည်းပဲ ဘာမှမပြောသေးဘူး။ သူတို့ချင်းပဲ မျက်နှာချင်းပြန်ဆိုင်သွားကြကာ . . .

"ဒါဆို ကလေးကရော . . ."

"ကလေးကတော့"

စကားတောင်မဆုံးသေးဘူး။ ခင်ခင်လှအောင်က ဝမ်းသာအားရ တစ်ချက်ခုန်လိုက်ပြန်ကာ . . .

"အို . . . ကလေးလည်း ရှုပ်ပါတယ်၊ ရောင်းပစ်၊ အစ်မ . . . ဈေးကောင်းရ . . . ရ . . . အဲ . . . မှား . . . မှားလို့ . . . အဲ . . . အဲဒါတော့ အစ်မကို မအပ်နဲ့ အဟင်း . . . ဟင်း . . . ဟင်း . . . အစ် မက







အပို့ကြီး"

ခင်ခင်လှအောင်ကြောင့် ယောကျ်ားလုပ်သူ စိတ်တိုလာတယ်။ ဒါကြောင့် ခင်ခင်လှအောင်ကို မေးတစ်ချက်ငေါ့ပြလိုက်ရင်း . . .

"ဒီမှာ . . . ခင်ဗျားက ဘာလဲ"

"အပို့ကြီးလေ"

"ဘာ!"

"အဲ . . . မှား . . . မှားလို့ ပွဲ . . . ပွဲစားပါ"

"ပွဲစား . . . ဟုတ်လား၊ ဒီမှာ လာမရှုပ်နဲ့၊ ကွဲသွားချင်လို့လား"

"ရှင်"

"ကွဲသွားချင်လားလို့ မေးနေတာ"

"ရှင် . . . ကွဲရမှာ ကျွန်မမဟုတ်ဘူးလေ၊ ရှင်တို့လင်မယားလေ . . . အဟင်း ဟင်း . . ."

"ခင်ဗျားသွားတော့နော်၊ ကြာရင် ကျုပ်တစ်ခုခုလုပ်မိတော့မယ်"

"မ . . . မဟုတ်သေးဘူးလေ၊ အရောင်းအဝယ်ကိစ္စ"

"သွားတော့လို့ ပြောနေတယ်နော်"

"အို . . . မဟုတ်သေးပါဘူး၊ ကျွန်မက စေတနာနဲ့ ရှင်တို့လင်မယား မြန်မြန်ကွဲလို့ရအောင် တစ်ဖက်တစ်

www.burmeseclassic.com



လမ်းက ကူညီပေး”

“သွားတော့ဆို”

“ကျွန်မက စေတနာ”

“ဟာကွာ . . . ဒီလောက်တောင်ဖြစ်လှတာ”

ဆိုပြီး ယောက်ျားဖြစ်သူက တစ်ခုခုနဲ့ ကောက်ရိုက်ဖို့ပြင်တယ်။ ဒီတော့မှ ခင်ခင့်လှအောင်လည်း ကြောက်အားလန့်အားနဲ့ လှည့်ကာထွက်အပြေး . . .

“အမလေး”

ဒေါက်ဖိနပ်က ခဲလုံးတစ်လုံးကို တက်နင်းမိပြီး ဒူးထောက်လဲတော့တယ်။ အခုတော့ ပွဲလည်းပျက်၊ ဒူးလည်းအက် . . . အရှက်လည်းကွဲ ဒူးလည်းပြဲရပြီ။

□□□







စောစောကခြေလှမ်းတွေ သွက်နေသလောက် အခုတော့ ထော့နဲ့ထော့နဲ့နဲ့ ခြေတစ်လှမ်းတစ်လှမ်း ရွှေ့ရောက်ဖို့ကို အရိုးထဲက အားတွေပါ ထုတ်ထုတ်သုံးနေရတယ်။ တစ်လမ်းလုံးလည်း စောစောကလင်မယားကို မေတ္တာပို့လာတာ သူမကြားဖူးသမျှ အကျိုးယုတ်အနတ္တ စကားလုံးတွေလည်း ကုန်ပြီ။ ဒူးကလည်း ကြာလေလေ ပိုပိုပြီး နာလာလေပင်။

ဒီလိုနဲ့ သူမက ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ ဆေးခန်းတစ်ခုကို သွားတွေ့တယ်။

“ဒေါက်တာ ဖိုးလမင်း”

သူမက ဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်ပြီးနောက် ဆေးခန်းထဲကို ဝင်သွားလိုက်တယ်။ ဒူးကတော်တော်နာနေပြီ။ ဘယ်လိုမှဆက်ပြီး မလျှောက်နိုင်တော့ဘူး။

www.burmeseclassic.com



သူမရှေ့မှာက လူနာတစ်ယောက်ပဲရှိလို့ တော်သေးတယ်။ သိပ်ကြာကြာမစောင့်လိုက်ရဘဲ သူမအလှည့်ကို ရောက်လာတယ်။ သူမက ဒေါက်တာဖိုးလမင်းဆိုတာကို အသက်ခပ်ကြီးကြီးဖြစ်လိမ့်မယ်လို့ ထင်ထားတာ။ အခုလို ငယ်ငယ်ချောချောလေးတွေ့လိုက်ရတော့ ဒူးလှန်ပြရမှာတောင် နည်းနည်းတွန့်သွားတယ်။ ဒါပေမယ့် မပြလို့ကလည်းမဖြစ်တော့ ရှေ့မျက်နှာနောက်ထားပြီးတော့ပဲ ပြရတယ်။

“ဟာ . . . ဒူးကတော်တော်ညိုနေတာပဲ၊ ဘယ်လိုဖြစ်တာလဲ”

“ဟို . . . ချော် . . . ချော်လဲတာပါ”

“မကြီးမငယ်နဲ့ ချော်လဲရတယ်လို့ဗျာ၊ ခင်ဗျားအသက်က ဘယ်လောက်တောင်ရှိပြီလဲ”

“ဆယ့်ခြောက်နှစ်ပါ”

“ဗျာ!”

ခင်ခင်လှအောင်ရဲ့စကားအဆုံး ဖိုးလမင်းဆီက ထွက်လာတဲ့အသံက တအံ့တသြ။

“ခင် . . . ခင်ဗျားအသက်က ဆယ့်ခြောက်နှစ် ! . . . ဟုတ်လား”







ဒီတော့မှ ခင်ခင်လှအောင်က ရှက်ကိုးရှက်ကန်းနဲ့ လက်လေးနှစ်ချောင်းထောင်ပြရင်း . . .

“နှစ် . . . နှစ်ခါလို့ ပြောမလို့ပါ”

□□□

www.burmeseclassic.com





# ဇာတ်ကွက် (၄)

သံစဉ်လှလှက ကားမောင်းလာရင်း အကြံတွေ ထုတ်နေမိတယ်။ နောက်နှစ်ရက်ဆိုရင် သူမကြော်ငြာတစ်ခုရိုက်ဖို့ ရှိတယ်လေ။ ရိုက်ရမှာက အချိုရည်ကြော်ငြာ။ အခုမှ ဈေးကွက်ထဲကို စဖြန့်မယ့် shock ဆိုတဲ့ ဖျော်ရည်ပါ။ ဒါရိုက်တာကတော့ နာမည်ကြီး ဦးမီးတောင် (အသည်းတွင်းဖြစ်)။ ထားပါ။ ဒါတွေက အရေးမကြီးဘူး။ အရေးကြီးတာက သူမနဲ့တွဲရမယ့် မင်းသားပဲ။ သူမက ရန်သူတော်ကြီး ညချမ်းနဲ့တွဲရမှာ။ ဒါဟာ သူနဲ့ သူမရဲ့ ပထမဦးဆုံးအကြိမ် ဆိုတဲ့ ကြော်ငြာ။ သူနဲ့ပြတ်သွားပြီးကတည်းက အခုတစ်ခါ ပထမဦးဆုံး ထိပ်တိုက်ပြန်ဆုံရတော့မှာဆိုတော့ သူမဟာ သူ့ထက် အဘက်ဘက်က သာတယ်ဆိုတာကို ပြဖို့လိုလာပြီ။ ဒါကြောင့် သူမက အဲဒီနေ့မှာ ဝင့်ကြွားကို ထုတ်ပြဖို့ စီစဉ်ထားတာ။ ဒါပေမယ့် ဝင့်ကြွားကို သူမက ပုံစံပြောင်းပြီးမှ ထုတ်ပြမှာ။

www.burmeseclassic.com



အတွေးတွေနဲ့ မောင်းလာရင်းကနေ သူမရဲ့ကား က ဝင့်ကြွားတို့ရုံးခန်းရှိတဲ့ တာဝါရဲ့အောက်ခြေကိုရောက်လာ တယ်။ တာဝါက ဓာတ်လှေကားမရှိဘူး။ ဝင့်ကြွားရုံးခန်းရှိတဲ့ ပဉ္စမထပ်ကို ခြေထောက်နဲ့ပဲတက်ရတယ်။ ငါးထပ်မြောက်ကို လည်းရောက်ရော သူမတော်တော်မောနေပြီ။ ဒါပေမယ့် ဝင့်ကြွားကိုတော့ အခန့်သင့်ပဲ ရုံးစားပွဲမှာ တွေ့ရတယ်။

ဝင့်ကြွားက သူမကိုမြင်သွားတော့ တအံ့တသြ နဲ့ . . .

"သံ . . . သံစဉ်၊ ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲ"

"နောက် . . . နောက်မှပြော၊ ကျွန်မကို ရေတစ်ခွက် လောက် အရင်တိုက်ပါလား၊ ကျွန်မတော်တော်မောနေ ပြီ"

ဝင့်ကြွားက ရေတစ်ခွက်ခပ်ပေးလိုက်တော့ သံစဉ်လှလှက ရေကို တစ်ကျိုက်တည်းမော့သောက်ပစ်လိုက် တယ်။ နေသာထိုင်သာရှိသွားမှ သူမက ဝင့်ကြွားရှေ့ကခုံမှာ ဝင်ထိုင်လိုက်ရင်း . . .

"ကျွန်မ . . . ရှင့်ကိုလာခေါ်တာ"

"ဘာလုပ်ဖို့လဲ"

"shopping ထွက်မလို့"

"ဘာ . . . ရှော် . . . ရှော့ပင်"







ဝင့်ကြွားလက်က ပိုက်ဆံအိတ်ထည့်ထားတဲ့ အံဆွဲဆီ မသိမသာရောက်သွားတယ်။ ရင်တွေလည်း တုန်သွား တယ်။

"ဟုတ်တယ် . . . ရှော့ပင်ထွက်မလို့ လာခေါ်တာ၊ ရှင်က ကျွန်မနဲ့ စေ့စပ်ထားတဲ့သူဆိုတော့ ကျွန်မမိတ် ဆွေတွေရှေ့မှာ ရှင့်ကို ပွဲထုတ်မလို့လေ၊ ဒါကြောင့် ရှင့် ဒီဇိုင်းတွေကို ပြောင်းပေးမလို့"

"ဟို . . . ကိုယ့်ပုံစံက ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ . . . ကိုယ့်ပုံစံကိုလည်း ကိုယ်ပြန် ကြည့်ပါဦး၊ တောသူကြီး အလှူသွားမယ့် ဒီဇိုင်းလိုလို၊ ရပ်ကွက်လူကြီးလိုလိုနဲ့"

"ကိုယ်က မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းတာပါ"

"အမလေး . . . ကိုမျိုးချစ်ကြီးနဲ့ လာတွေ့နေတယ်၊ ကဲ . . . လာပါရှင် . . . သွားရအောင်"

သူမက ဝင့်ကြွားကို ဆွဲမခေါ်ရုံတမယ် ဖြစ်လာ တယ်။ ဒီတော့မှ ဝင့်ကြွားက သူမကို လှက်ကာပြလိုက် ရင်း . . .

"ဟို . . . ခဏ . . . ခဏလေး၊ အပြင်ကစောင့်နေ နော်၊ ကိုယ် ထွက်လာခဲ့မယ်"

"မကြာနဲ့နော်"

"အင်းပါ . . . မကြာဘူး"

www.burmeseclassic.com



သူမက ရုံးခန်းအပြင်ကို ထွက်သွားတယ်။ ဒီတော့မှ ဝင့်ကြွားက အံဆွဲထဲက ပိုက်ဆံအိတ်ကိုဆွဲထုတ်လိုက်ပြီး အဲဒီပိုက်ဆံအိတ်ထဲက ထောင်တန်သုံးရွက်လောက်ကို အခြားပိုက်ဆံအိတ်တစ်ခုထဲ ပြောင်းထည့်လိုက်တယ်။ ပြီးမှ ပိုက်ဆံအိတ်နှစ်လုံးလုံးကို သူ့ရဲ့လွယ်အိတ်ထဲထည့်လွယ်ကာ အပြင်ထွက်လာခဲ့လိုက်တယ်။ ဒီလောက်ဆိုရင်တော့ သူ့ခြေသံတွေ ခြိုလုံပြီထင်တာပဲ။

ဒီလိုနဲ့ သူတို့တွေ Shopping Center တစ်ခုဆီ ချီတက်ခဲ့ကြတယ်ဆိုပါတော့ . . . ။

□□□









သံစဉ်လှလှက ဝင့်ကြွားနဲ့လိုက်မယ့် စတိုင်(လ်) ...ဘင်းဘီတွေ တီရှပ်တွေကို ဝင့်ကြွားကိုယ်မှာ သွားသွားကပ် ...ည့်ပြီး ရွေးတယ်။ စိတ်ကြိုက်ငါးစုံလောက်ရသွားတော့ မှ . . .

"ကောင်တာမှာ ငွေရှင်းရအောင်"

ဒီစကားကြားတော့ ဝင့်ကြွားရင်ထဲ ဘင်ခရာ ...ဝိုင်းတစ်ခု ဝင်တီးနေသလို ခံစားလိုက်ရတယ်။ သူမက ...က ဦးဆောင်သွားတော့ သူက နောက်က တုန်ချိတုန်ချိနဲ့ ...သွားတယ်။

"အားလုံး နှစ်သိန်းသုံးသောင်းကျပါတယ်ရှင့်"

အရောင်းစာရေးမလေး စကားအဆုံး သူ့ဒူးတွေ ...တ်ကျမသွားအောင် မနည်းထိန်းထားလိုက်ရတယ်။ ဒါပေ ...့ သံစဉ်လှလှက သူ့ဆီက ပိုက်ဆံမတောင်းဘဲ သူမရဲ့ ...လွယ်အိတ်အကြီးကြီးထဲက ငါးထောင်တန်တစ်အုပ်ကို ...ထုတ်လိုက်တော့ သူ့ရင်ထဲက အလုံးကြီး ပြုတ်ကျသွားတယ်။

www.burmeseclassic.com



ဒါပေမယ့် သူက ဟန်ဆောင်ပနီဆောင်နဲ့ . . .

"ဟို . . . ကိုယ် . . . ကိုယ်ရှင်းလိုက်ပါ့မယ် . . ."

သူ့စကားအဆုံး သူမက ငါးထောင်တန်အုပ်ကို သူမရဲ့ဘေးလွယ်အိတ်ကြီးထဲ ပြန်ထိုးထည့်လိုက်ကာ . . .

"ဒါဆိုလည်း ရှင်းပြီး နောက်ကလိုက်ခဲ့နော်၊ သံစဉ်မျက်နှာချင်းဆိုင်က ဆိုင်မှာ ဝယ်စရာရှိလို့"

"ဟင်!"

သူများတွေကတော့ ငုတ်တုတ်မေ့တတ်တဲ့၊ သူကတော့ မတ်တပ်ကြီးမေ့သွားတယ်။ သူက သူမများဖွင့်ရှင်းမလားလို့ ဟန်ဆောင်ပန်ဆောင်လုပ်လိုက်တာ။ အခုတော့ . . . ဟင့်။ လျှာရှည်တဲ့ ပါးစပ် . . . လျှာရှည်တဲ့ပါးစပ် . . . ကဲဟယ် . . . ကဲဟယ် . . .။

သူမကိုလှည့်ကြည့်မိတော့ မျက်နှာချင်းဆိုင်က ဆိုင်တစ်ခုထဲကို ကော့ပက်ကော့ပက်နဲ့ ဝင်သွားပြီ။ တိုင်းသီ ပြည်သိ အဆိုတော်တစ်ယောက်ဆိုတော့ သူမကို ဟိုလူကကြည့်လိုက်၊ ဒီလူကကြည့်လိုက်နဲ့။ သူမကတော့ ဒါကို အလေးမစိုက်ဘူး။ သက်တောင့်သက်သာပါပဲ။ သူ့မှာသာ ဝက်ယူလာတဲ့ ပိုက်ဆံအိတ်တစ်ခုကို တုန်တုန်ချိချိနဲ့ မသက်မသာ ဆွဲထုတ်လိုက်ရတယ်။ ပိုက်ဆံရေနေတဲ့လက်တွေက ငှက်ဖျားမိသလို တဆတ်ဆတ်တုန်နေတယ်။ ပြီးတော့ ထောင်တန်တွေ



ရွက်ထပ်ပါသွားမှာကြောက်လို့ တစ်ရွက်ချင်းခွာခွာကြည့်ရတာလည်း အမော။

ပိုက်ဆံချေပြီး နှမြောတသခြင်းကြီးစွာနဲ့ အပြင်ထွက်လာချိန်မှာတော့ သူမကလည်း တစ်ဖက်ဆိုင်ထဲက ထွက်လာခဲ့ပြီ။

"အခုနက မေမေဖုန်းဆက်တယ်၊ ကိုဝင့်ကြွားကို အိမ်ခေါ်ခဲ့ဦးတဲ့"

သူမစကားအဆုံး သူ အော်ငိုချင်စိတ်တောင်ပေါက်သွားတယ်။ ငိုတာတောင် ရိုးရိုးငိုတာမျိုးမဟုတ်ဘူး။ ကလေးတွေလို မြေကြီးမှာ ခြေဆင့်ပြီးတော့ အော်ငိုပစ်လိုက်ချင်တာ။

ဒါပေမယ့် အပြင်မှာတော့ . . .

"ဪ . . . အစ်၊ လိုက်ခဲ့မယ်လေ"

လိုက်ခဲ့မယ်ဆိုမှ လက်ချည်းသက်သက် လိုက်သွားလို့ မကောင်းတာကို တွေးမိပြန်တယ်။ ကျွတ် . . . ကွာ . . . ပိုက်ဆံက ကုန်ဦးမယ်။

ဒီတော့ သူက ပိုက်ဆံနည်းနည်းနဲ့လည်း ဝယ်လို့ရမယ်၊ ပြီးတော့ မိမိကပ်စေးနည်းတာကိုလည်း မရိပ်မိနိုင်မယ့် ပစ္စည်းမျိုးကို စဉ်းစားလိုက်တယ်။

သူ့ခေါင်းထဲဝင်လာတာက တရားစာအုပ်။

www.burmeseclassic.com



ဒါနဲ့သူက စာအုပ်ဆိုင်တန်းတွေဘက် ထွက်လာခဲ့တယ်။ ပြီးတော့ အရှင်ဆန္ဒာဓိကရဲ့ "တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထား" ဆိုတဲ့ စာအုပ်ကို ဝယ်လိုက်တယ်။ နောက်တော့ . . . ။

"ပြန်ရအောင်"

□□□







အဲဒီလို ဝင့်ကြွားနဲ့ သံစဉ်လှလှ ဈေးလျှောက်ဝယ်နေတာကို နောက်ကနေ ပုန်းလျှိုးကွယ်လျှိုးနဲ့ လိုက်ချောင်းနေတာက ခင်ခင်လှအောင်။ သူမ သူတို့ကိုကြည့်နေတာကြာပြီ။ အဆိုတော်ကောင်မလေးက ဒင်းကြီးကို အကျီတွေရွေးပေးနေတာလေ။ ဒီလို ကော်တစ်ရာကပ်စေးကို ကောင်မလေးကလည်း ဘာကြည့်ကြိုက်တယ် မသိပါဘူး။

တကယ်တော့ ခင်ခင်လှအောင်က သူမဘာသာ ဈေးဝယ်ထွက်လာတာပါ။ ပြီးမှ ဝင့်ကြွားတို့စုံတွဲကိုတွေ့ပြီး နောက်ကနေ ဘာရယ်မဟုတ် လိုက်ချောင်းမိတာ။

စောစောက အဆိုတော်မလေးဖုန်းပြောနေတာကို ကြားရသလောက်တော့ ဒီကအပြန်ကျရင် ကော်တစ်ရာကပ်စေးကြီးက ယောက္ခမလောင်းကို သွားတွေ့မယ့်ပုံပင်။ ပြီးတော့ ဒင်းက တရားစာအုပ်တွေဘာတွေ ဝယ်နေပုံထောက်

www.burmeseclassic.com



ရှင် . . . သေချာတယ် . . . အဲဒါ ယောက္ခမလောင်းကြီး အတွက်ပဲ ဖြစ်ရမယ်။ ဒါကို တွေးမိတော့ ခင်ခင်လှအောင် စိတ်ထဲမှာ ဝင့်ကြွားကို ပညာပေးချင်လာတယ်။ ဒါနဲ့ သူမက ပစ္စည်းတစ်ခုကို သွားဝယ်လိုက်ပြီး ဝင့်ကြွားလက်ထဲက တရား စာအုပ်ထည့်ထားတဲ့ စက္ကူအိတ်မျိုးရှာပြီး ထည့်လိုက်တယ်။ ပြီးတော့ ဝင့်ကြွားတို့လာတဲ့လမ်းကို ရှေ့ကရောက်အောင်သွား နှင့်ပြီး ထောင့်ချိုးတစ်ခုကနေ စောင့်နေလိုက်တယ်။

ဝင့်ကြွားတို့လည်း အနားရောက်လာရော ဝင့်ကြွားခြေထောက်တွေကို သူမခြေထောက်တစ်ဖက်နဲ့ အသာလေးထိုးခံပေးလိုက်တယ်ဆိုရင်ပဲ . . . ။

"ဝုန်း"ခနဲ အသံနဲ့အတူ ဝင့်ကြွားတစ်ယောက် ဟန်ချက်ပျက်ပြီး ရှေ့ကို လေးဖက်ထောက်လဲသွားတယ်။ လက်ထဲမှာကိုင်ထားတဲ့ အထုပ်အပိုးတွေရော၊ ချိုင်းကြားမှာ ညှပ်ထားတဲ့ ထီးကောက်ကြီးရောဟာ ကြမ်းပြင်ပေါ်မှာ ပြန့် ကျဲသွားတယ်။

သူကလဲကျနေရာကနေ ကုန်းရုန်းထ,လိုက်ပြီး တစ်ဖက်ကလူကိုကြည့်လိုက်တော့ စပ်ဖြီးဖြီးမျက်နှာကို မနည်း တည်ထားရတဲ့ရုပ်နဲ့ ခင်ခင်လှအောင်ကို တွေ့လိုက်ရတယ်။

"တောင်း . . . တောင်းပန်ပါတယ်ရှင်၊ မ . . . မတော်လို့ပါ . . ."







တောင်းပန်စကားပြောတဲ့ အသံက လုပ်သံကြီး နဲ့။ ဒီမှာတင်ပဲ ဝင့်ကြွားဒေါသက ငယ်ထိပ်တက်ဆောင့်တယ်။

"မင်း . . . တမင်လုပ်တာ မဟုတ်လား" လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးလိုက်ချင်ပေမယ့်လို့ ဘေးမှာ ရပ်နေတဲ့ သံစဉ်လှလှကို တွေးမိတော့ ဒေါသတွေကို ဇွတ်အ တင်း ပြန်မျိုချလိုက်တာ နင်တောင်နင် သွားတယ်။ ပြီးမှ . . .

"ရ . . . ရဘာဒယ် (ရပါတယ် . .)"

ဒေါသကိုထိန်းပြီးပြောရတာဆိုတော့ အသံကြီး က မာမာတုတ်တုတ်ကြီး။ မထိန်းလို့လဲမရ။ တော်ကြာ . . . သံစဉ်လှလှရှေ့မှာ ငယ်ကျိုးငယ်နာတွေ ပေါ်ကုန်မှာစိုး ရတယ်လေ။ ဒီတော့ တမင်လုပ်တာမှန်း သိသိကြီးနဲ့ပဲ အောင့် ခံလိုက်ရတယ်။

သံစဉ်လှလှကတော့ ဘာမှမသိရှာဘူး။ ကြမ်းပြင် ပေါ်ကျသွားတဲ့ အထုပ်တွေကို လိုက်ကောက်ဖို့ပြင်တယ်။ ဒါပေ မယ့် ခင်ခင်လှအောင်က ပိုလျင်တယ်။

"ရတယ် . . . ရတယ်၊ ကျွန်မ ကောက်ပေးပါ့မယ်"

ဆိုပြီး ပြန့်ကျဲနေတဲ့ အထုပ်တွေကို ကောက်လိုက် တာ ဝင့်ကြွားလက်ထဲကို ထည့်ပေးလိုက်တယ်။ ပြီးတော့ တစ် ဆက်တည်းဆိုသလိုပဲ ခင်ခင်လှအောင်က သံစဉ်လှလှမမြင် အောင် ဝင့်ကြွားကို မျက်စိတစ်ဖက်မှိတ်ပြီး လျှာထုတ်ပြောင်

www.burmeseclassic.com



ပြတယ်။ ဝင့်ကြွားစိတ်ထဲမှာ ခင်ခင်လှအောင်ကို ဂုတ်ကခွင်းပြီး နားရင်းအုပ်ချင်စိတ်တောင် ပေါက်သွားတယ်။ ဒါပေမယ့် သံစဉ်လှလှကြောင့် ဘာမှလှုပ်ရှားလို့မရ။ ဒီတော့ ဒေါသတွေကိုသာ မျိုမျိုချနေရတယ်။

□□□







သံစဉ်လှလှအိမ်ကိုရောက်သွားတော့ သူမအမေ ဒေါ်ရင်ရင်ကြီးက မီးဖိုထဲမှာ ချက်ပြုတ်နေတာ။ ဝင့်ကြွားရောက်နေတာလည်းသိရော မီးဖိုချောင်ထဲကနေ ချွေးတလုံးလုံးနဲ့ထွက်လာပြီး . . .

"သား . . . ညစာစားပြီးမှ ပြန်ရမယ်နော်၊ အန်တီက သားကို ညစာကျွေးမလို့ ဟင်းတွေကိုယ်တိုင်ချက်နေတာ"

ဝင့်ကြွားက ခေါင်းတစ်ချက်ညိတ်ပြကာ . . .

"ဟုတ်ကဲ့အန်တီ . . ."

လို့ ဆိုပြီး ဒေါ်ရင်ရင်ကြီးကို လက်ထဲမှာကိုင်ထားတဲ့ အထုပ်လေးကို ကမ်းပေးလိုက်ရင်း . . .

"ဒါက . . . အန်တီ့အတွက် ကျွန်တော်ဝယ်လာတာ"

"မဟုတ်တာ သားရယ်၊ အန်တီတို့အိမ်လာတာ လက်ဆောင်တွေဘာတွေ ဝယ်လာစရာမလိုပါဘူး၊ နောင် . . . အမျိုးတွေတော်ရတော့မှာဥစ္စာ"

"ဘာမှ အပန်းကြီးတဲ့ပစ္စည်းမဟုတ်ပါဘူး အန်တီရဲ့၊ သံစဉ်က အမြဲတမ်းလိုလို အနုပညာကိစ္စတွေနဲ့ အပြင်

www.burmeseclassic.com



ထွက်နေရတာလေ၊ အဲဒီတော့ အန်တီတစ်ယောက်တည်း အိမ်မှာကျန်ခဲ့တာမဟုတ်လား၊ ကျွန်တော်က အန်တီ အပျင်းပြေအောင် ဝယ်လာပေးတာပါ၊ အန်တီ့အတွက် အသုံးဝင်ပါလိမ့်မယ်"

"အမလေး . . . အလိုက်သိတတ်လိုက်တာ၊ သားတစ်ယောက်ပဲ အန်တီ့အတွက် ဒီလိုတွေးပေးတယ်၊ မှန်းစမ်း . . . ဘာပစ္စည်းပါလိမ့်"

ဒေါ်ရင်ရင်ကြီးက စိတ်ဝင်တစားနဲ့ စက္ကူအိတ်ထဲက ပစ္စည်းကိုဆွဲထုတ်လိုက်စဉ်မှာတော့ . . .

"ဟင် ! ဒါ . . . ဒါက"

လက်ထဲမှာပါလာတဲ့ အထုပ်ကိုကြည့်ပြီး ဒေါ်ရင်ရင်ကြီး ကြက်သေသေသွားတယ်။ ဝင့်ကြွားအကြည့်ကလည်း အဲဒီအထုပ်ဆီအရောက်မှာတော့ . . .

"ဟင်!"

ဝင့်ကြွားမျက်လုံးထဲမှာ ကြယ်တွေလတွေတောင်မြင်ပြီး ခေါင်းနပမ်းကြီးသွားတယ်။

အထဲကထွက်လာတာက "အဖော်" ကွန်ဒုံးအထုပ်တွေပါ။

□□□







# ဇာတ်ကွက် (၅)

"သံစဉ်လာပြီဟေ့ . . . သံစဉ်လာပြီ"

ရှူတင့်မန်နေဂျာရဲ့ အော်သံကြောင့် ဇာတ်ညွှန်းကို ငုံ့ဖတ်နေတဲ့ညချမ်းအကြည့်က မလှမ်းမကမ်းမှာရပ်သွားတဲ့ လင်ခရူဆာကားကြီးဆီရောက်သွားတယ်။ ဒါပေမယ့် ကားပေါ်က ပထမဆုံးဆင်းလာတာက သံစဉ်လှလှမဟုတ်။ မိတ်ကပ်ပြင်ပေးတဲ့ မာမီ။ ဒုတိယဆင်းလာတာကတော့ အသက်သတ်ပိုင်းအရွယ် ယောကျ်ားသားတစ်ယောက်။ ဘယ်သူများပါလိမ့်။ စိတ်ထဲမှာတော့ မြင်ဖူးသလိုလိုပင်။

သူ့အတွေးမဆုံးခင်မှာပဲ သံစဉ်လှလှက ကားပေါ်ကဆင်းလာပြီး ထိုယောကျ်ားသားရဲ့လက်ကို ဆွဲချိတ်လိုက်တယ်။ ဒီတော့မှ သူမနဲ့စေ့စပ်ထားတဲ့ ဝင့်ကြွားဆိုတဲ့လူမှန်းသိလိုက်တယ်။

www.burmeseclassic.com



ညချမ်းကလှမ်းပြီး အကဲခတ်နေတုန်းမှာပဲ သံစဉ်လှလှအကြည့်ကလည်း ညချမ်းဆီ ဖျတ်ခနဲရောက်လာတယ်။ ဒါပေမယ့် သူမအကြည့်က အောင်နိုင်သူတစ်ယောက်ရဲ့ အကြည့်မျိုး။ ကဲ . . . ဘယ့်နှယ်ရှိစဆိုတဲ့အထာမျိုး။

နောက်တော့ သူမက ဒါရိုက်တာမီးတောင် (အသည်းတွင်းဖြစ်)ကို ဝင့်ကြွားဆိုသူနဲ့ သွားပြီး မိတ်ဆက်ပေးနေတာ တွေ့ရတယ်။ ပြီးမှ သူ့ဆီကို သရော်တော်တော်အပြုံးတစ်ခုနဲ့အတူ ရောက်လာကာ . . .

"ကိုညချမ်း . . . ဒါ သံစဉ်နဲ့ မကြာခင် လက်ထပ်တော့မယ့် သံစဉ့်ချစ်သူလေ"

တဲ့ . . .။

ညချမ်းလည်း မကောင်းတတ်တော့ အောင့်သက်သက်နဲ့ပဲ လက်ဆွဲနှုတ်ဆက်လိုက်ကာ . . .

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်"

ဆိုတော့ ဝင့်ကြွားကလည်း . . .

"ကိုယ်လည်း မင်းသားနဲ့တွေ့ရတာ ဝမ်းသာပါတယ်"

ညချမ်းက ဝင့်ကြွားပုံစံကို အကဲခတ်မိတယ်။ ဝတ်ပုံစားပုံနဲ့ အမူအယာကတော့ လူကြီးလူကောင်းပုံစံပါပင်။ အင်းလေ . . . ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့။ အဲဒီအခိုက် . . .







"မင်းသား မင်းသမီး ရယ်ဒီဖြစ်ရင် စ,ရိုက်မယ်ဟေ့၊ စက်အဖွဲ့ အဆင်သင့်ပြင်ထားမယ်"

ရှူတင်မန်နေဂျာရဲ့ စကားအဆုံး သံစဉ်လှလှက ဝင့်ကြွားလက်မောင်းကို ပိုမိုတိုးကာပ်ချိတ်လိုက်ရင်း . . .

"ကိုကို . . . လာ၊ သံစဉ်တို့ ဟိုဘက်နားသွားထိုင်ရအောင်"

ဆိုပြီး ဆွဲခေါ်တော့ ဝင့်ကြွားခမျာ ယောင်နနနဲ့ ပါသွားတယ်။ ညချမ်းမှာတော့ သံစဉ်လှလှရဲ့ ဝင့်ကြွားကို ခေါ်လိုက်တဲ့ "ကိုကို" ဆိုတဲ့ အသံကြောင့် မရိုးမရွနဲ့ ကျန်နေခဲ့တော့တယ်။

ခဏအကြာမှာ ရှူတင်စ,ပြီ။ ဒါရိုက်တာ မီးတောင် (အသည်းတွင်းဖြစ်)က ညချမ်းနဲ့ သံစဉ်လှလှကို အိုက်တင်နဲ့ပတ်သက်ပြီး သေချာရှင်းပြနေတယ်။

"မင်းသားက ရေကူးကန်ဘေးမှာ ရပ်နေမယ်၊ မင်းသမီးကျတော့ "shock" အချိုရည်ဘူးလေးကိုကိုင်ပြီး ကန္တဲ့ကလျဟန်လေးနဲ့ လမ်းလျှောက်လာမယ်၊ ဒါကိုမြင်ပြီးတော့ မင်းသားက shock ရပြီး ရေကူးကန်ထဲပြုတ်ကျသွားမယ်၊ မင်းသမီးက သူ့ကြောင့်လို့ထင်ပြီးတော့ မင်းသားကို အပေါ်ဆွဲတင်ဖို့ လက်ကမ်းပေးတယ်၊ ဒါပေမယ့် မင်းသားက မင်းသမီးလက်ကို မဆွဲဘဲ မင်း

www.burmeseclassic.com





သမီးရဲ့ တစ်ဖက်လက်ထဲမှာကိုင်ထားတဲ့ shock အချို ရည်ဘူးကို ဖျတ်ခနဲဆွဲယူပြီး တရှိန်ထိုးမော့သောက်ပစ်လိုက်တယ်၊ ပြီးတော့ မင်းသားက ရေထဲကနေ လက်သီးလက်မောင်းတန်းပြီးတော့ "shock ! ! !" လို့ အကျယ်ကြီး အော်မယ်၊ ဒါပဲ နားလည်တယ်နော်"

ညချမ်းက "ဟုတ်ကဲ့" ဆိုပြီး ခေါင်းညိတ်ပြတယ်။ ဒါပေမယ့် သံစဉ်လှလှကတော့ လက်ညှိုးတစ်ချောင်းထောင် ပြီး . . .

"သံစဉ် . . . တစ်ခုလောက် အကြံပေးလို့ရမလား ဆရာ"

"ရပါတယ် . . . ပြောလေ"

"ဟို . . . မင်းသားကိုရေ၊ ရေကန်ထဲပြုတ်မကျခိုင်းဘဲ Sedona ဟိုတယ် ခေါင်မိုးပေါ်ကနေပြုတ်ကျခိုင်းရင် ပိုမကောင်းဘူးလားဆရာ"

"ဟင်!"

သံစဉ်လှလှစကားကြောင့် ညချမ်း ရင်တွေပန်းတွေ တုန်သွားရတယ်။ ဒါပေမယ့် ဒါရိုက်တာမီးတောင် (အသည်းတွင်းဖြစ်)ကတော့ ဝမ်းသာအားရ လက်ဖျောက်တစ်ချက်တီးလိုက်ကာ . . .

"ဟား . . . ဟုတ်သားပဲ၊ အဲဒါကို ဆရာ မစဉ်းစား မိဘူး





သမီးပြောသလို မင်းသား Sedona ခေါင်မိုးပေါ် ကနေ ပြုတ်ကျလာတာကို slow motion တွေ ဘာတွေ နဲ့များ ရိုက်ပြလိုက်ရင် . . . ဟား . . . ဒီကြော်ငြာ မြန်မာမှာတင်မဟုတ်ဘူး၊ ကမ္ဘာတောင် ကျော်ပြီ၊ ဟုတ်တယ်၊ ကြာပါတယ်ကွာ၊ အခုပဲ Sedona ခေါင်မိုးပေါ် ကို ရှူတင်ပြောင်းမယ် . . ."

ဒါရိုက်တာမီးတောင် (အသည်းတွင်းဖြစ်)က ပြောလည်းပြီးရော ရှူတင်ပြောင်းမယ်ဆိုပြီး လှည့်ထွက်ဖို့ပြင်တယ်။ ဒါကြောင့် ညချမ်းက ဒါရိုက်တာ့လက်တစ်ဖက်ကို ခြေကန်ဆွဲထားလိုက်ရင်း . . .

"မ . . . မလုပ်ပါနဲ့ ဆရာရယ်၊ နဂိုဇာတ်ညွှန်းအတိုင်းပဲ ရိုက်ရအောင်ပါ၊ ကျွန် . . . ကျွန်တော်က အမြင့်ကြောက်တတ်လို့ပါ၊ နော် . . . နော်လို့"

ဒီလိုဆိုတော့ သံစဉ်လှလှက နောက်ထပ်အကြံ တစ်ခုထပ်ပေးပြန်တယ်။

"ဒါဆို . . . ဒီလိုလုပ်ပါလား ဆရာ၊ သူ့ကို Sedona ခေါင်မိုးပေါ်က ပြုတ်မကျခိုင်းဘဲ လမ်းပေါ်မှာ ကားတစ်စီးကို မောင်းလာခိုင်း၊ သမီးက သူ့ကို shock အချိုရည်ဘူးကိုင်ထားတဲ့လက်နဲ့ ကားတားမယ်လေ၊ အဲဒီမှာ တင်ပဲ သူက အချိုရည်ဘူးကိုမြင်၊ သောက်ချင်စိတ်တွေ

www.burmeseclassic.com



တဖွားဖွားပေါ်လာပြီး shock ရ ပြီးတော့ လူရောကား ပါ လမ်းဘေးချောက်ထဲထိုးကျသွား၊ မကောင်းဘူးလား ဆရာ . . .”

“ဟား . . . ကောင်းလိုက်တာ၊ မိုက်တယ်ကွာ၊ ကား တစ်စီးလုံး ချောက်ထဲကို အပတ်ပေါင်းများစွာ ကျွမ်းပစ် ကျသွားတာကိုများ အပီအပြင်ရိုက်ပြလိုက်ရင်တော့ လား . . . ပေါက်ပြီ . . . ပေါက်ပြီ . . . လို့၊ ရိုက် မယ်ကွာ၊ ကားရော လူရောပါ အဆုံးခံပြီးတော့ကို ရိုက် မယ်၊ ဖါပေမယ့် ပြုတ်ကျမယ့်ချောက်က နက်ဖို့တော့ လိုမယ်”

“ဒါများဆရာရယ်၊ တောင်ကြီးဘက်မှာ ချောက်နက် နက်တွေ ပေါမှပေါ . . .”

“ဟုတ်သားပဲ၊ ကြာပါတယ်ကွာ၊ ကိုင်း . . . အခုပဲ တောင်ကြီးကို သွားမယ်”

ဒီတစ်ခါက ပိုဆိုးသွားပြီ။ လူရောကားရောပါ အဆုံးခံပြီး ရိုက်မှာတဲ့။ နားနဲ့ကြားရတာတင်ကို ညချမ်းတစ် ယောက် ကြက်သီးမွေးညင်းတွေထ,လာပြီ။ ဒီတော့ ဒါရိုက်တာ့ လက်ကို နောက်တစ်ခါ ခြေကန်ပြီး ဆွဲထားရပြန်တယ်။

“နေ . . . နေပါဦး ဆရာရယ်၊ ကျွန် . . . ကျွန်တော့် ကို ဗေဒင်က ခရီးမထွက်ရဘူး ဟောထားလို့ပါ၊ နဂို ဇာတ်ညွှန်းနဲ့ပဲ ရိုက်ရအောင်ပါနော် . . . နော် ဆရာ”







ဒါရိုက်တာမီးတောင် (အသည်းတွင်းဖြစ်)က အင်တင်တင်။

“နော် . . . နော်လို့”

ဒီမှာတင်ပဲ သံစဉ်လှလှက တစ်စခန်းထ,လာ ပြန်တယ်။

“ဒါဆို . . . ဒီလိုလုပ်ပါလားဆရာ . . . သူ့ကို”

ဒီတစ်ခါတော့ ညချမ်းက သံစဉ်လှလှကို စကား အဆက်မခံတော့ဘူး။ သံစဉ်လှလှရဲ့ နဖူးကို လက်ညှိုးထိုးလိုက် ပြီး . . .

“ဟင် ! မင်း . . . မင်းနဖူးမှာ ပွေးကွက်ကြီး”

“ဘာ!”

“မင်းနဖူးမှာ ပွေးကွက်ကြီးလို့”

“ရှင် မဟုတ်တာမပြောနဲ့နော်”

“တကယ်ပြောနေတာ၊ မယုံရင်သွားပြီး မှန်ကြည့်ကြည့်”

“ဟုတ်ရင်ဟုတ်ပေ့၊ မဟုတ်လို့ကတော့ ရှင်နဲ့ကျွန်မ တွေ့မယ်”

ပြောပြီး သံစဉ်လှလှက ကော့ပက်ကော့ပက်နဲ့ ထွက်သွားတယ်။ ညချမ်းလည်း ဒီတော့မှ သက်ပြင်းချနိုင် တော့တယ်။

သံစဉ်လှလှက သူမရဲ့မိတ်ကပ်ဆရာ “မာမီညို

www.burmeseclassic.com



ကလေးပြာ"ကို သူမနဖူး လက်ညှိုးထိုးပြကာ . . .

"မာမီ . . . သူမိုးနဖူးမှာ ပွေးကွက်ကြီးဆို ဟုတ်လား"

"ဖွဟဲ့ . . . လွဲပါစေ . . . ဖယ်ပါစေ . . . ဒီလောက် ရှင်းသန့်ပြေပြစ်နေတဲ့ သံစဉ်နဖူးလေးကိုများ ဘယ်သူ က ပြောတာလဲ၊ အံ့ပါရဲ့ဟယ် . . . အံ့ပါရဲ့၊ ပြောစမ်း မာမီ့ကို၊ အဲဒီလူ မာမီနဲ့ကိုတွေ့မယ်"

မာမီညြိကလေးပြာရဲ့ လက်ဖျားတခါခါ၊ ခေါင်း တရမ်းရမ်းနဲ့ပြောစကားအဆုံး . . .

"ဘယ်သူကမှာလဲ၊ ဟို မင်းသားစုတ် ညချမ်းပေါ့"

"ဩော် . . . နှုကလေး (သူကလေးကို ဆိုလို့သည် နှာသံကြောင့် စကားမပီခြင်း)လား"

"သူကလေး မဟုတ်ဘူး၊ သူ . . . ကြီး၊ သူ . . . ကြီး"

"နှုကလေးဆိုရင်တော့ ဗွေမယူပါနဲ့သံစဉ်ရယ်၊ နှုက လေးက တမင်တကာပြောတာ ဟုတ်လောက်ပါဘူး အမြင်မှားသွားတာ နေမှာပါ . . ."

"ဟွန်း . . . မာမီညြိနော်၊ အမြင်ကတ်လာပြီ၊ သိပ်မနေ နဲ့၊ နေပစေဦး အဲဒီမင်းသားစုတ်ကို၊ သံစဉ်အကွက်ထဲ ဝင်လာမှ ပညာပြလိုက်ဦးမယ် . . ."

နောက် (၅)မိနစ်လောက်အကြာမှာတော့ ရိုက်ကူး ရေးကို စတင်ပါတယ်။







"ဝမ်း . . . တူး . . . သရီး . . . အက်ရှင်"

ဒါရိုက်တာရဲ့ အချက်ပေးသံဆုံးတာနဲ့ သံစဉ်လှလှ က အခုခေတ်ကြော်ငြာမင်းသမီးလေးတွေ လမ်းလျှောက်တတ် တဲ့ ထုံးစံအတိုင်း ပစ္စည်းကိုကြော်ငြာသလိုလို . . . လူကို ကြော် ငြာသလိုလိုပုံစံနဲ့ လျှောက်လာတယ်။ လက်ထဲမှာက shock အချိုရည်ဘူးလေးကိုင်လို့။

ဒါကိုမြင်သွားတဲ့ ညချမ်းက နောက်ကိုခြေတစ် လှမ်းဆုတ်လိုက်မိတယ်ဆိုရင်ပဲ . . .

"ဗွမ်း!"

ဆို ရေကူးကန်ထဲ ပြုတ်ကျသွားတယ်။ ညချမ်းရဲ့ အိုက်တင်က ဒါရိုက်တာညွှန်ကြားထားတဲ့အတိုင်း လုံးဝကွက်တိ။ ဒါပေမယ့် သံစဉ်လှလှဆီက ထွက်လာတဲ့အသံတစ်ခု . . .။

"ဟပ်ချိုး !"

ဆိုတဲ့ အသံအဆုံး . . .

"ဟား . . . ကတ် ! . . . ကတ် ! . . . ကတ် !"

ဒါရိုက်တာမီးတောင်(အသည်းတွင်းဖြစ်)ရဲ့ အသံ က အကျယ်ကြီးထွက်လာတယ်။ ပြီးတော့ မင်းသမီးဆီကို လမ်း လျှောက်လာရင်း ပါးစပ်ကလည်း . . .

"မင်းသမီး . . . ဘယ်လိုဖြစ်တာလဲ၊ ဇာတ်ညွှန်းထဲမှာ နှာချေတာ မပါဘူးလေ"

www.burmeseclassic.com



"သိပါတယ် ဆရာရဲ့၊ ဒါပေမယ့် နှာချေချင်တာက တားလို့မှမရတာ၊ သူ့ဘာသာဖြစ်လာတဲ့ဟာကို"

"နည်းနည်းဖြစ်ဖြစ် ရသလောက်တော့ အောင့်ထားပေါ့ မင်းသမီးရယ်"

"ဟုတ်ပါပြီ ဆရာရဲ့၊ အခါး သတိထားပါ့မယ်"

ဒီလိုနဲ့ နောက်တစ်ခါပြန်ရိုက်တယ်။ မင်းသမီးက shock အချိုရည်ဘူးလေးကိုင်ပြီး ကန့်ကလန့်လျှောက်လာ။ မင်းသားဖြစ်တဲ့ ညချမ်းက ရေထဲကို "ဗွမ်း" ဆို ပြုတ်ကျသွား။ ဒီမှာတင်ပဲ . . .

"ဟပ်ချိုး!"

"မင်းသမီး . . . ဘယ်လိုဖြစ်ရပြန်တာလဲ"

"သူ့ဘာသာ နှာချေတာဆရာ"

ဒီလိုနဲ့ နောက်တစ်ခါပြန်ရိုက်တယ်။

"ဗွမ်း"

"ဟပ်ချိုး!"

"မင်းသမီး!"

"မထိန်း . . . မထိန်းနိုင်လို့ပါဆရာ"

နောက်တစ်ခါပြန်ရိုက်ပြန်တယ်။

"ဗွမ်း"

"ဟပ်ချိုး!"







"မင်းသမီး!"

"မ . . . မအောင့်နိုင်လို့ပါဆရာ"

ဒီလိုနဲ့ ခဏခဏပြန်ရိုက်ရင်းကနေ ဆယ့်ငါးခါလောက်ဖြစ်သွားတယ်။ အခုထိ သံစဉ်လှလှက ဟပ်ချိုးနေတုန်း။ အကြိမ်လဲလိုက် ရေထဲပြန်ပြုတ်ကျလိုက်နဲ့ ညချမ်းက တော့ နှုတ်ခမ်းတွေတောင်ပြာနေပြီ။ မတတ်သာတဲ့အဆုံးမှာ တော့ ဒါရိုက်တာမီးတောင်(အသည်းတွင်းဖြစ်)က ရှူတင်ကို ခဏနားလိုက်ရတယ်။ သံစဉ်လှလှက ရှူတင်နားတုန်းမှာ မိတ်ကပ်လေးဘာလေး ထပ်ဖို့တယ်။

"သံစဉ်ရယ် . . . နှူကလေး (သူကလေး)ကို အဲဒီလောက်ကြီး မရက်စက်ပါနဲ့၊ နှူကလေး (သူကလေး) တော်တော်ချမ်းနေလောက်ပြီ . . ."

"ဒါတောင် အကင်းပဲရှိသေးတယ် မာမီညိုရဲ့၊ တကယ့် အပီအပြင်က အခုမှလာမှာ . . ."

"ဘုရား . . . ဘုရား . . ."

မာမီညိုကလေးပြာက ရင်ဘတ်ဖိပြီး ဘုရားတ,တယ်။ သံစဉ်လှလှကတော့ သူမရဲ့လုပ်ရပ်အတွက် ပြုံးပျော်လို့။ နောက်တော့ သူမက ရှော့(ခ်)(shock)အချိုရည်ဘူးလေးကို နည်းနည်းလေးဖွင့်ပြီး အချိုရည်ဘူးထဲကို အိမ်ကတည်း က တမင်ယူလာတဲ့ ဆားတွေတော်တော်များများထည့်ပြီး အရည်

www.burmeseclassic.com



ပျော်သွားအောင်လုပ်လိုက်တယ်။ နောက်ပြီး သံပုရာသီး နှစ်လုံးလောက်ကိုပါ ထပ်ပြီး ညှစ်ထည့်လိုက်ပြန်တယ်။ ဒါကိုကြည့်ပြီး မာမီညိုကလေးပြာက မျက်လုံးတွေပြူးလို့။

"ရှူတင် စမယ်ဟေ့"

ဒါရိုက်တာရဲ့ အော်သံက စီခနဲထွက်ပေါ်လာတယ်။ သံစဉ်လှလှက အချိုရည်ဘူးလေးကိုကိုင်ထားရင်းက နေညချမ်းကို တစ်ချက်လှမ်းရှိုးလိုက်တယ်။

ညချမ်းက ဆံပင်တွေကို Hair dryer နဲ့ အမှုတ်ခံနေရင်းကနေ သံစဉ်လှလှကို စိတ်ထဲကနေ မေတ္တာပို့နေမိတယ်။ သူတော်တော်ချမ်းတုန်နေပြီ။ ဒင်း တမင်သက်သက်လုပ်တယ်ဆိုတာကိုသိတော့ ပိုပြီး မခံချိမခံသာဖြစ်ရတယ်။ ဒင်းကိုလှမ်းကြည့်လိုက်တော့ ပြုံးပျော်လို့။ ဒင်းရဲ့ ရည်းစားကိုဝင့်ကြွားဆိုတာကတော့ ဘယ်အချိန်ကပြန်သွားသလဲ မသိလိုက်ဘူး။

"ရှူတင် စ,မယ်ဟေ့"

ဒါရိုက်တာ့အော်သံကြားတော့ သူ ထိုင်ရာကထ,လိုက်တယ်။ ခဏကြာတော့ ရှူတင်ပြန်စပြီ။

သံစဉ်လှလှက အချိုရည်ဘူးလေးကိုကိုင်ပြီး ကနွဲ့ကလျနဲ့ လမ်းလျှောက်လာတယ်။ ဒါကိုမြင်သွားတဲ့ညချမ်းက ဒါရိုက်တာမှာထားတဲ့အတိုင်း ရေကူးကန်ထဲကို ပက်လက်

 





လှန်ချလိုက်တယ်။ ပြီးတော့ ရေထဲကပြန်ပေါ်လာတဲ့ ညချမ်းက သံစဉ်လှလှကို "ဟပ်ချိုး" ဦးမလားလို့ အလန့်တကြားလှမ်းကြည့်တယ်။ ဒါပေမယ့် ဒီတစ်ခါတော့ သူမက နှာမချေတော့ဘူး။ သူ့ဆီကို လှုပ်လီလှုပ်လဲ့ လှမ်းလျှောက်လာပြီး လက်တစ်ဖက်ကမ်းပေးလာတယ်။ သူက သူမလက်ကို မဆွဲဘဲ သူမရဲ့ တစ်ဖက်လက်ထဲက shock အချိုရည်ဘူးလေးကို ဖျတ်ခနဲဆွဲယူဖောက်ကာတစ်ရှိန်ထိုး မော့သောက်ပစ်လိုက်တယ်။ ဒါပေမယ့် သူ့ပါးစပ်ထဲကို ဝင်လာတာက ချဉ်စူးစူးငန်တူးတူး အရည်တွေ . . .။

ဒါရိုက်တာ မှာထားတာကတော့ "shock" (ရှော့ခ်) လို့ အားရပါးရ အော်ဖို့ပါပဲ။ ဒါပေမယ့် သူ့ပါးစပ်က ချိုမဆန့်ထွက်သွားတဲ့ အသံကတော့ . . .။

"ရှီး"

□□□

 

www.burmeseclassic.com



ဒီမှာမိတ်ဆွေ . . .
ချစ်သူမရှိလို့ စိတ်မပျက်ပါနဲ့ . . .
အချစ်က . . .
ခင်ဗျားနောက်မှာ . . .
ခင်ဗျားရဲ့ခြေရာကိုနင်းပြီး
ဖဝါးထပ်မျှ လိုက်ပါလာပါတယ် . . .
ဒါပေမယ့် . . . သူ့ကိုမြင်ဖို့တော့
ခင်ဗျားနှလုံးသားက မျက်စိဖွင့်ထားဖို့လိုမယ် . . .

◻◻◻







# ဇာတ်ကွက် (၆)

ရိုက်ကွင်းပေါ်မှာ ဟပ်ချိုးခဲ့တာက သံစဉ်လှလှ ဆိုပေမယ့် နောက်တစ်နေ့မှာ ဟပ်ချိုးရတာက ညချမ်းဖြစ်သွားတယ်။ ခေါင်းတွေမူးနောက်၊ နှာတွေစေးပြီး ချမ်းတုန်နေတာ ငှက်ဖျားအပြင်းစားမိထားသလိုပဲ။ နှပ်ချေးညှစ်ပြီးတော့ ခုတင်အောက်မှာပစ်ချထားတဲ့ တစ်ရှူးတွေဆိုတာလည်း အနည်းမနော . . .။

"မိစ္ဆာမ . . . လင်းတ(လဒ)မ . . . ချဉ်ပေါင်နိုးမ . . .
တုတ်ထိုးမ . . . ခွေးဝဲစားမ"

စသဖြင့် ပါးစပ်က ဆဲနည်းပေါင်းများစွာကို ဆဲရေးတိုင်းထွာလိုက် နှပ်ချေးညှစ်လိုက်နဲ့ တစ်ယောက်တည်း ကမ္ဘာပျက်နေတော့တယ်။ သိသိကြီးနဲ့ ပညာပေးခံလိုက်ရတာဆိုတော့ ပိုပြီး ခံပြင်းရတာပေါ့။

အဲ . . . သူ အခံပြင်းဆုံးကတော့ သူမက နောက်တစ်ယောက်ကို ခေါ်လာပြချိန်မှာ သူကကျတော့ တစ်

www.burmeseclassic.com



ယောက်တည်း။ ရုပ်ဆိုးလွန်းတဲ့လူ၊ ဒါမှမဟုတ် အားနည်းချက် တစ်စုံတစ်ရာ ရှိနေတဲ့သူဆိုလျှင်တော့ ထားပါတော့။ ဒါပေ မယ့် အခုဟာက ဒီလိုမဟုတ်။ သူ့လို ပျိုတိုင်းကြိုက်တဲ့ နှင်းဆီ ဉယျာဉ်ကြီးက နောက်ကောက်ကျကျန်ခဲ့တာလေ။ ဒါ ဘယ် လောက်တောင် ဆိုးလိုက်တဲ့အဖြစ်လဲ။ လူကြားလို့မှမကောင်း။

"မဖြစ်ဘူး . . . မဖြစ်ဘူး၊ ငါ့မှာလည်း လက်ဆုပ်လက် ကိုင်ရှိတယ်ဆိုတာ ပြမှဖြစ်တော့မယ် . . ."

တစ်ယောက်တည်း ရေရွတ်နေရင်းကနေ ဘယ် မိန်းကလေးကို လိုက်ရမလဲဆိုတာကို အသည်းအသန် စဉ်းစား ရှာဖွေမိတယ်။

ပထမဦးဆုံး သူ့အာရုံထဲဝင်လာတာက ကမ္ဘာ ကျော်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီ။ ဒါပေမယ့် သူ့မှာက ဘရက်ပစ်ရှိပြီးသားဆိုတော့ . . . မဖြစ်သေးဘူး။

ဒုတိယမြောက် အာရုံထဲကိုဝင်လာတာကတော့ ဂရမ်မီဆုတွေအများကြီးရထားတဲ့ အဆိုတော်မလေး တေလာ ဆွစ်(ဖ်)။ ရွှေဝါရောင်ဆံပင်လေးနဲ့ နှာတံချွန်ချွန်လေးက စွဲ မက်စရာ။ သွားကလေးက မဆိုစလောက်လေးခေါနေပေမယ့် ကြည့်လို့ကောင်းပါတယ်။ ဒါပေမယ့် သူမက ရည်းစားများ တယ်။ မဖြစ်သေးပြန်ဘူး။

အဲ . . . ဒီတစ်ခါ အာရုံထဲကို ဝင်လာတာက







တော့ လေဒီဂါဂါပါ။ လေဒီဂါဂါ့လက်ကလေးကိုဆွဲပြီး သံစဉ် လှလှရွေ့မှာများ လမ်းလျှောက်ပြလိုက်ရရင် သံစဉ်လှလှခများ နေရာမှာတင် နှလုံးခုန်ရပ်ပြီး ပွဲချင်းပြီးသွားလောက်တယ်။ မိမိလည်း အလိုလိုနေရင်း ကမ္ဘာကျော်သွားမှာ။

အင်း . . . ဒါပေမယ့်လည်း မဖြစ်သေးပါဘူး။ ဘာလို့လဲဆိုတော့ လေဒီဂါဂါက ဖက်ရှင်တွေအရမ်းထွင်တာ။ သူမကိုယ်တိုင်တောင် အမဲသားကို အကျႌချုပ်ဝတ်တာဆိုတော့ မိမိကိုလည်း သူမနဲ့လိုက်အောင် ခွေးသားကို အကျႌချုပ်ဝတ် ခိုင်းရင် မခက်ပါလား။ ဟင်း . . . မဖြစ်သေးဘူး။ မဖြစ် သေးပါဘူး။

ဒီလိုနဲ့ ကမ္ဘာကျော်တွေကို တစ်ယောက်ပြီးတစ် ယောက် တွဲလိုက်ဖြုတ်လိုက်လုပ်လာရင်းကနေ သူ့အာရုံထဲကို နောက်ဆုံးတစ်ယောက် ဝင်လာတယ်။ သူမကတော့ စာရေး ဆရာ၊ လွန်းပုညလမင်းပါပဲ။ မျက်မှန်အကြည်လေးတပ်ပြီး ခပ်ပါးပါးလေး ပဲကျွေးတတ်တဲ့ဟန်လေးက သူ့ရင်ဘတ်ကို သာသာလေး လာတို့တယ်။ အင်း . . . ဒီလောက်ဆိုရင် လုပ်လို့ရပါပြီ။

□□□

www.burmeseclassic.com



လက်ထဲက လိပ်စာကဒ်ကို သေချာအောင် နောက်တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်ပြီးတော့မှ ခြံတံခါးက ဘဲ(လ်)ကိုနှိပ်လိုက်တယ်။ သိပ်မစောင့်လိုက်ရပါဘူး။ ခြံထဲက နေ လူတစ်ယောက် ခပ်သုတ်သုတ် ထွက်လာတယ်။ အဲဒီလူ အနားကိုအရောက်မှာတော့ . . .

"ဟယ် . . . ဒေါက်တာ"

ခင်ခင်လှအောင်အသံက ဝမ်းသာအားရ။ ပြီးတော့ တအံ့တသြ။ ဖိုးလမင်းကတော့ ဇဝေဇဝါဟန်နဲ့ . . .။

"ဒီကအစ်မက ကျွန်တော့်ကို သိလို့လား"

"သိတာပေါ့၊ ဒေါက်တာ့ဆေးခန်းကို ကျွန်မ လာဖူးတယ်လေ"

"ဩော် . . . ဟုတ်ကဲ့၊ အခုက ဘာကိစ္စလဲ မသိဘူး"

"ဩော် . . . ဟုတ်သားပဲ၊ လာရင်းကိစ္စတောင် မေ့တော့မလို့၊ အသိတစ်ယောက်က ပြောလိုက်တာ







ဒီအိမ်က ကားလဲမယ်ဆိုလို့လေ"

"ဟုတ်တယ်ခင်ဗျာ၊ ကျွန်တော့်ကားလဲမှာ၊ ဒီကအစ်မ က မခင်ခင်လှအောင်ဆိုတာလား"

"ဟုတ်တယ် . . . ကျွန်မပဲ . . ."

"ဩော် . . . အထဲဝင်လေ၊ အပေါက်ဝကြီးမှာ၊ ကားက လည်း အထဲမှာခင်ဗျာ"

ဖိုးလမင်းက တံခါးဖွင့်ပေးတော့ ခင်ခင်လှအောင်က ခြံထဲလိုက်ဝင်လာခဲ့တယ်။ ပေါ်တီကိုအောက်နား ရောက်တော့ ဗင်ကားအဖြူလေးတစ်စီးရပ်ထားတာကို တွေ့ရတယ်။

"ဒီကားရောင်းမှာခင်ဗျာ၊ ပြန်ဝယ်ရင်တော့ လင်ခရူဆာထဲက လိုချင်တယ်ဗျ"

ခင်ခင်လှအောင်က ကားကိုလှည့်ပတ်ကြည့်ပြီး စိတ်ကြိုက်ရပြီဆိုမှ . . .

"လင်ခရူဆာကတော့ ကျွန်မလက်ထဲမှာ နှစ်စီးလောက် ရှိပါတယ်၊ ဒေါက်တာကြည့်ကြည့်ပေါ့၊ အဲဒီနှစ်စီးထဲက မှ မကြိုက်သေးရင်လည်း ကျွန်မနောက်ထပ်ရှာပေးပါ့မယ်၊ ဒါနဲ့ ဒေါက်တာက ဒီကားကို ဘယ်လောက် လောက်ရရင်လွှတ်မှာလဲ"

www.burmeseclassic.com



"ဟို . . . အိမ်ထဲမှာ တစ်ခုခုသောက်ရင်း ပြောကြတာပေါ့ဗျာ၊ အချိန်ရတယ်မဟုတ်လား . . ."

"အိုး . . . သိပ်ရတာပေါ့၊ ကျွန်မက ဒီအလုပ်လုပ်နေတာပဲဟာ"

ဂ်ဂ်ဂ်







# ဇာတ်ကွက် (၅)

မာတ်လှေကား ခလုတ်ကို နှိပ်မယ် အပြုမှာပဲ "ခဏလေး၊ ခဏလေး" ဆိုတဲ့ အသံတစ်ခုကြောင့် ညချမ်းလက်က တုန့်သွားတယ်။ ပြီးတော့မှ အသံလာရာဆီ ကြည့်လိုက်မိတယ်ဆိုရင်ပဲ . . .

"ဟာင် !"

သူ့ရင်ထဲက သတ္တဝါက ခပ်မြူးမြူးတစ်ချက် ဆောင့်ခုန်သွားတယ်။ စာရေးဆရာမ . . .။

လွန်းပုညလမင်းကလည်း ညချမ်းကိုမြင်တော့ တအံ့တသြပုံစံနဲ့။

"ဟယ် . . . မင်းသား၊ ဘယ်ကိုလာတာလဲ"

ဆိုပြီး မာတ်လှေကားထဲ ဝင်လာတယ်။ သူက မာတ်လှေကားခလုတ်ကို နှိပ်လိုက်ပြီးမှ . . .

"အထပ်နှစ်ဆယ်က ကော်ဖီဆိုင်ကိုလာတာ၊ ဆရာမကရော"

www.burmeseclassic.com



“ကျွန်မလည်း ဒီဆာကူရာတာဝါက အထပ်နှစ်ဆယ်ကို လာတာပဲ၊ ကျွန်မက စာရေးပြီးလို့ ခေါင်းတွေနောက်လာရင် ဒီကော်ဖီဆိုင်လေးကို လာပြီး ခေါင်းဆေးနေကျလေ”

“ဟုတ်လား . . . ဒါဆို ကျွန်တော်နဲ့တူတာပေါ့၊ ကျွန်တော်ကလည်း စိတ်ထဲမှာ တစ်ခုခု အခန့်မသင့်တာနဲ့ ဒီဆိုင်ကို ထွက်လာတော့တာပဲ”

အဲဒီလိုစကားတပြောပြောနဲ့ပဲ အထပ်နှစ်ဆယ်ကို ရောက်လာတယ်။ ဒါပေမယ့် ကော်ဖီဆိုင်လေးနားအရောက်မှာတော့ . . .

“ဟင် !”

လွန်းပုညလမင်းရဲ့ခြေလှမ်းတွေက တုံ့ခနဲရပ်သွားတယ်။ သူမမြင်လိုက်ရတာက ဆိုင်ထဲမှာထိုင်နေတဲ့ ဖိုးလမင်း။ ဒါပေမယ့် တစ်ယောက်တည်းမဟုတ်ဘူး။ အမျိုးသမီးတစ်ယောက်နဲ့ . . . ။

“ဘာဖြစ်လို့လဲ”

ညချမ်းကမေးလည်းမေး အကြည့်ကလည်း လွန်းပုညလမင်းကြည့်နေတဲ့ နေရာဆီရောက်သွားတယ်။

“အဲဒါ . . . ကျွန်မရဲ့ ရည်းစားဟောင်း . . .”

“ဩော် . . .”

ညချမ်းသဘောပေါက်သွားတယ်။ ခေါင်းတဆတ်







ဆတ်ညိတ်နေတုန်းမှာပဲ . . .

“ရှင် . . . ကျွန်မလက်ကို တွဲထားပေးလို့ရမလား”

“ဗျာ!”

“ကျွန်မလက်ကို တွဲထားပေးလို့ရမလားလို့ ပြောတာ”

“ဩော် . . .”

ညချမ်းက နလပိန်းတုံးတစ်ယောက်မှ မဟုတ်တာ။ လွန်းပုညလမင်းက သူ့ကိုရည်းစားအဖြစ် သရုပ်ဆောင်ပေးဖို့ပြောတယ်ဆိုတာကို သဘောပေါက်တယ်။ ပြီးတော့ မင်းသားလေ။ ဒီတော့ လက်ကိုင်ရမှာ တွန့်ဆုတ်နေတာတွေ၊ ကြောက်နေတာတွေ၊ ရှက်နေတာတွေ မရှိဘူး။ ညချမ်းက လွန်းပုညလမင်းရဲ့လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ကိုင်လိုက်ပြီး နှစ်ယောက်သား ခပ်တည်တည်ပဲ ဆိုင်အတွင်းပိုင်းကို လျှောက်ဝင်လာခဲ့ကြတယ်။

အဲဒီအချိန်မှာပဲ ညချမ်းနဲ့ လွန်းပုညလမင်းကို ဖိုးလမင်းက မြင်သွားတယ်။ ဒီတော့ သူ့ရင်ထဲမှာ မခံချင်စိတ်တွေ ဖြစ်လာတော့တာပေါ့။ ကိုယ့်ရဲ့ရည်းစားဟောင်းတစ်ယောက်ကို အခြားယောကျ်ားသားတစ်ယောက်နဲ့ လက်ချင်းတွဲပြီး လျှောက်လာတာကို (ရည်းစားဟောင်းကို သံယောဇဉ်ပြတ်သေးတာ မဟုတ်ရင်တောင်) ဘယ်လိုမှ ခံစားပေးလို့ရေဘူး။ ပြီးတော့ အဆက်ဟောင်းက နောက်တစ်ယောက်ရ

www.burmeseclassic.com



သွားချိန်မှာ သူကတော့ တစ်ယောက်တည်း။ ဒါကိုတွေးမိတော့ သူ့စိတ်ထဲမှာ နောက်ကောက်ကျကျန်နေခဲ့သလို ခံစားလိုက်ရတယ်။ ဒီမှာတင်ပဲ သူ့အကြည့်က မျက်နှာချင်းဆိုင်မှာရှိတဲ့ ခင်ခင်လှအောင်ဆီကို ရောက်သွားတော့တာပဲ။

တကယ်တမ်းကျတော့ ဖိုးလမင်းနဲ့ ခင်ခင်လှအောင်က ကားလဲဖို့ကိစ္စနဲ့ဆက်နွယ်ပြီး အခုတလော တွေ့ဖြစ်နေကြတာ။ ဒီနေ့လည်း ခင်ခင်လှအောင်နဲ့ ကားသွားကြည့်ပြီး အပြန်မှာ ဒီအထပ်နှစ်ဆယ်က ကော်ဖီဆိုင်ခလေးကို ရောက်လာခဲ့ကြတာ။ အခုတော့ . . .။

"အစ်မ . . . ကျွန်တော့်ကို တစ်ခုလောက်ကူညီပါ လား"

"ရှင် . . . ကျွန်မက ဒေါက်တာ့ကို ဘာများကူညီပေးရမှာလဲ"

"ကျွန်တော့်ရည်းစား လုပ်ပေးဖို့ပါ"

"အို!"

ခင်ခင်လှအောင်က အလန့်တကြားနဲ့ ပါးတွေဘာတွေတောင် ရဲတွတ်သွားပြီး ခေါင်းငုံ့သွားတယ်။ ပြီးတော့ ပေါင်ပေါ်မှာတင်ထားတဲ့ ပိုက်ဆံအိတ်ကိုင်းကို အရှက်သည်းပြီး လိမ်ကျစ်နေတော့တယ်။

"ဟို . . . ဟို . . . ကျွန်တော်ဆိုလိုတာက ကျွန်တော့်ရည်းစားအဖြစ် ခဏလောက် ဟန်ဆောင်ပေးလို့ရမလားလို့ မေးတာပါ"



ဖိုးလမင်းစကားအဆုံး ပိုက်ဆံအိတ်ကိုင်းကို လိမ်ကျစ်နေတဲ့ ခင်ခင်လှအောင်ရဲ့ လက်တွေကရပ်သွားပြီး အရှက်သည်းစွာငုံ့နေတဲ့ခေါင်းက ဆတ်ခနဲ ပြန်မော့လာတယ် . . .။ ပြီးတော့ တစ်ခုခုပြောဖို့ ပြင်လိုက်စဉ်မှာပဲ သူမအကြည့်က ဆိုင်အဝင်ပေါက်ဝဆီကို ရောက်သွားတယ်။

"ဟင်!"

ဆိုင်ထဲကို နောက်ထပ်ဝင်လာတာက ဝင့်ကြွားနဲ့ သံစဉ်လှလှ။ သံစဉ်လှလှက ဝင့်ကြွားလက်မောင်းကိုချိတ်လို့။ ဝင့်ကြွားပုံစံက အရင်ကလို တိုက်ပုံအင်္ကျီနဲ့ပုဆိုးနဲ့ပါပဲ။ ချိုင်းကြားမှာလည်း ထီးကောက်ကြီးကို ညှပ်လို့။ ဒါကိုမြင်လိုက်ရတော့ ခင်ခင်လှအောင်စိတ်ထဲမှာ အကြံတစ်ခုရသွားပြီး . . .

"ရှင်တောင်းတဲ့ အကူအညီကို ကျွန်မပေးမယ် ဒေါက်တာ"

လို့ ပြောလိုက်တယ်။ ခင်ခင်လှအောင်နဲ့ စကားအဆုံး ဖိုးလမင်းက ထိုင်ရာကထ,ရပ်လိုက်ကာ လက်ချင်းချိတ်ကာ လျှောက်ဝင်လာတဲ့ လွန်းပုညလမင်းကို လက်တစ်ဖက်ထောင်ပြလိုက်တယ်။ ဒါကိုမြင်သွားတဲ့ လွန်းပုညလမင်းကသည်း တစ်ချက်ပြုံးလိုက်ကာ ညချမ်းလက်ကိုတွဲထားရင်း ဖိုးလမင်းတို့ဝိုင်းကို လျှောက်သွားလိုက်တယ်။

www.burmeseclassic.com







တကယ်တမ်းကျတော့ ဖိုးလမင်းနဲ့ လွှမ်းပုညလမင်းက ရည်းစားအဖြစ်က ပြတ်သွားပြီးချိန်ကစပြီး မခေါ်မပြောတော့တာ အခုအချိန်ထိ။ အခုမှ တစ်ယောက်ကိုတစ်ယောက် နောက်ရည်းစားရနေပြီဆိုတာမျိုး ပြချင်လို့ ပြန်ခေါ်လိုက်ကြတာ။

"ဘယ်ကိုလာတာလဲ"

စကားမရှိ စကားရှာပြောလာတဲ့ ဖိုးလမင်းရဲ့ အမေးကို လွှမ်းပုညလမင်းက ထိုင်ခုံမှာဝင်ထိုင်လိုက်ရင်း . . .

"ဒီကိုပဲတမင်လာတာ၊ သူပေါ့ (ညချမ်းကို မေးငေါ့ပြလိုက်ရင်း) ဒီကိုသွားချင်လို့ဆိုပြီး ဖုန်းတဂွမ်ဂွမ်ဆက်နေတာနဲ့ ရေးလက်စ,ဝတ္ထုတောင် ဒီအတိုင်းထားပြီး ထွက်လာခဲ့တာ"

လွှမ်းပုညလမင်းက စာရေးဆရာမပီပီ ဘယ်နေရာမှာ ဘယ်လိုစကားလုံးမျိုးနဲ့ အကွက်ရွှေ့ရမယ်ဆိုတာ ကောင်းကောင်းသိတယ်။ အဲဒါကြောင့် သူမက ညချမ်းဟာ သူမရည်းစားပါဆိုတာကို ပေါ်တင်ကြီးမဟုတ်ဘဲ ခပ်ပါးပါး လေး အသိပေးလိုက်တာ။

ဖိုးလမင်းကလည်း ဒါကို သဘောပေါက်တယ်၊ ဒါကြောင့် သူကလည်း ခင်ခင်လှအောင်ကို ပွဲထုတ်မယ့်အလုပ်မှာ ခင်ခင်လှအောင်က ထိုင်နေရာမှ ရုတ်တရက်ထ,လိုက် ပြီး . . .

"ကိုဝင့်ကြွား . . ."

ခင်ခင်လှအောင်ရဲ့ခေါ်သံကြောင့် အထဲကိုဝင်လာတဲ့ ဝင့်ကြွားအကြည့်က ခင်ခင်လှအောင်တို့ထိုင်နေတဲ့ ဝိုင်းဆီရောက်လာသလို ဝိုင်းမှာထိုင်နေနှင့်ပြီးသားလူတွေရဲ့ အကြည့်ကလည်း ဝင့်ကြွားနဲ့ သံစဉ်လှလှတို့ဆီရောက်သွားတယ်။ ကျန်တဲ့သူတွေက ဘယ်လိုမှ မနေပေမယ့် ညချမ်းကတော့ သူ့ရဲ့ရည်းစားဟောင်း သံစဉ်လှလှကို ရုတ်တရက်တွေ့လိုက်ရတော့ အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ တပြိုင်နက်တည်းလိုလိုပဲ ကျေနပ်ပျော်ရွှင်မှုတစ်ခုကလည်း ဖြစ်ပေါ်လာပြန်တယ်။ အရင်တစ်ခါဆုံစဉ်က သူက ရည်းစားလက်မဲ့ . . .။ အခုတော့ လက်ဆုပ်လက်ကိုင်ပြလို့ရတဲ့ အနေအထား။ ဒီတစ်ခါတော့ တွေ့ကြပြီပေါ့။ သံစဉ်လှလှကလည်း ညချမ်းကိုမြင်တော့ အပေါ်နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်း တွန့်သွားရုံလေးနဲ့ မချိုမချဉ်ပြုံးတယ်။ နောက်တော့ ဝင့်ကြွား နဲ့ သံစဉ်လှလှလည်း စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ကြတယ်။

စားသောက်စရာတွေကို အသီးသီးမှာအပြီးမှာတော့ ခြောက်ယောက်စလုံးဟာ သူတို့နဲ့သက်ဆိုင်ရာလူတွေ ကို မသိမသာအကဲခတ်ကြတယ်။ ပြီးတော့ ဘယ်လိုစကားလုံး မျိုးနဲ့ ပစ်ပေါက်လိုက်ရင် ရန်သူအထိနာမလဲဆိုတာကို ကိုယ် စီကိုယ်ငှ

www.burmeseclassic.com



တွေးကြတယ်။ နောက်တော့ . . .။

စစ်မျက်နှာပြင်ကို ပထမဆုံးစဖွင့်လိုက်တာက ညချမ်း။ သူက ဝင့်ကြွားကို ဦးတည်ကြည့်လိုက်ရင်း . . .

"ကိုဝင့်ကြွားဒီဗိုင်းက ဟိုတစ်နေ့ကနဲ့မတူပါလား၊ ဘာလဲ အခု အလှူကပြန်လာတာလား . . . ဟုတ်လား"

"ဟာ . . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ဒီလိုပဲ ဝတ်တတ်တာ၊ ဘောင်းဘီတွေဘာတွေက သိပ်ဝတ်လေ့ မရှိ . . အ"

ဝင့်ကြွားစကားမဆုံးလိုက်ဘူး။ သံစဉ်လှလှက ဝင့်ကြွားပေါင်ကို အောက်ကနေ မသိမသာဆွဲဆိတ်လိုက်ပြီး . . .

"အဟင်း . . . ဟင်း . . . ဟင်း . . . ဒါကဒီလိုရှိတယ်လေ ကိုညချမ်းရဲ့၊ သံစဉ် . . . (သူမရင်ဘတ်ကို သူမ ဘုန်းဘုန်းမြည်အောင်ပုတ်ပြလိုက်ရင်း) ဟော့ဒီ သံစဉ့်ကိုကိုက ကုမ္ပဏီကြီးတစ်ခုလုံးကို ဦးဆောင်ဦးရွက်ပြုနေရတာလေ၊ ပြီးတော့ ကုမ္ပဏီကြီးက နိုင်ငံခြားမှာပါ ရုံးခွဲတွေနဲ့ ဖွင့်ထားတာဆိုတော့ နိုင်ငံခြားသားတွေနဲ့ကလည်း ခဏခဏ တွေ့နေရတာ၊ ဒီတော့ သံစဉ့်ကိုကိုက မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်တဲ့ အနေနဲ့ အခုလို တိုက်ပုံအင်္ကျီနဲ့ပုဆိုးကို အမြဲတမ်း ဝတ်



ထားတာပါ . . . အဟင်း . . . ဟင်း . . ."

"ဒါဆို . . . ဟိုထီးကောက်ကြီးကရော"

ညချမ်းရဲ့အမေးကြောင့် ဝင့်ကြွားက ထိုင်ခုံနောက်ကျောမှာချိတ်ထားတဲ့ ထီးကောက်ကြီးကိုဖြုတ်လိုက် ကာ . . .

"ဒီထီးက ကျွန်တော်တို့ မျိုးရိုးအစဉ်အဆက်"

ဝင့်ကြွားစကားက မဆုံးလိုက်ပြန်ဘူး။ သံစဉ်လှလှက ဝင့်ကြွားပေါင်ကို စောစောကလိုပဲ ဆွဲဆိတ်လိုက်ပြန် ကာ . .

"ဒီထီးလား . . . ဒီထီးက သံစဉ့်ထီးပါ၊ ဒီထီးကိုရဖို့ မနည်းရှာဝယ်ထားရတာ၊ ဟို . . . ရီဟားနားကိုသိတယ် မလား၊ သူက သူ့ရဲ့အရမ်းကိုပေါက်ခဲ့တဲ့ "Umbrella" သီချင်းကိုဆိုတုန်းက ဒီလိုထီးကောက်ကြီးနဲ့ကပြီးတော့ ဆိုခဲ့တာလေ၊ သံစဉ်လည်း အဲဒီလိုဆိုမလို့"

"ဪ . . . ဟုတ်လား"

"အင်း . . . ဟုတ်တယ်"

"မသိပါဘူးဗျာ၊ ကျွန်တော်က ကိုဝင့်ကြွားထီးမှတ်လို့"

သံစဉ်လှလှက ညချမ်းကို မသိမသာမျက်စောင်းထိုးတယ်။ ညချမ်းကလည်း ဒါကို မြင်ဖြစ်အောင်မြင်တယ်။ ဒီတော့ ပခုံးနှစ်ဖက်ကိုတွန့်ပြီး မျက်လုံးပြန်ပြူးပြလိုက်တယ်။

www.burmeseclassic.com



ဒါကို သံစဉ်လှလှက ပါးစပ်လှုပ်ရုံကျိန်ဆဲလိုက်ပြီးနောက် သူမ အာရုံက လွန်းပုညလမင်းဆီရောက်သွားတယ်။

"ဆရာမ . . . ဆရာမစာအုပ်တွေကို ကျွန်မ တော်တော်များများ ဖတ်ဖူးတယ် သိလား၊ အရမ်းကောင်းတာပဲ၊ အခုရော ဘာစာအုပ်ရေးနေလဲဟင် . . ."

သံစဉ်လှလှရဲ့အမေးက တိုက်ပွဲဝင်ဖို့ ကျား ချောင်းချောင်းနေတဲ့ လွန်းပုညလမင်းကို အကွက်ဝင်သွားစေ တယ်။ လွန်းပုညလမင်းက ဖိုးလမင်းကို သရော်တော်တော် တစ်ချက်ကြည့်လိုက်ပြီးမှ သံစဉ်လှလှကို ပြုံးပြလိုက်ကာ . . .

"အစ်မ အခုရေးနေတာက အချစ်ဇာတ်လမ်းလေးပါပဲ ညီမရယ်၊ ခပ်ညှံ့ညှံ့ဆရာဝန်တစ်ယောက်နဲ့ အရမ်းကို နာမည်ကြီးလူကြိုက်များတဲ့ Best seller စာရေးဆရာမလေးတစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းပေါ့၊ စာရေးဆရာမလေးက အရမ်းကို ဘုန်းတွေကံတွေမြင့်မားပြီး ထက်မြက်နေတော့ ဘုန်းမရှိကံမရှိနဲ့ ဆေးလိုင်းဝင်တာတောင် အောက်ဆုံးမျဉ်းကို ယီးလေးခိုပြီးဝင်ခဲ့တဲ့ ခပ်ညှံ့ညှံ့ ဆရာဝန်လေးနဲ့က မတန်ဘူးလေ၊ အဲဒီလိုနဲ့ ကံကြမ္မာရဲ့စေ့ဆော်မှုကြောင့် စာရေးဆရာမလေးက ခပ်ညှံ့ညှံ့ဆရာဝန်လေးကို ထားခဲ့လိုက်တော့ ဆရာဝန်လေးခမျာ ရင်ကွဲပက်လက်ဖြစ်ပြီး ဆေးရုံက ဆေး







တိုက်ထဲမှာ အခြားသူတွေပို့စရာမလိုအောင် သူ့ဘာသာဝင်သေနေတဲ့ ဇာတ်လမ်းလေးပါ"

"ဟယ် . . . ဇာတ်လမ်းလေးက တစ်မျိုးလေးနော်၊ ဝတ္ထုနာမည်ကရော ဘယ်လိုပေးထားလဲဟင်"

"ဝတ္ထုနာမည်ကလည်း ခပ်ဆန်းဆန်းပဲပေးထားတယ်၊ 'ပင်မြင့်စံပန်းတစ်ပွင့်နဲ့ မြေပြင်ပေါ်က ဆက်ရက် (ဇရက်) တောင်ပံကျိုး'တဲ့"

"ဟား . . . အရမ်းမိုက်တယ်၊ ဝတ္ထုနာမည်ကြားတာနဲ့ကို မဖတ်ပဲနေနိုင်မှာမဟုတ်ဘူး"

သံစဉ်လှလှက သဘောတကျ အားပေးနေပေမယ့်လို့ ဖိုးလမင်းကတော့ အသားလွတ်အခွပ်ခံရတာဆိုတော့ လွန်းပုညလမင်းကို ဘုကြည့်ကြည့်တယ်။ ဒါကြောင့် သူက ပြန်ခွပ်ဖို့ပြင်လိုက်တယ်။ ဒါပေမဲ့ သူ့ထက်ဦးသွားတာက ခင်ခင်လှအောင်။

"ဆရာမ . . . ဆရာမကို ကုန်ကြမ်းတစ်ခု ကျွန်မပေးမယ်၊ ယူမလားဟင် . . ."

"ဟား . . . ယူမှာပေါ့ အစ်မရဲ့၊ ပြောပါဦး"

"ဒီလိုဆရာမရဲ့၊ ကပ်စေးနည်းတဲ့ လူတစ်ယောက်အကြောင်းပေါ့နော်၊ ဘယ်လောက်ကပ်စေးနည်းသလဲဆိုရင် နှပ်ချေးကိုတောင် ငါးပိလုပ်စားတယ်ဆိုတဲ့ လူစားမျိုး

www.burmeseclassic.com



ပေါ့၊ ပြီးတော့ သူက ရည်းစားနဲ့ချိန်းတွေ့တဲ့အခါမျိုးဆိုရင်လည်း ဘယ်တော့မှ အကုန်အကျခံတာမဟုတ်ဘူး၊ ဥပမာ - ဆိုင်တစ်ဆိုင်မှာထိုင်ပြီး အအေးသောက်တယ်ဆိုပါစို့၊ သူက အအေးတစ်ခွက်ပဲမှာပြီး ပိုက်နှစ်ချောင်းတပ်သောက်တာ၊ ပါးစပ်ကတော့ Romantic ဖြစ်အောင်လို့ပါလေး ဘာလေးနဲ့၊ ဘာမှမဟုတ်ဘူး၊ တကယ်တမ်းက အအေးနှစ်ခွက်မှာရင် ပိုက်ဆံကုန်မှာစိုးလို့လေ၊ ဒါ . . . ဥပမာတစ်ခုလောက်ပဲ ပြောပြသေးတာနော်၊ တစ်နေရာရာသွားလို့ အကြောင်းတစ်ခုခုကြောင့် ပိုက်ဆံရှင်းရတော့မယ်ဆိုရင် ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို ပုဆိုးခါးပုံစ,ထဲထည့်ဖွက်ပြီး ပိုက်ဆံထည့်ဖို့ မေ့လာတယ်လို့ လိမ်ပြောတာတို့၊ လမ်းသွားရင်း ပိုက်ဆံငါးကျပ်ထွက်ကျလို့ အနှမြောလွန်ပြီး သတိလစ်သွားတာတို့၊ ပိုက်ဆံချမ်းသာပါလျက်နဲ့ ကိုယ်ပိုင်ကားဝယ်မစီးဘဲ ဘတ်(စ်)ကားတိုးစီးတာတို့ အို . . . ပေသီးခေါက်သလားမမေးနဲ့၊ ပြောရရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုဖြစ်ဦးမယ်၊ အဲဒီကပ်စေးအိုးက ကျွန်မရည်းစားဟောင်းလေ၊ အခုတော့ သူက ကောင်မလေးငယ်ငယ်တစ်ယောက်နဲ့တွဲနေပြန်ပြီလေ၊ နွားအိုမြက်နုကြိုက်ဆိုတာ ဒါမျိုးပေါ့၊ အဲဒါကို ဝတ္ထုတစ်ပုဒ်လောက်ရေးပေးစမ်းပါ ဆရာမရယ်၊







ဒီလိုလူမျိုးရှိသေးတယ်ဆိုတာ နိုင်ငံနဲ့ချီပြီး သိသွားအောင်လို့"

ပြောပြီး ခင်ခင်လှအောင်က ဝင့်ကြွားကို မျက်လုံးစွေကြည့်တယ်။ ဝင့်ကြွားကလည်း ခင်ခင်လှအောင်ကို မျက်မှောင်ကုတ်ပြီးကြည့်နေတာဆိုတော့ နှစ်ယောက်သား အကြည့်ချင်းဆုံသွားတယ်။ တစ်ယောက်နဲ့တစ်ယောက် စက္ကန့်သုံးဆယ်လောက် မျက်လုံးပါဝါခြင်း ပြိုင်နေကြပြီးမှ ခင်ခင်လှအောင်က နှုတ်ခမ်းကိုရွဲ့ပြီး အကြည့်ကိုလွှဲတယ်။

ဒီအချိန်မှာ တစ်စခန်းထ,လာတာက ဖိုးလမင်း။ ဆရာမကြီးစတိုင်နဲ့ အထာတွေပိုနေတဲ့ လွှန်းပုညလမင်းကို သိပ်ကြည့်မရချင်တော့ဘူး။ ဒါနဲ့ . . .။

"ဪ . . . ဆရာမ၊ မေးမယ်ဆိုပြီး မေ့မေ့နေတာ၊ ဆရာမရဲ့ လိပ်ခေါင်းရောဂါရောပျောက်သွားပြီလား"

"ရှင် !"

လွှန်းပုညလမင်းဖြစ်သွားပုံက အလန့်တကြား။

"ဪ . . . ဆရာမရဲ့လိပ်ခေါင်း ပြန်ဝင်သွားပြီလားလို့"

ဖိုးလမင်းရဲ့ အမေးစကားကြောင့် အခြားသူတွေက လွှန်းပုညလမင်းကို ပြူးစစနဲ့ ကြည့်ကြတယ်။ ချစ်သူတွေဖြစ်ခဲ့တုန်းက လွှန်းပုညလမင်းမှာ လိပ်ခေါင်းရောဂါရှိတာကို

www.burmeseclassic.com



ဖိုးလမင်းက သိထားခဲ့တာလေ။ အခုတော့ အဲဒါက ဖိုးလမင်း အတွက် နိုင်ကွက်ဖြစ်သွားတယ်။ လွန်းပုညလမင်းကလည်း အစတော့ ရှူးသလို ပေါသလို ပုံစံမျိုးဖမ်းပြီး "ဘာတွေပြောနေတာလဲ"၊ "ဘယ်ရောဂါလဲ"၊ "ကျွန်မမှာ ဘာလိမ်ခေါင်းမှ မရှိပါဘူး" စသည်ဖြင့် ပြောပြီး ငြင်းဦးမလို့ပဲ။ ဒါပေမယ့် အဲဒီလိုလုပ်ရင် ပိုပြီးပေရှည်နေမှာစိုးတာနဲ့ နှုတ်ခမ်းပေါ်မှာ မခိုပြုံးလေးတစ်ခုကို ကောက်ပြုံးထားလိုက်ရင်း . . .

"ဩော် . . . ပျောက်သွားပြီဒေါက်တာရဲ့၊ ပျောက်တာမှ အမြစ်ပြတ်ကိုပျောက်တာ"

ဆိုပြီး ခုံအောက်ကနေ ဖိုးလမင်းရဲ့ ညို့သကျည်းကို ဒေါက်ဖိနပ်နဲ့ အားကုန်လှမ်းကန်ထည့်လိုက်တာ ဖိုးလမင်းခမျာ အီစိမ့်သွားတယ်။ ပြီးတော့ သူ့အကျင့်အတိုင်း ဒေါသကလည်း ခေါင်းပြူထွက်လာရာ ဖိုးလမင်းကလည်း လွန်းပုညလမင်းရဲ့ ခြေထောက်ရှိမယ့်နေရာကိုမှန်းတဲ့ပြီးတော့ ခပ်ဆတ်ဆတ် တစ်ချက်ပြန်ကန်ထည့်လိုက်တယ်။ ဒါပေမယ့် ဖိုးလမင်းရဲ့ ခြေမှန်းကလွဲသွားတော့ လွန်းပုညလမင်းကို မကန်မိဘဲ ဘေးနားက ခင်ခင်လှအောင်ကို သွားကန်မိတယ်။ ခင်ခင်လှအောင်ခမျာ ပူခနဲဖြစ်သွားပြီး ပါးစပ်ထဲမှာဝါးနေတဲ့မုန့် တောင် အောက်ပြန်ပြုတ်ကျသွားရတယ်။ သူမဒေါသကလည်း ဖျင်းခနဲ သူမက ဝင့်ကြွားကို စူးခနဲတစ်ချက်ကြည့်လိုက်တယ်။







ဒင်းပဲဖြစ်မှာဆိုတဲ့အတွေးက သူမခြေထောက်တွေကို အလုပ်ပေးလိုက်တယ်။

"အ!"

ရှုတ်တရက် ခြေထောက်ကို ခပ်ပြင်းပြင်း အကန်ခံလိုက်ရတော့ ဝင့်ကြွားပါးစပ်က အော်သံတစ်ခု ခပ်တိုးတိုးထွက်သွားသလို နာလည်း အတော်နာသွားတယ်။ ဆတ်ခနဲ မော့ကြည့်လိုက်တော့ အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးမျိုးနဲ့ ခင်ခင်လှအောင်ကိုတွေ့ရတယ်။ ဒီလိုလာကြောလို့ ဘယ်ခံမလဲ။ ရော့ . . .။

ဖြစ်ချင်တော့ ဝင့်ကြွားကန်ထည့်လိုက်တာက ခင်ခင်လှအောင်ကို မကန်မိဘဲ ဘေးနားက သံစဉ်လှလှကို သွားထိတယ်။

"အွတ် . . . ဖွီး . . . အဟွတ် . . . ဟွတ် . . . ဟွတ်"

သံစဉ်လှလှတစ်ယောက် မျှော်လင့်မထားဘဲ ရှုတ်တရက် အကန်ခံလိုက်ရတာဆိုတော့ သောက်နေတဲ့ရေ သီးသွားပြီး ရေတွေက ပါးစပ်ထဲကရော နှာခေါင်းထဲကပါ ထွက်ကျလာတယ်။ အဲဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ညချမ်းက မထိန်းနိုင်ဘဲ ခွီးခနဲ ရယ်ချလိုက်တယ်။ ဒါကို သံစဉ်လှလှက အာဓိပ္ပာယ်ကောက်လွဲသွားပြီး သူမကိုကန်လိုက်တဲ့ တရားခံဟာ

www.burmeseclassic.com



ညချမ်းလို့ထင်သွားတယ်။ အဲဒါနဲ့ သူမကလည်း အရိုးထဲက ရှိသမျှအားတွေကို ဖျစ်ညှစ်ထုတ်ပြီး ညချမ်းခြေထောက်ဆီကို ဒေါက်ဖိနပ်ဦးချွန်နဲ့ မှန်းကန်ချလိုက်တယ်။

သံစဉ်လှလှကန်ချက်က ကွက်တိပါပဲ။ ညချမ်းခမျာ ခုံရောလူပါ နောက်ကိုပက်လက်လန်ကျသွားတော့ တယ်။

□□□

ရည်းစားဟောင်းဆိုတာ . . .<br>
ကိုယ်အရမ်းကြိုက်တဲ့ သီချင်းတစ်ပုဒ်လိုပဲ . . .<br>
အချိန်တွေ ဘယ်လောက်ကြာကြာ . . .<br>
ရိုးမသွားဘဲ . . .<br>
(ကိုယ်သတိမထားလိုက်မိခင်မှာ . . .)<br>
ကိုယ့်နှုတ်က ခဏခဏ . . .<br>
တိုးတိုးလေးဆိုညည်းနေမိတတ်တာမျိုးလေ။

□□□







# ဇာတ်ကွက် (၈)

မျက်စိက ဇာတိတ်စင်ပေါ်ကို ရောက်နေပေမယ့် စိတ်က မလှမ်းမကမ်းမှာရှိတဲ့ သံစဉ်လှလှတို့အတွဲဆီကိုပဲ ရောက်နေရတယ်။ စိတ်ကရောက်တော့ မျက်စိကပါ ကြည့်မိပြန်ရော။ ဒီတော့ ဒေါသကပါ ကပ်ပါလာပြန်တယ်။ မကြည့်ဘဲကလည်း မနေနိုင်။ ပြီးတော့ သူ့ကိုယ်သူလည်း သိပ်နားမလည်ချင်။ လမ်းခွဲပြီးသားရည်းစားတစ်ယောက်ကို အခြားတစ်ယောက်နဲ့တွဲပြီး ဘယ်အခြေအနေမှာပဲတွေ့တွေ့ သူ့ဘက်က လက်ပိုက်ပြီး အေးအေးဆေးဆေးကြည့်နေနိုင်ရမှာ မဟုတ်ဘူးလား။ အခုတော့ ဒီလိုမဟုတ်။ သူမနှင့်ဆုံတိုင်း ညချမ်းစိတ်ထဲမှာ နိုးလိုးခုလုနဲ့။ ဘယ်လိုကြီး ခံစားရမှန်းကို မသိ။

www.burmeseclassic.com



မခံချင်စိတ်ကြောင့်လား။ ဒါမှမဟုတ် သူမ အပေါ်မှာပဲ သူ့နှလုံးသားက စိတ်မကုန်သေးတာလား။ ဒါကို ကျပြန်တော့လည်း သူက သိပ်လက်မခံချင်။ သူမတောင် နောက်တစ်ယောက်နဲ့ ပျော်နေနိုင်သေးတာ။ ကိုယ်လည်း ပျော် နိုင်ရမှာပေါ့။ မဖြစ်သေးပါဘူး။ ကိုယ်လည်း နောက်တစ် ယောက် မြန်မြန်ထားမှပါ။

သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ သံစဉ်လှလှ နဲ့ ဝင့်ကြွားတို့ရှိရာကို ပေစောင်းစောင်းတစ်ချက်လှမ်းကြည့် လိုက်ပြီးမှ လွှန်းပုညလမင်းဆီကို ဖုန်းခေါ်လိုက်တယ်။ ကံကောင်းချင်တော့ ဖုန်းကတန်းဝင်သွားတယ်။

"ဟယ်လို . . ."

"ဆရာမလား . . ."

"အင်း . . . မင်းသားလား၊ ပြော . . . ဘာကိစ္စလဲ"

ပြောဆိုမှ ဘာပြောရမှန်းမသိ။ မခံချင်စိတ် ကြောင့်သာ ဖုန်းခေါ်လိုက်မိတာ။ အခုတော့ ဘာပြောရပါ့။

"ဟယ်လို . . ."

သူဘက်ကငြိမ်နေတော့ လွှန်းပုညလမင်းဆီက အသံထပ်ထွက်လာတယ်။

"ဟယ်လို . . . မင်းသား၊ ဒီကအသံကြားရလား၊ ဟယ် လို . . ."







"ကြား . . . ကြားတယ်ခင်ဗျာ"

"ဩော် . . . မသိပါဘူး၊ ဖုန်းလိုင်းများကြောင့်နေတာ လားလို့၊ ဒါနဲ့ မင်းသား ဘယ်ရောက်နေတာလဲ၊ အသံ တွေက ဆူညံနေတာပဲ"

"ဟုတ် . . . ကျွန်တော် "The Rich Gems" ကလုပ်တဲ့ ကျောက်မျက်ရတနာရှိုးပွဲကိုရောက်နေတာလေ"

"ဩော် . . . ဒါကြောင့်ကိုး၊ ကျွန်မကတော့ အခု စာရေးနေတာ"

"ဟုတ်လား၊ ကျွန်တော့်ကြောင့် အနှောက်အယှက်များ ဖြစ်သွားပြီလား မသိဘူး"

"အဟင်း . . . ရပါတယ်၊ စာရေးတယ်သာဆိုတာ အခုထိ ခေါင်းထဲက ဘာမှထွက်မလာလို့ ငေါင်နေတုန်း မင်းသားဖုန်းဝင်လာတာလေ၊ ကဲ . . ၊ ပြောလေ၊ ဘာ ကိစ္စလဲ"

ခက်ပြီ။ ဘာပြောရပါ့။ အကြံအိုက်စွာ သံစဉ် လှလှတို့ဆီ ကြည့်မိတော့ နှစ်ယောက်သား ဘာတွေပြောပြီး ရယ်နေလဲမသိ။

"မင်းသား . . . ပြောလေ"

ဒီမှာတင်ပဲ သူက ခေါင်းထဲမှာ ဖျတ်ခနဲပေါ် လာတာတစ်ခုကို ပြောချလိုက်တယ်။

www.burmeseclassic.com



"ဟို . . . ဟိုဟာ . . . ဇာတ်လမ်းတစ်ခုလောက် အပ်ချင်လို့"

"ဇာတ်လမ်း!"

"ဟုတ် . . . ဟိုဟာလေ၊ ရုပ်ရှင်ကားကြီးရိုက်ချင်တာ၊ ဖကယ်ဒမီတွေဘာတွေ မှန်းလို့ရမယ့် ဇာတ်လမ်းမျိုး ပေါ့"

"မင်းသားအတွက်လား . . . "

"ဟုတ် . . . "

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရွှီးထည့်လိုက်တယ်၊ နောက်မှ ဇာတ်လမ်းက မကြိုက်ဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ငြင်းလိုက်ရင်ရတာပဲ။

"OK . . . ကျွန်မရေးထားလိုက်မယ်၊ ကြေကြေကွဲကွဲ လေးပေါ့နော်"

"ဟုတ်ကဲ့ . . . ဒါဆို ဒါပဲနော် ဆရာမ . . . "

"OK! OK! see you"

သူက ဖုန်းကိုပိတ်လိုက်ကာ ဟိုအတွဲရှိရာဘက်သို့ အသာစွေစောင်းကြည့်မိပြန်တယ်။ ရင်ထဲမှာ ခံစားလို့ မကောင်း။ နေရထိုင်ရတာ ဘယ်လိုကြီးမှန်းကို မသိချေ။

□□□







လူနာတစ်ယောက်ကို ဆေးထိုးပေးအပြီးမှာပဲ သူ့ဟန်းဖုန်းကမြည်လာတယ်။ နံပါတ်ကိုကြည့်လိုက်မိစဉ်မှာတော့ ရင်ထဲမှာဒိန်းခနဲမြည်ဟီးသွားရတယ်။ လွန်းပုညလမင်းရဲ့ နံပါတ်။ လုံးဝမျှော်လင့်မထားတာမို့ ဖုန်းကိုကိုင်ပြီး ကြောင်နေတုန်းမှာပဲ ဖုန်းကျသွားတယ်။ ဒါပေမယ့် ချက်ချင်းဆိုသလိုပဲ နောက်တစ်ကော(လ်)ထပ်ဝင်လာပြန်တယ်။ ဒီတစ်ခါတော့ သူကဖုန်းကိုဖွင့်လိုက်ကာ . . .

"ဟယ်လို"

"ဖိုးလလားဟင် . . . ဖိုးလ၊ လမင်းညီမလေးကို ကယ်ပါဦး ဖိုးလရယ်၊ လမင်းညီမလေး သေတော့မယ် . . . အဟင့် ဟင့်"

ငိုသံပါကြီးနဲ့ အလန့်တကြားထွက်လာတဲ့ အသံကြောင့် သူ ပျာသွားရတယ်။

www.burmeseclassic.com







"ဖိုးလ ကြားလားဟင်၊ လမင်းအိမ်ကို မြန်မြန်လာခဲ့ပါ ဖိုးလရယ်၊ ညီမလေး ... ညီမလေးကို ခေါ်လို့မရ တော့ဘူး၊ ညီမလေး သေတော့မယ် ... အဟင့် ဟင့် ဟင့်"

"ကိုယ်"

သူ့စကားတောင် မဆုံးလိုက်။ ဖုန်းကကျသွားပြန် တယ်။ သူက ချက်ချင်းပြန်ခေါ်ပေမယ့် ခေါ်လို့မရ။ အရေးထဲ ဆို ဖုန်းလိုင်းတွေက ဒီလိုပင်။ ဒါနဲ့သူက ဆေးခန်းမှာကျန်နေ သေးတဲ့ လူနာတွေကို တောင်းပန်ကာ စာရေးမလေးနဲ့ ခကာ ထားပစ်ခဲ့ရင်း လွန်းပုညလမင်းအိမ်ကို ထွက်လာခဲ့လိုက်တယ်၊ ဆေးခန်းမှာစောင့်နေတဲ့လူနာတွေထဲမှာက အရေးတကြီးလူနာ မရှိ။ ဒါက သေရေးရှင်ရေးလေ။

စိတ်က လော်နေတော့ ကားတောင် ဘယ်လို မောင်းလို့ မောင်းလာခဲ့မိမှန်းမသိ။ သိပ်မကြာလိုက်ပဲ သူမတို့ အိမ်ရှေ့ရောက်သွားတယ်။ ဘဲ(လ်)တီးမလို့ပြင်လိုက်ပြီးမှ တံခါး က ဒီအတိုင်းစေ့ရုံစေ့ထားတာနဲ့ ဆေးသေတ္တာကိုဆွဲပြီး ခပ်မြန် မြန်ပဲ မပြေးရုံတမယ် ဝင်လာခဲ့လိုက်တယ်။

ပေါ်တီကိုအောက်အရောက်မှာတော့ အိမ်ထဲက နေ ခေါင်းငိုက်စိုက်နဲ့ထွက်လာတဲ့ သူမကို တွေ့လိုက်ရတယ်၊

"လမင်း ... လူနာ၊ လူနာက ဘယ်မှာလဲ"





သူ့အမေးကြောင့် ငိုချင်ရက်လက်တို့ဆိုသလို သူမက "ဟင့်"ခနဲ တစ်ချက်ရှိုက်ငိုလိုက်ရင်း ...

"ညီ ... ညီမလေး ဆုံးသွားပြီ"

"ဟင်!"

သူမအဖြေကြောင့် သူ မင်သက်သွားရတယ်။ သူမက ခေါင်းကို ဖြေးလေးစွာညိတ်ပြလာရင်း ...

"ဟုတ်တယ်၊ ညီမလေး ... အဟင့် ... ညီမလေး ဆုံးသွားပြီ"

"ဘယ်လိုဖြစ်ရတာလဲကွာ"

"အဆိပ်! အဆိပ်မိတာ"

"အဆိပ်!"

"ဟုတ်တယ်၊ ညီမလေးက အဆိပ်မိပြီးသေသွားတာ၊ အဟင့် ... ဟို ... ဟိုမှာလေ"

သူက ဇဝေဇဝါနဲ့ သူမလက်ညှိုးညွှန်ရာ လှမ်း ကြည့်မိစဉ်မှာတော့ ...

"ဟင်!"

ခွေးလေးတစ်ကောင်။ အိမ်ရှေ့ဘက်မြက်ခင်းပြင် ပေါ်မှာ ငြိမ်သက်နေတဲ့ အဖြူရောင်စုတ်ဖွားခွေးလေးတစ် ကောင်။

"ဒါ ... ဒါက"

www.burmeseclassic.com



ဆိုပြီး ဘာမှဆက်မပြောနိုင်။ အံ့ဩမှုနဲ့ စိတ်ကသိကအောက် ဖြစ်မှုတို့က ရင်ဝမှာ အလုံးအရင်းနဲ့ လာပိတ်ဆို့နေတယ်။ အဲဒီ အလုံးအခဲကြီးကို အချိန်အတော်ကြာအောင်ကြိုးစားပမ်းစား ပြန်မြိုချလိုက်ပြီးမှ သူက "ဟား . . ." ခနဲရေရွတ်လိုက်ကာ . . .

"ဒါ . . . ဒါလား မင်းညီမဆိုတာ၊ ဟင် ! ဒါလားသေတော့မယ်ဆိုတဲ့ မင်းညီမ"

"ဟုတ်တယ်လေ"

"ဟား . . . ဒါ လူမှမဟုတ်တာကွ"

"လမင်းကရော လူလို့ပြောလို့လား၊ ဒါပေမယ့် လူတစ်ယောက်လို ညီမလေးတစ်ယောက်လို ချစ်ရတဲ့ လမင်းရဲ့အချစ်တော်လေးပါ ဖိုးလရယ် . . . အဟင့် ဟင့်"

သူမကပြောရင်း ငိုပြန်တယ်။ သူ့မှာသာ ငိုရအခက်၊ ရယ်ရအခက်။ ရင်ထဲမှာ တော်တော်ကြီးကို မောသွားရတယ်။

"ဟား . . . ဟာကွာ . . . ဟာကွာ . . ."

နီးရာတိုင်တစ်လုံးလုံးကိုသာ ခေါင်းနဲ့ပြေးပြေးဆောင့်လိုက်ချင်စိတ်တွေက တဖွားဖွားပေါ်လာတယ်။

"မင်း . . . မင်း အစကတည်းက ငါ့ကို ခွေးလို့ သေချာပြောပါလား၊ ငါ့မှာတော့ ဆေးခန်းမှာလူနာတွေ တ







ပုံကြီးကို ဒီအတိုင်းထားခဲ့ပြီး အမောတကောထွက်လာရတာ"

"လမင်းလည်း ပြောမလို့ပဲဟာ၊ ဒါပေမယ့် ဖုန်းကကျသွားတာလေ"

"ဩော် . . . ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ငါမှားတာပါ၊ ဟောဒီငါကျွန်တော်ပဲ မှားတာပါ၊ မင်းမှာညီမ မရှိတာသိထားပါရက်နဲ့ မစဉ်းစားမိတဲ့ ငါကျွန်တော်ပဲ မှားတာပါ၊ ကျွတ် . . . မောလိုက်တာကွာ"

ပြောပြီး သူက စိတ်ပျက်လက်ပျက်နဲ့ လှည့်ထွက်လာခဲ့တယ်။ ထွက်လာပြီးလို့ လေးငါးလှမ်းလောက် လှမ်းပြီးတော့မှ မကျေနပ်စိတ်ကြောင့် သူမကို တစ်ခုခုတော့ပြောပစ်ခဲ့ဦးမှလို့ တွေးမိပြီး သူမဆီ ပြန်လှည့်သွားလိုက်ပြန်တယ်။ သူမအနားကိုရောက်တော့မှ သူမမျက်နှာကို ပေစောင်းစောင်းတစ်ချက်စိုက်ကြည့်လိုက်ရင်း . . .

"မင်းကိုမုန်းတာ ဒါတွေလည်းပါတယ် . . . ဟွန်း"

ဆိုတော့ သူမက သူ့ကို မျက်တောင်လေး ပေကလပ်ပေကလပ်နဲ့ ကြည့်လာတယ်။ သူကတော့ ပြောချင်တာပြောပြီး လှည့်ပြန်လာခဲ့လိုက်တော့တယ်။

□□□

www.burmeseclassic.com





# ဇာတ်ကွက် (၉)

ဘတ်(စ်)ကားမှတ်တိုင်မှာ ကားစောင့်နေတုန်းမှာပဲ ဝင့်ကြွားအကြည့်က မလှမ်းမကမ်းမြေပြင်ပေါ်မှာကျနေတဲ့ အရာဝတ္ထုတစ်ခုကို သွားမြင်တယ်။ သေသေချာချာကြည့်လိုက်တော့ ငါးရာတန်တစ်ရွက်။ သူ့မျက်လုံးတွေပြူးဝိုင်းသွားပြီး ရင်ထဲမှာ ဘင်ခရာသံတွေ ညံသွားတယ်။ ပြီးတော့ ပိုက်ဆံမြင်ရင် မနေနိုင်တဲ့စိတ်နဲ့ ငါးရာတန်လေးကို ဝမ်းသာအားရပြေးအကောက် . . . ။

လေကာ တစ်ချက် ဝေ့ခနဲတိုက်လိုက်တော့ ပိုက်ဆံက နေရာရွှေ့သွားတယ်။ ဒါနဲ့ သူက အဲဒီရွှေ့သွားတဲ့နေရာကို လိုက်အကောက်မှာပဲ အခြားတစ်ယောက်ကလည်း အဲဒီပိုက်ဆံငါးရာကို ကုန်းအကောက်နဲ့ သွားဆုံတယ်။

ဒီမှာတင်ပဲ နဖူးချင်း "ခွပ်"ခနဲ မိတ်ဆက်သွားတော့တယ်။

www.burmeseclassic.com



"အ!"

"အား!"

နာကျင်မှုကြောင့် ပိုက်ဆံကို မကောက်အား သေး။ နဖူးကိုပွတ်ပြီး တစ်ဖက်လူကိုကြည့်လိုက်တော့ ခင်ခင်လှအောင်။

"ဩော!"

"ဩော!"

နှစ်ယောက်စလုံးဆီက မပီမသရေရွတ်သံနှစ်ခု ပြိုင်တူထွက်လာတယ်။ နောက်တော့မှ နှစ်ယောက်သား သတိရကာ ပိုက်ဆံကို ပြိုင်တူပြန်ကုန်းကောက်ကြပြန်တယ်။ ဖြစ်ချင်တော့ ပိုက်ဆံကို တစ်ယောက်တစ်ခြမ်းစီ ဖိကိုင်ထားမိကြတယ်။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် မာန်ဖီသလို ကြည့်လိုက်ကြရင်း . . .

"ဒီပိုက်ဆံကို ကိုယ်အရင်တွေ့တာ"

ဝင့်ကြွားစကားကိုကြားတော့ ခင်ခင်လှအောင် ကကမ္ဘာ့အရယ်ရဆုံးပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ခေါင်းမော့ရယ်လိုက်ကာ . . .

"အိုး . . . ဟိုး . . . တောမှာသွားပြော၊ ဒီပိုက်ဆံကို ကျွန်မအရင်မြင်တာ"

"လာမလုပ်နဲ့၊ ဒီအဆင့်လောက်နဲ့ တက်မလာနဲ့၊ ငါက ဒီပိုက်ဆံကို လေတိုက်ပြီး နေရာပြောင်းမသွားခင်ကတည်းက တွေ့လိုက်တာကွ၊ ကောက်မယ်လုပ်မှ လေတိုက်ပြီး ဒီနေရာရောက်လာတာ၊ အဲဒီတော့ မင်းလွှတ်လိုက်"







"ဒီလိုတော့ ဘယ်ရမလဲ၊ ရှင်အရင်မြင်တယ်ပဲထားဦး၊ ကောက်တော့ ကျွန်မအရင်ကုန်းကောက်လိုက်တာလေ၊ ဒီတော့ လွှတ်ချင်းလွှတ်ရင် ရှင်ပဲလွှတ်သင့်တယ်"

"ဘယ်ကလာ၊ ငါအရင် ကုန်းကောက်လိုက်တာပါ"

"ကျွန်မက အရင်ကုန်းကောက်တာ"

"မဟုတ်ဘူး၊ မင်းက ငါ့ထက် နည်းနည်းနောက်ကျတယ်၊ ဒီတော့ မင်းလွှတ်"

ပြောပြီး ဝင့်ကြွားက ပိုက်ဆံကို နည်းနည်းအားထည့်ပြီး ဖိဆွဲလိုက်တယ်။ ဒါပေမယ့် ခင်ခင်လှအောင်ကလည်း အလျှော့မပေးဘူး။ သူမက ပိုက်ဆံကို ဝင့်ကြွားထက်ပိုအားထည့် ဖိဆွဲထားလိုက်ရင်း . . .

"ရှင် မိန်းကလေးတစ်ယောက်နဲ့ ပိုက်ဆံပြိုင်လုနေတာ မရှက်ဘူးလား၊ လွှတ် . . . ရှင်လွှတ်"

"မလွှတ်ဘူး၊ ငွေရေးကြေးရေးမှာ မိန်းမယောကျ်ား ခွဲခြားမှု မရှိဘူးကွ၊ အဲဒီတော့ မင်းပဲလွှတ်"

"ရှင်လွှတ်သင့်တာ"

www.burmeseclassic.com



"မင်းလွှတ်ရမှာ"

အဲဒီအချိန်မှာပဲ သူတို့စီးမယ့် ဘတ်(စ်)ကားက ထိုးဆိုက်လာတယ်။ လူတွေကလည်း သူတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့်။ ဒါပေမယ့် နှစ်ယောက်စလုံးက ဘတ်(စ်)ကားကိုရော၊ လူတွေကိုပါ အရေးမစိုက်ဘူး။ ပိုက်ဆံကိုပဲ မဲနေကြတယ်။

ဝင့်ကြွားက သူ့စရိုက်ကိုက ငွေမြင်ရင် မနေနိုင်သူ၊ တစ်ပြားကိုနှစ်ပြားခွာသူမို့ ပိုက်ဆံငါးရာကို မဲနေတာဆိုပေမယ့် ခင်ခင်လှအောင်ကတော့ ပိုက်ဆံငါးရာလောက်ကို လုံးဝမမက်မော။ ဒါပေမယ့် ဝင့်ကြွားကို အမြင်ကတ်လို့ တမင်တကာအလျှော့မပေးဘဲ ဇွတ်လုနေတာ။

"လွှတ်တော့ကွာ၊ အချိန်ကြာတယ်"

"ကြာရင် ရှင်လွှတ်ပေါ့"

"ဘာကိစ္စလွှတ်ရမှာလဲ"

"ကျွန်မလည်း ရှင့်လိုပဲပေါ့၊ ဘာကိစ္စလွှတ်ရမှာလဲ"

နှစ်ယောက်စလုံး အလျှော့မပေးကြဘူး။ ဒီမှာတင်ပဲ ခင်ခင်လှအောင်က ဉာဏ်ဆင်တော့တယ်။

"ကျွန်မတို့ ဒီလိုလုနေရင် ပြီးမှာမဟုတ်တော့ဘူး၊ ဒီတော့ ဒီလိုလုပ်ရအောင်၊ တစ်ယောက် နှစ်ရာ့ငါးဆယ် စီယူမယ်"







"မဟုတ်ဘူး၊ ကိုယ်အရင်မြင်တာဆိုတော့ ကိုယ်ကသုံးရာ၊ မင်းကနှစ်ရာ"

နောက်ဆုံးအချိန်ထိ အသာယူချင်နေတဲ့ ဝင့်ကြွားစကားကြောင့် ခင်ခင်လှအောင်က ပြုံးလိုက်တယ်။

"OK လေ၊ ကျွန်မပဲ လျှော့ပေးလိုက်ပါ့မယ်၊ ကျွန်မမှာ အကြွေပါတယ်၊ ရှင်လွှတ်လိုက်"

သူမစကားကြောင့် ဝင့်ကြွားက မယုံသလိုလို စူးစမ်းသလိုလို ကြည့်လာသေးတယ်။

"လွှတ်တော့လေ"

သူမက စိတ်မရှည်သလို အော်လိုက်တော့မှ ဝင့်ကြွားကပိုက်ဆံငါးရာကို အင်တင်တင်နဲ့လွှတ်ပေးတယ်။ ဒီမှာတင်ပဲ ခင်ခင်လှအောင်က ပိုက်ဆံငါးရာကို သူမဘေးလွယ်အိတ်ထဲကောက်ထည့်ပစ်လိုက်ရင်း . . .

"ဪ . . . ကျွန်မမေ့နေတာ၊ ပိုက်ဆံအကြွေက ပါမလာဘူး၊ အိမ်မှာကျန်နေခဲ့တာရှင့်၊ ကိစ္စတော့မရှိပါဘူး၊ နောက်လည်းတွေ့ဦးမှာပဲဟာ နော်၊ ပိုက်ဆံသုံးရာကို နောက်မှပဲယူတော့နော်၊ ပေါ်ကာပေး တွေ့တိုင်းတောင်းပေါ့ . . . သွားမယ်နော် . . ."

သူမကပြောပြီး အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးမျိုးနဲ့ဝင့်ကြွားကို လက်ဖျားလေးတွေတင် လှုပ်ပြတော့တာ

www.burmeseclassic.com



လုပ်ကာ မြောက်ကြွမြောက်ကြွ ခါတာခါတာနဲ့ ထွက်သွားတော့တယ်။ ဝင့်ကြွားမှာတော့ မတ်တပ်မေ့လို့ . . .။

□□□









# ဇာတ်ကွက် (၁၀)

သူ့ရှေ့မှာခေါက်တုံ့ခေါက်ပြန်လမ်းလျှောက် နေတဲ့ လွန်းပုညလမင်းကို ညချမ်းက မျက်မှောင်ကုတ်ကာ ကြည့်နေမိတယ်။ ဟိုတစ်နေ့က မှာထားတဲ့ဇာတ်လမ်း ရေးပြီး သွားပြီဆိုလို့ လာကြည့်တာ။ အခုတော့ ဇာတ်လမ်းကို မပေး သေးဘဲ သူ့ရှေ့မှာ ပဲသာပေးနေတော့ စိတ်မရှည်ချင်တော့။

"ဆရာမ . . . ဇာတ်လမ်းပေးမလို့ဆို"

"ဟုတ်တယ်လေ၊ ဇာတ်လမ်းမပေးခင် ဇာတ်လမ်းအကျဉ်းချုပ်လေးကို အရင်ပြောပြလိုက်ချင်လို့ အရှိန်ယူနေတာ၊ ရပြီ ရပြီ၊ ပြောတော့မယ်၊ ဇာတ်လမ်းက ဒီလို"

ဆိုပြီး သူမက ချောင်းတစ်ချက်ဟန့်လိုက်တယ်။ ပြီးမှ ဇာတ်လမ်းကို စ,ပြောတယ်။

www.burmeseclassic.com



“မင်းသားက ဒီဇာတ်ကားနဲ့ အကယ်ဒမီမှန်းချင်တာဆိုတော့ ကျွန်မက ဇာတ်လမ်းကို နှစ်ကိုယ်ခွဲဇာတ်လမ်း ရေးထားတယ်”

“နှစ်ကိုယ်ခွဲ!”

“အင်းလေ၊ မင်းသားလည်း သိသားပဲ၊ မြန်မာ့ရုပ်ရှင်လောကမှာ နှစ်ကိုယ်ခွဲရိုက်ရင် အကယ်ဒမီရဖို့ သေချာသလောက်ပဲ၊ ကြည့်ပါလား၊ ထက်ထက်မိုးဦးဆို ‘သမီးမိုက်’ဇာတ်ကားမှာ နှစ်ကိုယ်ခွဲနဲ့ အကယ်ဒမီရတယ်၊ လူမင်းဆို ‘ရွှေမှုန်ကျဲတဲ့မိုးကောင်းကင်’ မှာ နှစ်ကိုယ် ခွဲ၊ နန္ဒာလှိုင်လည်း ‘တောင်သမ္မာန်သစ္စာ’မှာ နှစ်ကိုယ် ခွဲ၊ မို့မို့မြင့်အောင်ဆိုရင်လည်း ‘မြင့်မိုရ်ထက်ကသရဖူ’ မှာ နှစ်ကိုယ်ခွဲပဲ၊ ကဲ . . . အခု မင်းသားလည်း နှစ်ကိုယ်ခွဲဆိုတော့ အကယ်ဒမီရဖို့ မနီးစပ်ဘူးလား”

“ဩော် . . . ဟုတ်”

သူက ပါးစပ်ကလည်း ‘ဟုတ်’၊ ခေါင်းကလည်း ညိတ်ပြလိုက်တယ်။ ဒီတော့ သူမက ‘ဒါပဲလေ’ဆိုတဲ့ စတိုင်(လ်) မျိုးနဲ့ သူ့ကို ပြုံးပြလာတယ်။

“နှစ်ကိုယ်ခွဲကိုလွယ်လွယ်ပြောရရင် အကြီးကောင်နဲ့ အငယ်ကောင်ပေါ့၊ သူတို့ကအမြွှာလို့သာပြောတာ၊ တစ်နေ့တည်းမွေးတာမဟုတ်ဘူး၊ အကြီးကောင်ကိုမွေးပြီး







နောက်နှစ်ရက်တိတိ ဗိုက်ဆက်နာပြီးတော့မှ အငယ်ကောင်ကိုမွေးတာ”

“ဗျာ . . . ဒါဆို မိခင်လုပ်တဲ့သူ အပြင်မှာဆိုတော်တော် ခံစားရမှာပေါ့နော်”

သူ့စကားအဆုံး သူမက လက်ဖျောက်တစ်ချက်တီးလိုက်ကာ . . .

“အဲဒါ . . . အဲဒါပြောတာ၊ ဒါ မိခင်မေတ္တာလေ၊ အကယ်ဒမီတော်တော်များများက မိခင်မေတ္တာဇာတ်လမ်းတွေ ကပဲ ရတတ်တာလေ၊ ဟုတ်တယ်မလား”

“မိခင်မေတ္တာဇာတ်တွေထဲမှာမှ အခု ဆရာမရဲ့ဇာတ်က ထူးထူးခြားခြားလေးပေါ့နော်၊ ဘယ်သူမှ ရိုက်မပြသေးတဲ့ ဇာတ်ကွက်မျိုးဆိုတော့လေ”

သူ့စကားအဆုံး သူမက ခါးထောက်ကာ တည်းညင်းရယ်လိုက်ပြီး . . .

“ဒါက အကင်းပဲရှိသေးတယ်၊ ဒီထက် ထူးခြားတာတွေ အများကြီးပါသေးတယ်၊ ဥပမာပြောရရင် အကြီးကောင်က မွေးကတည်းက မျက်လုံးတစ်ဖက် ပါမလာဘူး”

“ဟာ!”

“အငယ်ကောင်ကကျတော့ ကျပ်မပြည့်ဘူး”

www.burmeseclassic.com







"ဗုဒ္ဓေါ!"

သူမစကားကြောင့် သူ ကြက်သီးမွေးညင်းတွေ တောင် ထသွားရတယ်။ သူမကတော့ သူမဇာတ်လမ်းကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဆက်ပြောတယ်။

"ဇာတ်လမ်းက မိသားစုဇာတ်လို့လည်း ပြောလို့ရတယ်၊ အဖေရယ်၊ အမေရယ်၊ အမြွှာနှစ်ယောက်ရယ်ပေါ့။ ဖြစ်ချင်တော့ ဇာတ်လမ်းရဲ့ သုံးချိုးတစ်ချိုးလောက်မှာ မိဘနှစ်ပါးက ကားမှောက်ပြီး ပွဲချင်းပြီးဆုံးသွားတယ်၊ အိမ်ကြီးကလည်း မီးထဲပါသွားတယ်"

"ဘုရား . . . ဘုရား"

"ဘုရားမတနဲ့ဦး၊ ကျန်သေးတယ်၊ အိမ်မီးလောင်တော့ ကျပ်မပြည့်တဲ့အငယ်ကောင်ကို မျက်လုံးတစ်ဖက်မပါတဲ့ အကြီးကောင်က ဝင်ကယ်တယ်လေ၊ အဲဒီမှာ ဒဏ်ရာရပြီး ခြေထောက်တစ်ဖက်ကို ဒူးလောက်ကနေ ဖြတ်လိုက်ရတယ်"

"ဟင် . . . ဒါဆို တော်တော်နာတဲ့ဇာတ်ပဲ၊ ဇာတ်ကောင်ကလည်း တော်တော်ကြည့်ရဆိုးသွားမှာပဲနော် . . ."

"ဒါပဲ . . . ဒါပဲ . . , ဇာတ်ရဲ့အဓိက Main point က အဲဒါပဲ၊ ညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်က ကျပ်မပြည့်တဲ့သူ၊ နောက်တစ်ယောက်က မျက်စိတစ်ဖက်၊ ခြေတစ်ဖက်မပါတဲ့ ဒုက္ခိတဆိုတော့ ရုပ်ရှင်အခံက ဘယ်လောက်ကောင်းသွားပြီလဲ၊ ဒီလောက်ဆို အလုပ်ဖြစ်ပြီလေ . . ."

သူက ဖဝေဖဝါဟန်နဲ့ . . .

"ဘာ . . . ဘာလုပ်ရမှာလဲဟင်"

"ခွက်ဆွဲပြီးတောင်းစားရမှာလေ၊ မင်းသားရဲ့ရုပ်ရည်နဲ့ ကွက်တိပဲ"

"ဗျာ!"

"မဗျာနဲ့လေ၊ ဒါမှ အကယ်ဒမီရမှာပေါ့၊ မှတ်ထား အကယ်ဒမီဆိုတာ ဇာတ်နာလေလေ ရလေလေ၊ ဇာတ်ကောင်ထူးခြားလေလေ ရလေလေပဲ"

"ဒါ . . . ဒါပေမယ့်"

"ဒါပေမမယ့်နဲ့ဦး၊ ဇာတ်လမ်းကို ဆက်ပြီးနားထောင် ဦး၊ အဲဒီလိုနဲ့ ညီအစ်ကိုနှစ်ယောက်က တစ်လမ်းဝင် တစ်လမ်းထွက် လှည့်ပတ်တောင်းစားရင်းကနေ တစ်နေ့ကျတော့ ကျပ်မပြည့်တဲ့ညီဖြစ်သူကို ပြန်ပေးဆွဲခံရပါရောလား . . ."

"ဟင် . . . သူတောင်းစားကိုတောင် ပြန်ပေးဆွဲတယ်၊ ဘယ်လိုလူကများ ပြန်ပေးဆွဲရတာလဲဟင်၊ ဘာရမှာ

www.burmeseclassic.com



မို့လို့လဲ . . .”

သူက ဒီလိုမေးတော့ သူမကပြုံးတယ်။ ပုံစံက “စိတ်ဝင်စားလာပြီမဟုတ်လား” ဆိုတဲ့ အထာမျိုး။

“သူတို့လိုပဲ အခြားသူတောင်းစားအဖွဲ့တစ်ဖွဲ့ရှိသေးတယ်လေ၊ သူတို့က ပြန်ပေးဆွဲတာ၊ ညီကိုလိုချင်ရင် သူတို့တောင်းစားနေတဲ့ခွက်နဲ့ လဲရမယ်ဆိုပြီးတော့ပေါ့”

“ဟင် . . . ခွက်ကဘာခွက်မို့လို့လဲ၊ တန်ကြေးတော်တော်ရှိလို့လား၊ ဟို . . . ရွှေကုန်သည်ဇာတ်ထုပ်ထဲက လို ရေညှိတွေ ချေး(ကြီး)တွေကပ်နေတဲ့ရွှေခွက်ကြီးလား ဟင် . . .”

“ဘယ်ကလာ . . . နှုတ်ခမ်းပဲ့နေတဲ့ ကော်ခွက်ကြီးပါ”

“အင် ! ဒါ . . . ဒါနဲ့များတောင်”

“စားခွက်လုတာလေ၊ စားခွက်”

“ဪ . . . ဪ . . . ဒါနဲ့ မင်းသမီးကရော”

“လာမယ်လေ၊ မင်းသမီးကကျတော့ ညီဖြစ်သူကို ပြန်ပေးဆွဲထားတဲ့ သူတောင်းစားအဖွဲ့ခေါင်းဆောင်ရဲ့ညီမ၊ တစ်နေ့ကျတော့ အစ်ကိုဖြစ်သူက ညီဖြစ်သူကို လာကယ်ရင်း တစ်ယောက်နဲ့အများကြီး ဖိုက်ကြတာပေါ့”

“တား . . . မိုက်သွားပြီ၊ Hero ပေါ့နော်၊ အဲဒီအခန်းကို ရိုက်ရင် ကရာတေးဆရာတစ်ယောက်ယောက်ကို







ငှားပြီး အစားထိုးရိုက်ရမယ်”

သူ့ရဲ့တွေးတွေးဆဆအပြောကို သူမက ခေါင်းရမ်းလိုက်ရင်းမှ . . .

“မဟုတ်ဘူးလေ၊ သူတောင်းစားအချင်းချင်း ရန်ဖြစ်ကြတာဆိုတော့ မင်းသားပြောသလို ထိုးကြိတ်ကြတာမဟုတ်ဘူး”

“ဒါဆို ဘယ်လိုဖိုက်ကြတာလဲဟင်”

“ခွက်စောင်းခုတ်ကြတာလေ”

“ဗျာ!”

“မဗျာနဲ့ဦး၊ ဇာတ်ရှိန်က တော်တော်တက်လာပြီ၊ အဲဒီလို ခွက်စောင်းခုတ်ကြရင်းနဲ့ မြန်မာကားတို့ရဲ့ထုံးစံအတိုင်းပေါ့နော်၊ လဲတဲ့သူလဲ၊ ကွဲတဲ့သူကွဲပြီး ရန်ပွဲပြီးသွားမှ ရဲတွေရောက်လာတယ်၊ ပြီးတော့ ပြန်ပေးဆွဲတဲ့ သူတောင်းစားကို ဖမ်းသွားတယ်လေ၊ တကယ်တမ်းကျတော့ ရဲတွေကို သူတောင်းစားအဖွဲ့ခေါင်းဆောင်ရဲ့ ညီမ မင်းသမီးကဖုန်းဆက်လိုက်တာ၊ သူက အကြီး ကောင်ကို ကြိုက်သွားတာကိုး”

“ဒါနဲ့ ဇာတ်လမ်းက ပြီးသွားရောလား”

“မပြီးသေးဘူး၊ ရန်ဖြစ်တုန်းက ဒဏ်ရာကြောင့် အကြီးကောင်ရဲ့ ကျန်တဲ့ခြေထောက်တစ်ဖက်ပါ ဖြတ်ပစ်လိုက်

www.burmeseclassic.com







ရတယ် . . ."

"အား . . . တော်တော်နာတဲ့ဇာတ်ပဲနော်"

"နာရမယ်လေ၊ ဇာတ်နာမှ အကယ်ဒမီရမှာကိုး"

"ဟုတ် . . . ဟုတ်ကဲ့၊ ဒါနဲ့ပဲ ဇာတ်လမ်းကပြီးသွား ရောလား"

"မပြီးသေးဘူး၊ ကျန်သေးတယ် . . ."

"အင်!"

"အငယ်ကောင်ကလည်း သူ့အစ်ကိုနဲ့ အခြားလူတွေ သည်းကြီးမည်းကြီး ခွက်စောင်းခုတ်နေတုန်းက လန့် ဖျတ်ပြီး သွေးရူးသွေးတန်းနဲ့ ထွက်ပြေးတာ ကားတိုက် ပါရောလား"

"ဗုဒ္ဓေါ . . . သေ . . . သေသွားရောလားဟင်"

"မသေပါဘူး"

"ဟူး . . . တော်ပါသေးရဲ့"

"ဒါပေမယ့် နောက်နှစ်ရက်လောက်အကြာမှာ သေသွား တယ်"

"အင်! ဘယ်လိုဖြစ်ရတာလဲဟင်"

"လမ်းဘေးမှာခွက်တစ်လုံးနဲ့ ထိုင်တောင်းနေတုန်း သူ့ရှေ့မှာ ကားနှစ်စင်း အရှိန်ပြင်းပြင်းနဲ့ ခေါင်းချင်းဆိုင် တိုက်မိတာလေ၊ အဲဒီမှာတင်ပဲ ကားတစ်စီးက ဘီးကျွတ်

ထွက်ပြီး မှန်တာ"

"သေရောလား . . ."

"မသေသေးဘူး၊ အရှိန်ကပြင်းတော့ လူက အဝေးကြီး ကို လွင့်ထွက်သွားတာ၊ ခပ်လှမ်းလှမ်းက အုတ်နံရံကို သွားမှန်တယ်၊ ဒုန်းဆို သွေးတွေက ဖြာခနဲပဲ"

"သေသွားပြီလားဟင်"

"မသေသေးဘူး"

"ဟင် . . . ဟုတ်လား၊ တော်တော်အသက်ပြင်းတာပဲ နော်"

"ဇာတ်နာအောင်လို့လေ၊ ဇာတ်နာအောင်လို့၊ အဲဒီလို နံရံနဲ့ဆောင့်ပြီး အောက်ပြန်ပြုတ်အကျမှာ ခွေးတစ် ကောင်က အစာမှတ်ပြီး ပြေးဟပ်တယ်"

သူ့ဆီက အာမေဋိတ်သံတစ်ခု ထွက်သွားပြီး မှ . . .

"သေ . . . သေသွားပြီပေါ့နော်"

"မသေသေးဘူး၊ ပေါင်တစ်ခြမ်းပဲ့ပါသွားတယ်"

"အောင်မယ်လေးလေး . . . တော်တော်ဆိုးတဲ့ ဘဝ ပါလား"

"အဲဒီမှာ သူပြုတ်ကျသွားတာက ပုရွက်ဆိတ်အုံပေါ် ကိုလေ၊ ဒီမှာတင်ပဲ ပုရွက်ဆိတ်တစ်ကောင်က စိတ်ဆိုး

www.burmeseclassic.com



မာန်ဆိုးနဲ့ ထ,ကိုက်လိုက်တာ ပွဲချင်းပြီးပဲ ...”

“အ ... အခုမှ တကယ်သေသွားတာပေါ့နော်”

“အင်း ... ဟုတ်တယ်၊ ဒါပေမယ့် ဇာတ်လမ်းက မပြီးသေးဘူး”

“ဟင် ... ဘာ ... ဘာကျန်သေးလို့လဲဟင် ...”

“အကြီးကောင်နဲ့ မင်းသမီး ကျန်သေးတယ်လေ၊ ဇာတ်သိမ်းကျတော့ မင်းသမီးက အကြီးကောင်ကို တွန်းလှည်းလေးတစ်ခုပေါ် တင်ပြီး တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်တောင်းနေပုံနဲ့ သိမ်းထားတယ်၊ ကဲ... မင်းသားလိုချင်တဲ့ အကယ်ဒမီ ဘယ်ပြေးမလဲ”

“ဟုတ် ... ဟုတ်တယ်နော် ... ကြိုက်တယ်ဗျာ၊ ရိုက်မယ်၊ ဒီဇာတ်လမ်းကို”

သူမက ‘ဒါမျိုးပဲဖြစ်ရမယ်လေ’ဆိုတဲ့ ပုံစံမျိုးနဲ့ ပြုံးတယ်။ ညချမ်းမျက်လုံးထဲမှာကတော့ အကယ်ဒမီရွှေစင်ရုပ်ထုကြီးကိုကိုင်မြှောက်ထားတဲ့ သူ့ကိုယ်သူ ပြန်မြင်ယောင်လာတယ်။

အင်း ... အချိန်ကလည်း တော်တော်ကြာသွားခဲ့ပြီ။

□□□







# ဇာတ်ကွက် (၁၁)

ရှုတင်ကအပြန် ကားကို ခပ်ဖြေးဖြေးပဲမောင်းလာရင်းကနေ တစ်နေရာအရောက်မှာတော့ လမ်းဘေး Billboard တစ်ခုကြောင့် ကားကိုရပ်လိုက်မိတယ်။ သူကြည့်မိတဲ့ Billboard က သံစဉ်လှလှရဲ့ ရေသန့်ကြော်ငြာပုံ။ ဝတ်ထားတဲ့ အဝတ်အစားနဲ့ ပို့(စ်)ပေးထားပုံက လုံးဝကို Sexy ဒီဇိုင်း။ ရေသန့်ကြော်ငြာလား၊ အရက်ကြော်ငြာလား မှားချင်စရာပင်။ ထားပါတော့။ ဒါက အခုခေတ်ကြော်ငြာ Billboard တွေရဲ့ ထုံးစံတစ်ခုလို ဖြစ်နေပြီဆိုတော့ မထူးဆန်းတော့။ ဒါပေမယ့် သူမနှုတ်ခမ်းပေါ်မှာက နှုတ်ခမ်းမွှေးကြီးနဲ့။ ဘယ်သူက လက်ကမြင်းသွားလဲတော့ မသိ။ ဆော့ပင်နက်နဲ့ ဆွဲသွားတာ။ ကြည့်ရတာ ဘယ်လိုမှ အဆင်မပြေ။ Sexy အထာနဲ့ ကောင်မလေးက နှုတ်ခမ်းမွှေးကြီးနဲ့တဲ့။

www.burmeseclassic.com



သူက ခေါင်းရမ်းလိုက်ကာ နှုတ်ခမ်းမွေးကြီးကို ဖျက်ပစ်ဖို့ တစ်ရှူးအတော်များများကိုထုတ်ကာ ရေဆွတ်လိုက်တယ်။ နောက်တော့ ကားပေါ်ကဆင်းပြီး နှုတ်ခမ်းမွေးကြီးကို ဖျက်လိုက်တယ်။ ဒါပေမယ့် နှုတ်ခမ်းမွေးက တော်တော်နဲ့ မပျက်။ အားထည့်ပြီး တော်တော်ကြာအောင်ဖိပွတ်လိုက်မှ ပြောင်သွားတော့တယ်။

Celebrity တစ်ယောက်ဖြစ်ရတာ ဒီလိုနေရာမှာတော့ မကောင်းချေ။ မိမိတို့ဓာတ်ပုံတွေဟာ နေရာတကာမှာ ပလူပျံလျက်။ အမှိုက်ပုံးတွေထဲမှာရော၊ လမ်းပေါ်မှာရော၊ အိမ်သာတွေထဲမှာရော။ ဘယ်လောက်ဆိုးလိုက်တဲ့ အဖြစ်လဲ။

သူက စိတ်ကြိုက်ပြောင်နေအောင်ဖျက်ပြီးတော့မှ ကားပေါ်ပြန်တက်လာခဲ့သည်။ ပြီး သူမကိုတစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ကားကိုဆက်မောင်းလာခဲ့လိုက်တယ်။

ဒီမြင်ကွင်းကို မလှမ်းမကမ်း ကားပေါ်ကနေလှမ်းကြည့်နေမိတာက သံစဉ်လှလှ။ သူမကလည်း ဒီလမ်းထိပ်က သူမကြော်ငြာပုံမှာ နှုတ်ခမ်းမွေးကြီးတပ်ထားတယ်ဆိုပြီး မာမီညိုကလေးပြောဆီက ဖုန်းဝင်လာလို့ ဖျက်မယ်ဆိုပြီး ထွက်လာတာ။ အခုတော့ သူမအရင် ညချမ်းက အရင်ရောက်ပြီး ဖျက်သွားပြီ။





သူမရင်ထဲမှာ တစ်မျိုးလေးခံစားလိုက်ရတယ်။ မီးငြိမ်းသွားပြီလို့ ထင်ထားတဲ့ မီးဖိုဟောင်းတစ်ခုဆီက လေတစ်ချက်အဝေ့မှာ မီးခိုးလေးတွေပြန်အူလာတဲ့ပုံစံမျိုးပေါ့။

□□□

www.burmeseclassic.com



၀၀၀

ဒီနေ့ ဆေးရုံမှာ night duty ကျတာမို့ ဆေးရုံမှာပဲ လူနာတွေနဲ့ နပမ်းလုံးနေရတယ်။ ညခုနစ်နာရီခွဲလောက်မှာ Heart attack လူနာတစ်ယောက်ရောက်လာတာနဲ့ ဆေးရုံထဲမှာ တာဝန်ကျဆရာ၊ ဆရာမတွေ ပျာယာခတ်သွားရတယ်။ ဒါပေမယ့် သူတို့ မော်ပန်းရကျိုးနပ်စွာနဲ့ပဲ လူနာရဲ့အသက်ကို ကယ်တင်လိုက်နိုင်ပါတယ်။

အခြေအနေအားလုံး ငြိမ်သွားပြီဆိုမှ သူက နားနေခန်းထဲဝင်လာကာ အိပ်ချဉ်ပြေ ကော်ဖီတစ်ခွက်ဖျော်သောက်နေစဉ်မှာပဲ . . .

"ဒေါက်တာ . . . အရေးပေါ် Case၊ အရေးပေါ်၊ အူအတက်ပေါက်လို့တဲ့၊ လူနာတစ်ယောက်ရောက်လာတယ်"







ဆိုပြီး Nurse တစ်ယောက်လာပြောတာနဲ့ သောက်လက်စကော်ဖီခွက်ကို ချထားခဲ့ကာ ပြေးရပြန်တယ်။ လူနာဆီရောက်လို့ ကြည့်လိုက်မိတော့ သူ လုံးဝထင်မှတ်မထားခဲ့သူ။ လွန်းပုညလမင်း . . .။

သူမမျက်နှာက နာကျင်မှုဝေဒနာကြောင့် ဖြူဖျော့လျက်။ တစ်ချက်တစ်ချက် အံကြိတ်တောင့်ခံထားတဲ့ကြားက ညည်းညူသံသဲ့သဲ့ ထွက်,ထွက်လာတယ်။

သူ့ကိုမြင်တော့ သူမမျက်လုံးတွေမှာ အရောင်တွေ တစ်ချက်လက်သွားသလိုပါပဲ။ သူက သူ့ကိုယ်သူ သတိမထားမိခင်မှာပဲ သူမလက်ကို ဆုပ်ကိုင်ထားမိလိုက်တယ်။ သူ့နှုတ်က တစ်ခုခုပြောဖို့ ပြင်ဆင်မှာပဲ သူမက သတိလစ်သွားတယ်။ သူမအတွက် စိုးရိမ်မှုက ဒီဂရီအမြင့်ဆုံး ထိုးတက်တယ်။

"ဟာ . . . လူနာသတိလစ်သွားပြီဟေ့၊ အမြန် . . . အမြန်ပြင် . . . Operation ဝင်မယ်"

နောက်တော့ Operation ကိစ္စနဲ့ အလုပ်ရှုပ်သွားပြန်တယ်။ သူမသာ တစ်ခုခုဖြစ်သွားရင်ဆိုတဲ့အတွေးက သူ့ကို ရူးသွပ်သွားစေတယ်။ ဒါဟာ သူ့ရင်ထဲမှာ ငုပ်လျှိုးနေတဲ့ တစ်စုံတစ်ရာကြောင့်လေလား . . .။

၀၀၀

www.burmeseclassic.com



သူမ သတိရလာတော့ ဆေးနံ့တွေထုံမွှမ်းနေတဲ့ အခန်းတစ်ခုထဲကို ရောက်နေတာ သိလိုက်တယ်၊ အနားမှာရှိနေတာက အိမ်က အံကူကောင်မလေးနဲ့ ဖိုးလမင်း။ အကူကောင်မလေးက သူမသတိရလာတာကိုမြင်တော့ . . .

"ဟယ် . . . မမ သတိရလာပြီလား . . ."

"အင်း . . . မေမေတို့ရော"

"အောက်ထပ်ဆင်းသွားတယ်၊ ကျွန်မ သွားခေါ်လိုက်ဦးမယ်နော် . . ."

ဆိုပြီး အပြင်ကို သုတ်သုတ် သုတ်သုတ်နဲ့ ထွက်သွားတော့ အခန်းထဲမှာ သူမနဲ့သူသာ ကျန်နေခဲ့တယ်။ သူမနဲ့သူ အချိန်တတော်ကြာ မျက်လုံးချင်းဆုံသွားကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာစကားမှတော့ မပြောဖြစ်ကြသေး။

ပြီးမှ သူက သူမခုတင်ဘေးက ခုံမှာဝင်ထိုင်လိုက်ကာ . . .







"ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား"

"အင်း . . . သက်သာပါတယ် . . ."

နောက်တော့ စကားစကပြတ်သွားပြန်တယ်၊ သူမနဲ့သူ့ကြားမှာ ဘာမှ ကာရံထားတာမရှိဘဲနဲ့ အလွှာပါးပါးတစ်ခုတစ်ရာက ခြားနားထားသလိုပါပဲ။ ဒီအခိုက်မှာပဲ သူက တစ်ခုခုကို သတိရသွားဟန်နဲ့ . . .

"ဟို . . . မင်းသားသိပြီးပြီလား"

"ဘာကိုလဲ"

"လမင်းဆေးရုံတက်နေတာကိုလေ . . ."

သူမက ဖျော့တော့စွာပြုံးလိုက်ရင်း . . .

"ဖိုးလက . . . တကယ်ထင်နေတာလား"

"ဘာကိုလဲ . . ."

"ကျွန်မနဲ့ မင်းသားညချမ်းတွဲနေတယ်ဆိုတာကိုလေ"

သူမစကားကြောင့် သူ့ရင်ထဲ ဗိန်းခနဲဆောင့်ခုန်မြည်ဟီးကာ ရှိန်းခနဲဖြစ်သွားတယ်။ သူက ဇဝေဇဝါဟန် နဲ့ . . .

"ဒါဆို . . ."

ဒီလောက်သာပြောပြီး သူ့စကားက ဆက်ထွက်မလာတော့ သူမကပဲ စကားကိုဆက်ပေးလာတယ်။

"ဟုတ်တယ်၊ ကျွန်မနဲ့ မင်းသားညချမ်းက ရိုးရိုးသာမန်မိတ်ဆွေတွေပါပဲ"

www.burmeseclassic.com



သူမစကားအဆုံး သူ့ရင်ထဲမှာ လှိုက်ခနဲ။ ဒီအချိန်မှာပဲ အပြင်ဘက် လျှောက်လမ်းဆီက ခြေသံတွေကို ကြားလိုက်ရတယ်။ သူမရဲ့မိဘတွေ ရောက်လာကုန်ပြီလားမသိ။

သူက ထိုင်ရာမှ ထရပ်လိုက်ကာ . . .

"ကိုယ်သွားတော့မယ်နော် . . . "

ဆိုပြီး လှည့်ထွက်လာပြီးမှ တစ်စုံတစ်ရာကို သတိရသွားတော့ သူမဆီကို ခပ်မြန်မြန် ပြန်လှည့်သွားလိုက်ကာ သူမကို အနူးညွှတ်အချိုသာဆုံး ကြည့်လိုက်ရင်း . . .

"ကိုယ်ပြောဖို့ တစ်ခုမေ့နေလို့၊ ကိုယ်နဲ့ မခင်ခင်လှအောင်နဲ့ကလည်း သာမန်မိတ်ဆွေတွေပဲသိလား"

လို့ပြောပြီး လှည့်ထွက်လာခဲ့လိုက်တယ်။ သူမတော့ ဘယ်လိုဖြစ်ကျန်ခဲ့တယ်မသိ။ သူ့ရင်ထဲမှာတော့ ကြည်နူးခြင်းရထားတစ်စင်း ခုတ်မောင်းသွားတယ်။

□□□







# ဇာတ်ကွက် (၁၂)

သံစဉ်လှလှက အတွဲခွေတစ်ခွေမှာ သီချင်းတစ်ပုဒ်ဆိုစရာရှိတာမို့ သီချင်းစာသားကျက်နေတုန်းမှာပဲ အနား ကို သူမအမေ ရောက်လာတယ်။

"သမီးရေ . . . မောင်ဝင့်ကြွားမိဘတွေကတော့ လောနေပြီ၊ မင်္ဂလာပွဲကို စီစဉ်ချင်ပြီတဲ့၊ သမီးက အခုမှ နှစ်ဆယ် ကျော်ပဲရှိသေးတာဆိုပေမယ့်၊ သူ့တို့သားက သုံးဆယ်ကျော်နေပြီဆိုတော့ အိမ်ထောင်လေးဘာလေးနဲ့ အတည်တကျလေးဖြစ်ချင်ပြီတဲ့၊ အဲဒါ သမီးသဘောကရော"

မေမေ့စကားကြောင့် သူမလက်ထဲမှာကိုင်ထား တဲ့ သီချင်းစာရွက်ကို စားပွဲပေါ် တင်ထားလိုက်တယ်။ ပြီးတော့ သူမမျက်လုံးထဲမှာ ကိုဝင့်ကြွားရဲ့ မျက်နှာကဝင်လာတယ်။ သူမ ဝင့်ကြွားကို မချစ်ပါ။ သူမ သဘောကျသောပုံစံမျိုးလည်း မဟုတ်။ အချစ်မပါဘဲ အိမ်ထောင်တစ်ခုကို ထူထောင်လိုက်လျှင် အကျိုးဆက်က ဘာတွေဖြစ်လာမှာပါလိမ့်။ ဒါက စဉ်း

www.burmeseclassic.com



စားရမည့် အရေးအကြီးဆုံးအချက်ပင်။

နောက်ပြီး အဲဒီထက်အရေးကြီးတာက သူမ နှလုံးသား။ ညချမ်းအပေါ်တွင် သူမနှလုံးသားက စိတ်မကုန်သေးချေ။ ဒါကို တစ်နေ့ကမှ သိလိုက်ရတာပါ။ ဘယ်သူ လက်ဆော့သွားမှန်းမသိတဲ့ သူမ Billboard ပေါ်က နှုတ်ခမ်းမွှေးကြီးကို ဖျက်နေသော ညချမ်းပုံရိပ်က အိပ်ပျော်နေသော သူမနှလုံးသားကို တစ်ဖန်ပြန်လည်နိုးထလာအောင် လှုပ်နှိုးလိုက်တာပင်။

ဒါပေမယ့် ညချမ်းက နောက်တစ်ယောက်နဲ့ တွဲနေပြီ။ ဒါကိုတွေးလိုက်မိတော့ သူမစိတ်ထဲ မောဟိုက်သွားရတယ်။ သူမနှလုံးသားက အခုချိန်ထိ မပြောင်းလဲဘဲတည်ရှိနေသလောက် ညချမ်းနှလုံးသားကတော့ ရင်ခွင်ပြောင်းသွားခဲ့ပြီ။

မိန်းမတွေရဲ့ အချစ်သက်တမ်းဟာ ယောကျာ်းတွေရဲ့ အချစ်သက်တမ်းထက် ပိုရှည်တတ်ပါသလား။

သူမက သက်ပြင်းမောတစ်ခုကို ချလိုက်ပြီး...

"သမီး ... ကိုဝင့်ကြွားနဲ့ စကားပြောကြည့်ပါဦးမယ်..."

□□□







Now studio ကနေ recording လုပ်ပြီး ပြန်အလာမှာ ကားက ဘီးပေါက်သွားတယ်။ အချိန်က ညနေစောင်းအချိန်ကြီး။ အဖော်ကလည်းမပါ။ သူမတစ်ယောက်တည်း။ စပယ်ယာဝိုးတွေ၊ ခွတွေဘာတွေလည်း မပါ။ ပါရင်တောင်မှ သူမဘာမှ လုပ်တတ်မှာမဟုတ်။

သူမက စိတ်ရှုပ်ရှုပ်နဲ့ ကားဘီးကို တစ်ချက်ဆောင့်ကန်ပစ်လိုက်ကာ "ကျွတ်" ခနဲ ရေရွတ်လိုက်မိတယ်။ ပြီးမှ သူမက အိမ်ကို အကျိုးအကြောင်းလှမ်းပြောမြီး အသိ Workshop တစ်ခုခုကိုပါ လှမ်းအသိပေးဖို့ကားဒက်(ရှ်)ဘုတ်ပေါ်က ဖုန်းကိုလှမ်းယူလိုက်တယ်။ နောက် ... ဖုန်းခလုတ်တွေကို နှိပ်နေတုန်းမှာပဲ ...

"ညီမလေး ... အစ်ကိုတို့ ဘာကူညီပေးရမလဲ"

ဆိုတဲ့အသံနဲ့အတူ သူမနှာခေါင်းထဲကို အရက်နံ့စူးရှရှက တိုးဝင်လာတယ်။ ကြည့်လိုက်တော့ လူလတ်ပိုင်း

www.burmeseclassic.com



အရွယ် ယောကျ်ားသားနှစ်ယောက်။ သူမက အခြေအနေသိပ် မဟန်မှန်း သိလိုက်တော့ . . .

"ရတယ် . . . ရတယ်၊ ကျွန်မဘာသာ ဖြေရှင်းတတ်တယ်"

လို့ ပြောပြီး ငြင်းလိုက်တယ်။ ဒါပေမယ့် ၎င်းတို့က ထွက်မသွားသေးဘဲ ပေကပ်ရပ်နေကြကာ . . .

"မရပါနဲ့ ညီမလေးရယ်၊ အစ်ကိုတို့က မေတ္တာနဲ့ကူညီပေးမှာပါ၊ နော် . . . အဟား . . . ဟား . . ."

"ရပါတယ်ဆို၊ ကျွန်မရှင်တို့ဆီက ဘာအကူအညီမှ မလိုဘူး၊ ရှင်တို့သွားတော့"

"ဟား . . . လေသံကရင့်လှချည်လားကွာ၊ အစ်ကိုတို့က စေတနာနဲ့ပါ၊ နော် . . . ဟေ့ကောင်"

"အေးလေ . . . ဟား . . . ဟား . . . ဟား . . ."

ပြောပြီး သူတို့နှစ်ယောက်က သူမအနားကို ပိုပြီး တိုးကပ်လာကြတယ်။ သူမက နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်ရင်း . . .

"ရှင်တို့ကို သွားတော့လို့ ပြောနေတယ်နော်၊ ကျွန်မ အော်လိုက်ရမလား . . ."

"အဟား . . . ဟား . . . ဟား . . . ဟေ့ကောင် သူက အော်မလို့တဲ့ . . . ဟား . . . ဟား . . . ဟား"









"ငါတို့စေတနာကိုမှ သူ မသိသေးတာ၊ သိသွားရင် အော်မှာမဟုတ်တော့ဘူး၊ အဟီး . . . ဟီး . . . ဟီး ဟေ့ကောင်၊ နေဦးကွ၊ သူ့ကို သေချာကြည့်စမ်း၊ တစ်ယောက်ယောက်နဲ့တူသလိုပဲ"

အမူးသမားတစ်ယောက်ရဲ့စကားကြောင့် သူမ လန့်သွားရပြီး မျက်နှာကို ဟိုဘက်လှည့်ထားလိုက်မိတယ်။ ဒီအချိန်မှာပဲ သူမတို့ဘေးကို ကားတစ်စင်းက ဝေါခနဲ ထိုးဆိုက်လာပြီး ကားပေါ်က လူတစ်ယောက်ဆင်းလာတယ်။ ကြည့်လိုက်တော့ . . .

"ညချမ်း"

သူမနှုတ်က ရေရွတ်သံတစ်ခု ထွက်သွားတယ်။ ဒါပေမယ့် ညချမ်းက သူမကို အာရုံမစိုက်ဘဲ ကားနောက်ခန်းထဲကနေ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်တယ်။ ညချမ်းလက်ထဲမှာပါလာတာက ဘေ့(စ်)ဘောရိုက်တံတစ်ခု။ နောက်တော့ သူက ထိုတုတ်နှင့်ပင် အမူးသမားနှစ်ယောက်ကို တဖြောင်းဖြောင်း ဝင်တီးတော့တာပဲ။ အစတော့ အမူးသမားနှစ်ယောက်က ကြောင်တောင်တောင်။ ပြီးတော့ ခံချကြည့်သေးတယ်။ နောက်ဆုံးကျမှ မဟန်မှန်းသိတော့ ထွက်ပြေးပါလေရော။

ပြီးတော့ ညချမ်းကပါ သူမကို ဘာစကားမှ

www.burmeseclassic.com



မပြောဘဲ လှည့်ထွက်သွားတယ်။ ဘာဖြစ်တာပါလိမ့်။

"ညချမ်း"

သူမစကားကြောင့် သူ့ခြေလှမ်းတွေ ရပ်သွားတယ်။ ပြီးတော့ နောက်ကိုလှည့်ကြည့်လာပြီး သူမကိုမေးဆတ်ပြတယ်။ ဘာလဲဆိုတဲ့သဘော။

"ရှင်က ဘယ်သွားမလို့လဲ"

"ပြန်မလို့လေ"

"ဘယ်လို . . . ရှင် ကျွန်မကို ဒီအတိုင်းထားခဲ့မလို့ လား ကျွန်မကားက ဘီးပေါက်နေတာ"

သူက သူမကားဘီးကို တစ်ချက်ကြည့်လိုက်ပြီး . . .

"မင်းရည်းစားကို လှမ်းခေါ်လိုက်လေ၊ ငါ သွားစရာရှိသေးတယ်"

"ရှင် . . . ရှင် လူမှ ဟုတ်ရဲ့လား၊ အဲဒါတွေကြောင့် ရှင့်ကို ကျွန်မက မုန်းတာ"

သူမစကားက သူ့ကို အထိနာသွားစေတယ်။ သူ့ရဲ့ မခံချင်စိတ်က မြွေဟောက်တစ်ကောင်လို ပါးပျဉ်းထောင်လာရင်း . . .

"မင်း . . . ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ၊ ရှင်က သိပ်ကို မုန်းဖို့ကောင်းတဲ့လူ







စာနာစိတ်မရှိတဲ့လူ၊ အပြောင်းအလဲမြန်တဲ့လူ"

"ဘာ . . . ငါက အပြောင်းအလဲမြန်တယ် . . . ဟုတ်လား၊ ဟာသတွေ လာပြောမနေနဲ့၊ အပြောင်းအလဲမြန်တာက ငါမဟုတ်ဘူး၊ မင်းကွ . . . မင်း"

"ကျွန်မက ဘယ်မှာအပြောင်းအလဲမြန်လို့လဲ"

"ဟား . . . ငါလုပ်လိုက်ရင်တော့ မင်းသေတော့မယ်၊ ငါနဲ့လမ်းခွဲပြီး မကြာခင်မှာပဲ ကိုဝင့်ကြွားနဲ့ မင်း စေ့စပ်ခဲ့တာလေ၊ အဲဒါ အပြောင်းအလဲမြန်တာပေါ့"

"အဲဒါက လူကြီးတွေ စီစဉ်တာလေ၊ ကျွန်မ စိတ်ပါလို့မှ မဟုတ်တာ၊ ရှင်ကမှ စိတ်ပါပါကြီးနဲ့ စာရေးဆရာမ လွှန်းပုညလမင်းကို ကောက်တွဲပစ်လိုက်တာ၊ အဲဒါကမှ အပြောင်းအလဲမြန်တာလို့ခေါ်တယ် သိလား . . ."

ပြောနေရင်းကနေ ဒဏ်ရာဟောင်းက အသစ်ဖြစ်ပြီး သူမမျက်ဝန်းမှာ မျက်ရည်တွေ ဝဲတက်လာတယ်။ သူမနဲ့ ဆန့်ကျင်စွာပဲ ညချမ်းကတော့ ခေါင်းမော့ကာရယ်တယ်။ ဒါပေမယ့် သူ့ရယ်သံက အသက်မပါ။

"မင်းမှားနေပြီ၊ မင်းမှားနေပြီ . . . ငါနဲ့ လွှန်းပုညလမင်းက မင်းထင်သလို တကယ့်ချစ်သူတွေမဟုတ်ဘူးကွ၊ မင်းကိုမခံချင်လို့ တမင်ဟန်ဆောင်ပြီး တွဲပြခဲ့တာ မင်း မမြင်ပါဘူး၊ ငါ့ရင်ဘတ်ထဲက ခံစားချက်တွေကို မင်း

www.burmeseclassic.com



မမြင်ပါဘူး"

"ရှင်ကရော . . . ရှင်ကရော ဘာထူးလို့လဲ၊ ကျွန်မရင်ထဲကို မြင်အောင်ကြည့်ခဲ့ဖူးလို့လား . . ."

သူမရဲ့အသံက ခံစားချက်ကြောင့် တော်တော်လေးကျယ်သွားတယ်။ ပြီးတော့ မျက်ရည်တွေက မျက်ဝန်းထဲမှာ မဆုံတော့သည့်အလား ပါးပြင်ပေါ်ကို လျှံကျလာတယ်။ နောက်တော့ သူမက နေရာကနေလှည့်ထွက်သွားဖို့ဖြစ်တယ်။

ဒါပေမယ့် သူမရဲ့ လှုပ်ရှားမှုက အထ,မမြောက်လိုက်။ နောက်ဘက်ဆီကနေ သူမရဲ့လက်တစ်ဖက်ကို ဖမ်းဆွဲထားခြင်းခံလိုက်ရတယ်။

□□□







"စေ့စပ်ကြောင်းလမ်းမှုကို ဖျက်သိမ်းခြင်း" ဆိုတဲ့ မြန်မာ့အလင်းနေ့စဉ် သတင်းစာပါ သတင်းတစ်ပုဒ်ကို ဖတ်ရင်း သူမ တော်တော် အံ့ဩသွားရတယ်။ ဘယ်လိုဖြစ်ရတာပါလိမ့်။

သူမအတွေးမဆုံးခင်မှာပဲ သူမရဲ့ လက်ကိုင်ဖုန်းက မြည်လာခဲ့တယ်။ နံပါတ်က အစိမ်း။

"ဟယ်လို . . . ခင်ခင်လှအောင်ပြောနေပါတယ်"

"ကိုယ်ပါ . . ."

ရင်းနှီးပြီးသား အသံတစ်ခုကြောင့် သူမရဲ့နှုတ်တွေ ဆွံ့အ,သွားရတယ်။

"သတင်းစာဖတ်ပြီးပြီလားဟင်"

"အင်း . . . အခုပဲဖတ်ပြီးတာ၊ ဘယ်လိုဖြစ်ရတာလဲဟင်"

"အချစ်ကြောင့်ပါ"

"ဘယ်လို!"

သူ့ရဲ့အဖြေစကားက သူမကို နားရှုပ်သွားစေ

www.burmeseclassic.com



တယ်။ ဒါကိုပဲ သူက သဘောကျသွားသလို တစ်ချက်ရယ်လိုက်ကာ . . .

"အချစ်က နည်းနည်းခေါင်းမာတယ်၊ ကိုယ်ခိုင်းတဲ့အတိုင်း လမ်းသစ်ကိုမလျှောက်ဘဲ လမ်းဟောင်းကိုပဲ ပြန်ပြန်လျှောက်ချင်နေတာလေ၊ အဲဒါကြောင့် စေ့စပ်ပွဲကို နှစ်ဦးသဘောတူ ဖျက်သိမ်းလိုက်ကြတာ . . ."

အစတော့ သူ့စကားကို သူမ တန်းပြီး သဘောမပေါက်။ တွေးရင်းတွေးရင်းနဲ့မှ သဘောပေါက်လာချိန်မှာ တော့ သူ့ဘက်က ဖုန်းချသွားခဲ့ပြီ။

□□□





တရားခံတိုင်းဟာ . . .

ကိုယ်ပြစ်မှုကျူးလွန်ထားတဲ့

အခင်းဖြစ်ပွားရာနေရာကို . . .

နောက်တစ်ခေါက်ရောက်အောင် ပြန်လာတတ်ကြတယ်တဲ့

အဲဒီလိုပဲ . . .

လူတိုင်းလူတိုင်းဟာလည်း . . .

ကိုယ့်ရဲ့အချစ်ဦးဆီကို . . .

နောက်တစ်ခေါက် ပြန်ခိုဝင်တတ်ကြတယ်။

□□□

www.burmeseclassic.com



# ဇာတ်ချုပ် (I)

ညချမ်းက သူ့ပခုံးပေါ်မှာ ခေါင်းမှီပြီး ကြယ်တွေကို ရေတွက်နေတဲ့ သံစဉ်လှလှကို အသာထွေးပွေ့ထားရင်း က . . .

"ဒီတစ်ခါ ကိုယ်တို့ မခွဲတော့ဘူးနော် . . ."

"စိတ်ချ . . . ကျွန်မကတော့ ရှင့်ကိုစပြီး ခွဲမသွားဘူး၊ အဲ . . . ရှင်က ကျွန်မကို ခွဲသွားမယ်ဆိုရင်တောင် ဒီတစ်ခါတော့ ကျွန်မက အလွတ်ပေးမှာ မဟုတ်ဘူး သိလား၊ ရှင့်အမြီးကို ဆွဲထားမှာ . . ."

သူမစကားကြောင့် ညချမ်းက အော်ရယ်တယ်။ အခုတော့ သူတို့တွေရဲ့ နှလုံးသားရပ်ဝန်းမှာ တိမ်ကင်းစင်နေပါတယ်။

□□□







# ဇာတ်ချုပ် (II)

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေအဝှေ့မှာ လွန်းပုညလမင်းရဲ့ဆံနွယ်တွေက နောက်ဘက်ဆီကို လွင့်ပါးသွားတယ်။ သူမမျက်လုံးတွေကတော့ စာအုပ်တစ်အုပ်ကို ဖတ်လျက်။ သူမဖတ်နေတဲ့စာအုပ်က စာရေးဆရာ "မင်းလူ"ရဲ့ "မျှောက်လက်"။

သူမဘေးက ဖိုးလမင်းကတော့ ဆေးစာအုပ်အထူကြီးတစ်ခုကို စိတ်ဝင်တစားဖတ်လို့။

နှစ်ယောက်သားဖတ်နေတဲ့စာအုပ်တွေက လုံးဝဆန့်ကျင်ဘက်။ ဒါပေမယ့် သူတို့တွေရဲ့ နှလုံးသားတွေကတော့ တူညီသောလမ်းတစ်ခုပေါ်မှာ လျှောက်လျက်။

□□□

www.burmeseclassic.com



# ဇာတ်ချုပ် (III)

ဝင့်ကြွားနဲ့ ခင်ခင်လှအောင်က အအေးဆိုင်တစ်ခုမှာ ဝင်ထိုင်လိုက်ကြတယ်။ ပြီးတော့ ခင်ခင်လှအောင်က Waiter လေးကို လက်ယပ်ခေါ်လိုက်ပြီးနောက် . . .

"စတော်ဘယ်ရီလက်ဖျော်တစ်ခွက်ပေးပါ၊ ပိုက်နှစ်ချောင်းတပ်ခဲ့နော်"

လို့မှာတယ်။ ဒါကို ဝင့်ကြွားက အထစ်ထစ်အငေါ့ငေါ့နဲ့ . . .

"နှစ် . . . နှစ်ခွက်မှာလေ ခင်ခင်ရဲ့ ဘာ . . . ဘာလို့ တစ်ခွက်တည်းမှာရတာလဲ၊ ကိုယ် . . . ကိုယ် ရှင်းပါ့မယ် . . ."

"အို . . . ကိုကြွားကလည်း ဘာလို့နှစ်ခွက်မှာမှာလဲ၊ ပိုက်ဆံကုန်ပါတယ်၊ တစ်ခွက်တည်းကိုပဲ နှစ်ယောက်အတူသောက်မယ်လေ၊ Romantic တောင် ဖြစ်သေးတယ် . . ."

ခင်ခင်လှအောင်စကားကြောင့် ဝင့်ကြွားက ရှက်ကိုးရှက်ကန်းပုံစံနဲ့ ပြုံးတယ်။ သူ့အထာကို သူမ ကောင်းကောင်း နပ်နေချေပြီ။ ထားပါတော့ . . . အမိကအရေးကြီး







တာက ဒီနေ့အတွက် ရာသီဥတုက အချစ်နှင့်အနီးတပိုက်မှာ သာယာနေဖို့ပဲ မဟုတ်လား။

□□□

ဘဝအမေမောများ ပြေပျောက်နိုင်ကြပါစေ . . .

ကြိုးစားလျက် . . .

ရာဇဝင်ကို

4:10 (AM)

22nd - April - 2012

Sunday.

www.burmeseclassic.com





"Bonus poem"

## "ယောက်ျားလေးနဲ့ မိန်းကလေး"

♥ ယောက်ျားလေးဆိုတာ လိုရာစီးဆင်းနိုင်တဲ့ ရေစီးကြောင်း
မိန်းကလေးဆိုတာ ကန်သင်းရိုးတွေနဲ့ တူးမြောင်း။

♥ ယောက်ျားလေးဆိုတာ သန်မာမှုတွေနဲ့ ဆူးတစ်ခက်
မိန်းကလေးဆိုတာ နူးညံ့မှုတွေနဲ့ဖက်ရွက်။

♥ ယောက်ျားလေးဆိုတာ ဦးဆောင်မှုတွေနဲ့ သစ်တစ်ပင်
မိန်းကလေးဆိုတာ ရစ်ပတ်မှုတွေနဲ့ နွယ်တစ်မျှင်။

♥ ယောက်ျားလေးဆိုတာ အားမာန်ပြင်းတဲ့နေတစ်စင်း
မိန်းကလေးဆိုတာ မှိုင်းမှိုင်းလင်းတွေနဲ့ လမင်း။

♥ ယောက်ျားလေးဆိုတာ စိမ်းစိုဝေဆာတဲ့ကျွန်းဆွယ်
မိန်းကလေးဆိုတာ အနားသတ်ရှိပေမယ့် မမြင်ရတဲ့ ပင်လယ်။

www.burmeseclassic.com







♥ ယောက်ျားလေးဆိုတာ နားလည်ရခက်တဲ့ မော်ဒန်ဝတ္ထုတစ်အုပ်
မိန်းကလေးဆိုတာ ကာရံအချိတ်အဆက်တွေနဲ့ ဖွဲ့နွဲ့ထားတဲ့ ကဗျာတစ်ပုဒ်။

♥ ယောက်ျားလေးဆိုတာ လေတံခွန်လို ဝေဟင်ကိုတက်သည့်အမျိုး
မိန်းကလေးဆိုတာ ယိမ်းနွဲ့ကာကပ်ငြိမ်ပါလာတတ်သည့် အပ်ချည်ကြိုး။

♥ ယောက်ျားလေးဆိုတာ အရည်ပျော်လွယ်တဲ့ ရေခဲတစ်တုံးရဲ့ ခေတ်
မိန်းကလေးဆိုတာ ချိုပြင်းရှုရှိုဝေယစ်မူးစေတဲ့ ဝိုင်တစ်ခွက်။

♥ ယောက်ျားလေးဆိုတာ ရည်းစားစကားပြောခွင့်လိုင်စင်နဲ့
မိန်းကလေးဆိုတာ ချစ်ခွင့်ပန်ဖို့ လိုင်စင်မဲ့။

♥ ယောက်ျားလေးဆိုတာ ရွေးချယ်ခွင့်တွေနဲ့ နှလုံးသားရဲ့ သခင်
မိန်းကလေးဆိုတာ စောင့်မျှော်ခွင့်တွေနဲ့ နှလုံးသားရဲ့ ပိုင်ရှင်။

♥ ယောက်ျားလေးဆိုတာ ဖွင့်ထုတ်မှုတွေရဲ့ ရှေ့ပြေးလက္ခဏာ
မိန်းကလေးဆိုတာ စောင့်ထိန်းခြင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ သတ္တဝါ။

♥ ယောက်ျားလေးဆိုတာ အသည်းကွဲရင် ဆို့နင့်စွာရယ်တတ်တယ်
မိန်းကလေးဆိုတာ အသည်းကွဲတဲ့အခါ မျက်ရည်တွေနဲ့ ငိုတတ်တယ်။

♥ ယောက်ျားလေးဆိုတာ မြင့်မားမတ်စောက်တဲ့ တောင်တစ်လုံးဆိုရင်
မိန်းကလေးဆိုတာ အဲဒီတောင်ကို အုပ်ဖုံးတတ်တဲ့ တိမ်ဖြူတစ်စပဲ။